# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957


**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအားလောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ်မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိက ဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက် တနင်္လာနေ့။ Monday, 15 May 2017 (၇၉၂၅)


# Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကျင်းပ ဥရောပနှင့် အာရှနိုင်ငံများအကြား ကုန်သွယ်ရေးလမ်းပေါင်းစည်းရန် ပိုးလမ်းမကြီးစီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်



**Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပစဉ်။**

**ပေကျင်း မေ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ (CNCC)၌ ကျင်းပသည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

One Belt and One Road ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတ Vladimir Putin၊ တူရကီသမ္မတ Recep Tayyip Erdogan၊ အီတလီဝန်ကြီးချုပ် Paolo Gentiloni၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အကြီးအကဲ Christine Lagardeနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ဥရောပနှင့်အရှေ့ဥရောပနိုင်ငံများဖြစ်သည့် ဂရိ၊ ဘယ်လာရုစ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ အီသီယိုပီးယား စသည့် နိုင်ငံများမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က အဖွင့်အမှာစကားပြောကြားပြီး ရုရှားသမ္မတ Vladimir Putin၊ တူရကီသမ္မတ Recep Tayyip Erdogan နှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့**

## မြန်မာနိုင်ငံမှာလုပ်ဆောင်တဲ့ပြုပြင်ပြောင်းလဲမှုအတွက် အဓိကမောင်းနှင်အားက မြန်မာပြည်သူတွေပဲဖြစ်ပါတယ်

စာမျက်နှာ » ၉

## ပုဂ္ဂလိကကုမ္ပဏီမှ ဝယ်ယူထားသော ဘတ်စ်ကားသစ်များ YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲနိုင်တော့မည်

စာမျက်နှာ » ၁၁

## မောင်တောခရိုင် ပြည်သူ့ဆေးရုံ၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီး မကြာမီဖွင့်လှစ်မည်

စာမျက်နှာ » ၁၂




ကြေးမုံ

# နေဝင်ချိန်မျှော်လင့်ချက်အလင်းရောင်

နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အဓိကတာဝန်ယူဆောင်ရွက်ကြရသူများမှာ အစိုးရအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပါသည်။ ဝန်ထမ်းဟူသည်မှာ နိုင်ငံ့တာဝန်များကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း ပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကို ဆိုလိုပါသည်။ ဝန်ထမ်းဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့် မကိုက်ညီပါလျှင် ဝန်ထမ်းအဖြစ်မှ ပျက်ပြယ်ပါသည်။

ပြည်သူများမှာ နိုင်ငံသားတိုင်းလိုက်နာစောင့်ထိန်းရမည့် နိုင်ငံတော်၏ ဥပဒေ၊ စည်းကမ်းများနှင့်အညီ ပြုမူနေထိုင်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများမှာ ပြည်သူထဲမှပြည်သူဖြစ်သည့် အားလျော်စွာ နိုင်ငံတော်၏ဥပဒေ၊ စည်းကမ်းများအပြင် ဝန်ထမ်းတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းတို့ကိုပါ မပျက်မကွက်လိုက်နာရန်တာဝန်ရှိပါသည်။

နိုင်ငံသားများမှာ နိုင်ငံသားအခွင့်အရေးများကိုရရှိနိုင်သလို နိုင်ငံ့ဝန်ထမ်းများမှာ နိုင်ငံသားအခွင့်အရေးများအပြင် နိုင်ငံ့ဝန်ထမ်းခံစားခွင့်များကို တာဝန်ထမ်းဆောင်မှုကာလအလိုက် ရရှိခံစားကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများမှာ စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ မဖြစ်မနေအနားယူရမည့်ကာလအထိ ၎င်းတို့၏ဘဝများကို နိုင်ငံ့တာဝန်များအတွင်း နှစ်မြှုပ်ထားကြရပါသည်။

နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာဖြင့် ထမ်းဆောင်ခဲ့သော ဝန်ထမ်းတစ်ဦးအဖို့ ရသင့်ရထိုက်သော ခံစားခွင့်များရရှိပင်ရရှိသော်ငြားလည်း ၎င်းဝန်ထမ်း၏ဘဝအတွက် ခိုင်မာသောအာမခံချက်ရရှိရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဝန်ထမ်းတစ်ဦးသည် အသက် ၆၀ ပြည့်သောအခါ တာဝန်မှအနားယူရပါသည်။ တစ်နည်း အငြိမ်းစားယူကြရပါသည်။

နိုင်ငံ့ဝန်ထမ်းအများစုမှာ အိုးပိုင်အိမ်ပိုင်မရှိကြပါ။ ဌာနမှနေအိမ်ခန်းမရရှိလျှင် မိဘနေအိမ်တွင်လည်းကောင်း၊ ပြင်ပတွင်လည်းကောင်း ငှားရမ်းနေထိုင်ကြရပါသည်။ ဝန်ထမ်းတစ်ဦးအဖို့ရသည့်လစာငွေနှင့် မိသားစုပြည့်စုံအောင် ဖန်တီးနိုင်သည့်အခြေအနေမရှိပါ။ စုတတ်၊ ဆောင်းတတ်လျှင်ပင် ကိုယ်ပိုင်နေအိမ်တစ်လုံး ဝယ်ယူနိုင်လောက်သည့် အင်အားမရှိပါ။ စားဝတ်နေရေးအတွက် ဖြေရှင်းရင်း ဝန်ထမ်းဘဝကို အဆုံးသတ်ကြရပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကာလက လုပ်သက်ရင့်နိုင်ငံ့ဝန်ထမ်းများအား ဒဂုံမြို့သစ်(မြောက်ပိုင်း)နေရာများတွင် ဝန်ထမ်းအိမ်ရာကွက်များ ချထားပေးခဲ့ဖူးရာ အဆိုပါဝန်ထမ်းများအတွက် ဘဝနေဝင်ချိန်ကောင်းခဲ့ပါသည်။ ထို့နောက် ကျန်ရှိဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများနှင့် အလှမ်းဝေးသွားခဲ့ရာ လက်ရှိဝန်ထမ်းများ၏ ဘဝနေဝင်ချိန်မျှော်လင့်ချက်အတွက် ကင်းမဲ့သွားခဲ့ပါသည်။

မျက်မှောက်ကာလတွင် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ဘဝနေထိုင်ရေးအဆင်ပြေစေရန် နိုင်ငံတစ်ဝန်းတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးနေသည်ကို ကြားသိရသဖြင့် ဝမ်းမြောက်မိပါသည်။ နှစ်အလိုက် သက်ပြည့်အငြိမ်းစားယူမည့် ဝန်ထမ်းများအား စိစစ်လျက်ရှိပြီး အိုးပိုင်အိမ်ပိုင်မရှိသောဝန်ထမ်းများ တန်ဖိုးအလိုက် နေအိမ်တိုက်ခန်းများကို အရစ်ကျဝယ်ခွင့်ရအောင် စီစဉ်ဆောင်ရွက်နေမှုမှာ ဝန်ထမ်းများဘဝနေဝင်ချိန်အတွက် အာမခံချက်တစ်ခုဟု ဆိုနိုင်ပါသည်။

ယခုနှစ်ဇွန်လ ပထမပတ်မှစတင်ပြီး သုံးလအတွင်း နိုင်ငံတစ်ဝန်းတစ်ပြေးညီ အကောင်အထည်ဖော်နေပြီး ယခုဘဏ္ဍာနှစ်အကုန်မှစ၍ အကျိုးခံစားခွင့်စတင်ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန်အတွက် အခက်အခဲများ များစွာရှိနိုင်သော်လည်း နှစ်စဉ်အငြိမ်းစားယူမည့်ဝန်ထမ်းတစ်သောင်းခွဲခန့်အတွက် အိမ်ရာအစီအစဉ်ကို ပုံမှန်စီစဉ်ပေးမည်ဆိုသဖြင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းအားလုံးအတွက် အားတက်ဖွယ်ဖြစ်သည်။

ဝန်ထမ်းဟူသည်မှာ နိုင်ငံ့တာဝန်များကို သက်ဆုံးတိုင်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများဖြစ်၍ အဆိုပါ ဝန်ထမ်းများသက်ပြည့်အငြိမ်းစားယူပြီးနောက် ၎င်းတို့၏ဘဝနေဝင်ချိန် လုံခြုံစိတ်ချမှုရှိစေရေး ဆောင်ရွက်ပေးနေသည့် မျှော်လင့်ချက်ရောင်ခြည်အိမ်ရာအစီအစဉ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည်ဖြစ်သည်။ ။




## မြစိမ်းရောင်စီမံကိန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မေ ၁၄**

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့်ဝန်ထမ်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျိုက်မရောမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းကျေးရွာ မရင်းကုန်းကျေးရွာသို့ မေလ ပထမပတ်က သွားရောက်၍ ကျေးရွာမြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံကာ ငွေစာရင်း ဇယားထားရှိမှုများကို စစ်ဆေးပြီး ချေးငွေဖြင့် ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နေမှုများကို စစ်ဆေးခဲ့သည်။ **မင်းသန့်(ကျေးလက်)**

## ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ရေရှားပါးကျေးရွာများအတွက် သောက်သုံးရေအခက်အခဲမရှိစေရေး ရေသယ်ယာဉ်လှူဒါန်း

**ရန်ကုန် မေ ၁၄**

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ပူပြင်းခြောက်သွေ့သော နွေရာသီကာလရောက်သည့်အချိန်တိုင်း ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသော ဒေသများရှိ ပရဟိတအဖွဲ့အစည်းအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ပိုမိုကျယ်ပြန့်စွာ သောက်သုံးရေများ လှူဒါန်းနိုင်ရန်အတွက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၁၂ ရက်က အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်း (EMERGENCY RESCUE AND SOCIAL SUPPORT DEVELOPMENT ORGANIZATION) ရန်ကုန်သို့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။




အလားတူ ဖောင်ဒေးရှင်းသည် မေ ၁၁ ရက်ကလည်း ကျောက်ပန်းတောင်းမြို့နယ် Volunteer Group လူမှုကူညီရေးပရဟိတအဖွဲ့သို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ရာ ဖောင်ဒေးရှင်းအနေဖြင့် အမှန်တကယ် ရေရှားပါးခက်ခဲသော ဒေသများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရန်အတွက် မြန်မာနိုင်ငံအနှံ့အပြားတွင် ယနေ့အချိန်အထိ ရေဂါလန် ၃၀၀၀ဆံ့ ရေသယ်ယာဉ်အသစ် စုစုပေါင်း အစီး ၄၀ ကို ပေးအပ်လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(၀၁၀)

■

## ယာဉ်/လမ်းစည်းကမ်းများ ပညာပေးဟောပြော

**သီပေါ မေ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို အသုံးပြုမှုများပြားလာသည့်အလျောက် အန္တရာယ်ကင်းရှင်းစွာ စီးနင်းသွားလာနိုင်ရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ စီမံချက်ရေးဆွဲကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောမှုများကို ရပ်ကွက်၊ ကျေးရွာနှင့် လူစည်ကားရာနေရာများတွင် မေလဆန်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့နံနက် ၉ နာရီမှစတင်၍ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များဖြစ်သည့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု(သီပေါ)တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် ပူးပေါင်းအဖွဲ့များက မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဆွေးနွေးကြပြီး ဆိုင်ကယ်ဦးထုပ်မဆောင်းသူများကိုလည်း ဆိုင်ကယ်စီးတိုင်း ဦးထုပ်ဆောင်းကြရန် ဦးထုပ်များ ပေးအပ်သည်။

ဆက်လက်၍ အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သီပေါ)တပ်စိတ်မှ တပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့ က ညအချိန် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်နောက်မီးတပ်ရောင်ပြန်စတေကာများအား ဆိုင်ကယ် အစီးပေါင်း ၃၀၀ ကျော်တွင် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာစာသင်ကျောင်းအား ခြံစည်းရိုးကာရံ

**စေတုတ္တရာ မေ ၁၄**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ ကျေးရွာစာသင်ကျောင်း ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အောက်ပုံကျေးရွာ အလက(ခွဲ) ကျောင်းဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူထုဗဟိုပြုစီမံကိန်းနည်းပညာအကြံပေးအဖွဲ့များ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

စာသင်ကျောင်း ခြံစည်းရိုး၏ အရှည်မှာ ၉၅၅ ပေ၊ အမြင့် ၅ ဒသမ ၆ ပေ ဖြစ်ပြီး ငွေကျပ် ၈၈ သိန်းကျော် အကုန်အကျခံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု(တတိယနှစ်)စီမံကိန်းထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မေသူလွင်(မကွေးကိုယ်ပွား)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။


Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့နှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတ၊ သီရိလင်္ကာ၊ ပိုလန်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ်တို့ သီးခြားစီ တွေ့ဆုံဆွေးနွေး





**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတ H.E. Mrs. Doris Leuthard တို့ တွေ့ဆုံနှုတ်ဆက်စဉ်။(ဝဲပုံ)နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Erdenebat Jargaltulga တို့ တွေ့ဆုံဆွေးနွေးစဉ်။ (အပေါ်ပုံ)**

**ပေကျင်း မေ ၁၄**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတ၊ သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်၊ ပိုလန်နိုင်ငံဝန်ကြီးချုပ်နှင့် မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ်တို့သည် ယနေ့တွင် ပေကျင်းမြို့၌ သီးခြားစီတွေ့ဆုံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွစ်ဇာလန်နိုင်ငံ သမ္မတ H.E. Mrs. Doris Leuthard တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် Intercontinental Hotel ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Ranil Wickremesinghe တို့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် အဆိုပါဟိုတယ်၌ ဆက်လက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပိုလန်နိုင်ငံဝန်ကြီးချုပ် H.E. Ms.Beata Szydlo တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Erdenebat Jargaltulga တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဧည့်ဂေဟာ၌လည်းကောင်း သီးခြားစီ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးကျော်တင်၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)**

**❂ ရှေ့ဖုံးမှ**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr.Antonio Guterres တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Great Hall of the People ၌ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ပြီး National Centre for the Performing Arts(NCPA)၌ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကပြသည့် ပြဇာတ်ကို ကြည့်ရှုအားပေးသည်။

တရုတ်နိုင်ငံသည် ဥရောပနှင့် အာရှနိုင်ငံများအကြား ကုန်းလမ်းနှင့် ရေလမ်းကုန်သွယ်ရေးလမ်းကို တစ်ဆက်တစ်စပ်တည်း ပေါင်းစည်းရန် ရည်ရွယ်ပြီး ကုန်သွယ်ရေးပိုးလမ်းမကြီးကို အခြေခံ၍ထွင်ကာ “One Belt and One Road” စီမံချက်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် “One Belt and One Road” မဟာစီမံချက်သည် ပိုးလမ်းမကြီး စီးပွားရေးလမ်းကြောင်းနှင့် ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီးကို ရည်ညွှန်းခေါ်ဆိုထားခြင်းဖြစ်ကြောင်း၊ “One Belt and One Road” မဟာစီမံချက်သည် စီမံချက်ဖြတ်သန်းရာနိုင်ငံများ၏ စီးပွားရေးစည်ပင်ဝပြောမှုနှင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အကျိုးဖြစ်ထွန်းစေရန်၊ မတူညီသော ယဉ်ကျေးမှုများကိုဖလှယ်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးကာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူများကို အကျိုးဖြစ်ထွန်းစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတက ဦးဆောင်ဦးရွက်ပြုကာ ကြိုးပမ်းဆောင်ရွက်နေသော မဟာစီမံချက်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရုတ်နှင့် ပါကစ္စတန် စီးပွားရေးစင်္ကြံလမ်းအတွက် ဒေါ်လာသန်း ၅၀၀ ရင်းနှီးမြှုပ်နှံရေး သဘောတူညီမှုများရရှိ

**အစ္စလာမ္မာဘတ် မေ ၁၄**

အာရှ၊ အာဖရိက၊ ဥရောပတို့နှင့် ဆက်သွယ်မည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းနှင့် ပတ်သက်နေသော နိုင်ငံတကာ ဖိုရမ်ဆွေးနွေးပွဲ၏ အကြိုနေ့တွင် ဒေါ်လာသန်း ၅၀၀ ခန့် အကျုံးဝင်သည့် သဘောတူညီချက်သစ်များကို ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ပါကစ္စတန် စီးပွားရေး စင်္ကြံလမ်း (စီပီအီးစီ)အတွက် ဒေါ်လာ ၅၇ ဘီလီယံ ရင်းနှီးမြှုပ်နှံမည့် အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှု ထပ်မံပြုလုပ်သည့် ဆောင်ရွက်ချက်အဖြစ် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့အကြား နားလည်မှု စာချွန်လွှာများကို မေ ၁၃ ရက်တွင် လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။ စီပီအီးစီ အစီအစဉ်အရ ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း စီမံကိန်းကြီး၏ တစ်စိတ်တစ်ဒေသအဖြစ် ရထားလမ်းကွန်ရက်၊ ကားလမ်းကွန်ရက်နှင့် စွမ်းအင်အခြေခံအဆောက်အအုံတို့ကို တည်ဆောက်ရန် ရည်မှန်းထားသည်။

ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ထိပ်သီးညီလာခံ အကြိုနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အဆိုပါ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ခေတ်သစ်ပိုးလမ်းမ စီမံကိန်းဆိုင်ရာ နိုင်ငံတကာ ထိပ်သီးညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၉ နိုင်ငံထက်မနည်းမှ ခေါင်းဆောင်များ တက်ရောက်ကြသည်။

**ရိုက်တာ။**



# အာခံသည့် လက္ခဏာတစ်ရပ်အဖြစ် ပဲ့ထိန်းဒုံး မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်




**ဆိုးလ် မေ ၁၄**

မြောက်ကိုရီးယားနိုင်ငံသည် မေ ၁၄ ရက်တွင် ပဲ့ထိန်း ဒုံးကျည်တစ်လုံးကို စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း၊ ယင်းနိုင်ငံ၏ လက်နက်အစီအစဉ်ကို ထိန်းချုပ်နိုင်ရေးအတွက် ဒေသဆိုင်ရာနိုင်ငံများက ကြိုးပမ်းဆောင်ရွက်နေစဉ်အတွင်း အာခံသည့် လက္ခဏာတစ်ရပ်အဖြစ် ဒုံးကျည်စမ်းသပ်ပစ်ခတ်ခြင်းဖြစ်ကြောင်း ရိုက်တာ သတင်းဌာနက ရေးသားဖော်ပြသည်။

မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲပြုလုပ်ရေး အယူအဆကို တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းက ထုတ်ဖော်ထားကြောင်း၊ မြောက်ကိုရီးယားဘက်မှ သဘောထားရပ်တည်ချက် ပြောင်းလဲမှုကို ဖော်ပြနိုင်မှသာလျှင် နှစ်နိုင်ငံ ဆွေးနွေးရေးမှာ ရုပ်လုံးပေါ်လာနိုင်မည်ဖြစ်ကြောင်း သမ္မတမွန်း၏ ပြန်ကြားရေးအတွင်းဝန် ယွန်ယောင်ချန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြောက်ကိုရီးယားအပေါ် အလယ်အလတ် သဘောထားရပ်တည်ချက်ဖြင့် ချဉ်းကပ်မည်ဟူသော ဟောပြောချက်နှင့်အတူ မေ ၉ ရက်က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် မွန်းဂျေအင်း အောင်ပွဲခံခဲ့သည်။ အခြေအနေပေးမည်ဆိုပါက မိမိသည် မြောက်ကိုရီးယားသို့ သွားရောက်ကာ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်ရန် ဆန္ဒရှိကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအပေါ် စီးပွားရေး ပိတ်ပင်မှု ပြုလုပ်ထားချိန်မှာပင် နှစ်နိုင်ငံ ဆွေးနွေးမှုများကို တစ်ပြိုင်တည်း ပြုလုပ်သွားလိုကြောင်း မွန်းက မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ မဟာမိတ် တရုတ်နိုင်ငံသည် ကင်ဂျုံအန်းအစိုးရအဖွဲ့အား လက်နက်အစီအစဉ်များ စွန့်လွှတ်ရန် တိုက်တွန်းခဲ့ပြီး ဒေသတွင်းတင်းမာမှုများ တိုးမလာစေရေးအတွက် ထိန်းချုပ်ကြရန် တိုက်တွန်းခဲ့သည်။

**ရိုက်တာ။**

## ပိုးလမ်းမရန်ပုံငွေ မြှင့်တင်နိုင်ရေးအတွက် နောက်ထပ်ရန်ပုံငွေ ထည့်ဝင်မည်ဟု တရုတ်သမ္မတ ပြော

**ပေကျင်း မေ ၁၄**

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်အတွက် ဘဏ္ဍာရေးအရ အထောက်အပံ့ပေးမှုကို မြှင့်တင်နိုင်ရေးအတွက် ပိုးလမ်းမ ရန်ပုံငွေသို့ နောက်ထပ် ယွမ် ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံခန့်) ထည့်ဝင်မည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က မေ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း ဖိုရမ်ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် သမ္မတရှီက မိန့်ခွန်းမြွက်ကြားရာ၌ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်အတွက် ရန်ပုံငွေ ရရှိနိုင်စေရေးအတွက် ပိုးလမ်းမ ရန်ပုံငွေကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် တရားဝင် ထူထောင်ခဲ့သည်။ တရုတ်နိုင်ငံ၏ နိုင်ငံခြား အရန်ငွေ၊ တရုတ်ရင်းနှီးမြှုပ်နှံရေး ကော်ပိုရေးရှင်း၊ တရုတ် ပို့ကုန်-သွင်းကုန်ဘဏ်နှင့် တရုတ်ဖွံ့ဖြိုးရေးဘဏ်တို့က ပူးတွဲကမကထပြုလျက် အဆိုပါ ရန်ပုံငွေကို ထူထောင်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အတွက် ရန်ပုံငွေ ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများကို အားပေးလျက်ရှိကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်ဖွံ့ဖြိုးရေးဘဏ်နှင့် တရုတ်ပို့ကုန်-သွင်းကုန်ဘဏ်တို့သည် အခြေခံအဆောက်အအုံထူထောင်ခြင်း၊ စက်မှုစွမ်းပကားမြှင့်တင်ခြင်းနှင့် ဘဏ္ဍာရေး ထောက်ပံ့ပေးခြင်းတို့မှတစ်ဆင့် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် အထူးချေးငွေထုတ်ပေးရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်နှင့် သက်ဆိုင်နေသော လုပ်ငန်းစီမံကိန်းများအတွက် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ် (အေအိုင်အိုင်ဘီ)၊ BRICS ဖွံ့ဖြိုးရေးဘဏ်သစ်၊ ကမ္ဘာ့ဘဏ်နှင့် အခြားသော နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။ BRICS သည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့ကို ရည်ညွှန်းသည်။

**ဆင်ဟွာ။**

# ဆိုက်ဘာတိုက်ခိုက်မှုများတွင် အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီ၏ နည်းပညာများအသုံးပြုမှုကို တွေ့ရှိရ

**ပါရာဟာ မေ ၁၄**

ကမ္ဘာတစ်ဝန်းရှိ ကွန်ပျူတာဖောက်ထွင်း ဝိဇ္ဇာများက ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်ရာတွင် အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီ၏ နည်းပညာများကို ခိုးယူကာ အသုံးပြုခဲ့ကြောင်း အနောက်မီဒီယာများက ဆိုသည်။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံအခြေစိုက် ဆိုက်ဘာလုံခြုံရေး ကုမ္ပဏီ Avast က နိုင်ငံပေါင်း ၁၀၄ နိုင်ငံတွင် ဆိုက်ဘာတိုက်ခိုက်ခံရမှု ယခုအချိန်ထိ ၁၂၆၀၀၀ မှု ဖြစ်ပွားခဲ့ကြောင်း ကြေညာခဲ့သည်။

ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာများက Windows စနစ်ပါကွန်ပျူတာများကို ပစ်မှတ်ထားကာ Ransomware ဆော့ဝဲလ် တစ်မျိုးကို အသုံးပြုခဲ့သည်။ ယင်းဆော့ဝဲလ်သည် ကွန်ပျူတာဖိုင်များကို ခိုးယူနိုင်သည့်အပြင် ကွန်ပျူတာစနစ် တစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်သည်။

လွန်ခဲ့သော ဩဂုတ်လက Shadow Brokers အမည်ရှိ ကွန်ပျူတာ ဖောက်ထွင်း ဝိဇ္ဇာများက အမေရိကန်အမျိုးသား လုံခြုံရေးအေဂျင်စီ၏ ထောက်လှမ်းရေး နည်းပညာများကို ခိုးယူခဲ့ကြောင်းနှင့် ၎င်းတို့ကို အင်တာနက်ပေါ်တွင် ပြန်လည်ရောင်းချပေးလျက်ရှိကြောင်း မီဒီယာများက ဆိုသည်။ ဝယ်ယူသူ မရှိခဲ့ပေ။ သို့သော် ယင်းအဖွဲ့က ဧပြီလတွင် အဆိုပါနည်းပညာများကို အခမဲ့ မျှဝေပေးကမ်းခဲ့ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်လုံခြုံရေး အေဂျင်စီက မှတ်ချက်စကားပြောကြားခြင်း မရှိပေ။

မိုက်ခရိုဆော့ကုမ္ပဏီက မတ်လအတွင်းထုတ်လုပ်ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှု အကာအကွယ်များကို တပ်ဆင်ခြင်း မရှိသေးသမျှကာလပတ်လုံး Windows စနစ်ပါ ကွန်ပျူတာများအနေဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ICT နည်းပညာကို အကျိုးရှိအောင် ဘယ်လို အသုံးချကြမလဲ

## သန်းဖြိုးနိုင်(ကညင်ကျိုး)

ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိအခြေအနေမှာ နိုင်ငံရေးပြောင်းလဲတိုးတက်မှုနဲ့အတူ ဆက်သွယ်ရေးကဏ္ဍဟာလည်း တစ်ခေတ်ဆန်းလာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးကဏ္ဍအနေနဲ့တစ်ခေတ်ဆန်းပြီး အချိန်တိုတစ်ခဏအတွင်း ပြောင်းလဲတိုးတက်လာတာနဲ့ အမျှ မြို့ကြီး၊ မြို့ငယ်၊ ကျေးရွာကအစ တောပါမကျန် တောင်ပေါ်ဒေသတွေအားလုံးအထိ ဆက်သွယ်ရေးကွန်ရက်တွေ နေရာအနှံ့ဖုံးလွှမ်းချိတ်ဆက်မိလာပြီး လူတိုင်းကိုယ်စီ လက်ကိုင်ဖုန်းလေးတွေ တွင်ကျယ်စွာအသုံးပြုလာနိုင်ခဲ့ကြပါတယ်။

တောင်သူလယ်သမားတွေကအစ လက်လုပ်လက်စား နေ့စားလုပ်သားလေးတွေအထိ လူတန်းစားမရွေး ကိုင်တွယ် အသုံးပြုလာနေကြတာကိုလည်း အမှန်တွေ့ရှိနေရပါပြီ။ ဒီဖုန်းလေးတွေနဲ့အတူ ယှဉ်တွဲပါလာတာကတော့ Facebook, Viber,Skype,Zapya ဆိုတဲ့ ICT နည်းပညာဆိုင်ရာ Software လေးတွေ ကိုယ်စီထည့်သွင်းလာကြရင်း ဒါတွေကို တွင်ကျယ်စွာအသုံးပြုလို့ နေ့စဉ်လိုလို သတင်းအချက်အလက်တွေ၊ ပုံတွေပေးပို့တာတွေ၊ တစ်ဦးနဲ့တစ်ဦး ဆက်သွယ်တဲ့ကိစ္စတွေ၊ သင်ကြားမှု၊ သင်ယူမှုအပိုင်းတွေနဲ့ အခြားသောဝန်ဆောင်မှုကိစ္စအားလုံး ယခင်ထက် ပိုမိုမြန်ဆန်လာနေတာကို အားလုံးသိကြရမှာပါ။

ဒီအခြေအနေဟာ ICT နည်းပညာနဲ့ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ Computer ခေတ်ကို အချိန်တိုအတွင်း ဖြတ်ကျော်ပြီး Micro Computer ခေတ်ကို တစ်ခဏချင်းရောက်ရှိသွားတယ်လို့လည်း ကမ္ဘာကသုံးသပ်ထားတဲ့အချက်ပါ။ ဒါကြောင့်သာ ယနေ့လက်ရှိအခြေအနေမှာတော့ ဒီလိုပြောင်းလဲ တိုးတက်လာတဲ့ ICT နည်းပညာတွေကြောင့် ဖြစ်ရပ်၊ ဖြစ်စဉ်တစ်ခုကိုလည်း တစ်နေရာတည်းမှာတင် သတင်းအမှောင်ချဖုံးကွယ်ထားဖို့မဖြစ်နိုင်တော့သလို အချိန်တိုအတွင်းမှာ နေရာအနှံ့နဲ့ လူတန်းစားအလွှာအသီးသီးထံကို ရောက်ရှိသွားနေပြီဆိုတာကိုလည်း လေ့လာမိကြမှာပဲဖြစ်ပါတယ်။

### Facebook ဆိုတာ ဘာလဲ

ဒီဖုန်းလေးတွေနဲ့အတူ ယနေ့လက်ရှိ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လူကြီးရော လူငယ်ပါမကျန် ရဟန်းသံဃာတွေအထိ အားလုံးနေ့စဉ်လိုလို ထိတွေ့သုံးစွဲနေတဲ့အရာကို ပြောပါဆိုရင်တော့ facebook ဆိုတဲ့ လူမှုကွန်ရက်စာမျက်နှာကိုပဲ ပြောရမှာဖြစ်ပါတယ်။ ဒီ facebookဆိုတဲ့အရာဟာ သတင်းတစ်ပုဒ်၊ ဒါမှမဟုတ် ကိုယ်ပြောချင်တဲ့အကြောင်းအရာတစ်ခုကို တင်ကြတဲ့အခါ တစ်ခဏချင်းမှာဆိုသလို ကမ္ဘာ့နေရာအနှံ့အပြားထိအောင် အရောက်ပို့ဆောင်ပေးပို့နိုင်၊ ရောက်ရှိစေနိုင်တဲ့ အသုံးချ Software လေးတစ်ခုပါ။ ဖုန်းလေးတစ်လုံးရှိရုံနဲ့ အခုဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့နေရာအတော်များများ တောပါမကျန်မှ သတင်းတစ်ခုကို ပုံနဲ့တကွ ကမ္ဘာ့နေရာအနှံ့ကို ပေးပို့ရောက်ရှိစေနိုင်ပါတယ်။ ကမ္ဘာရဲ့အဝေးတစ်နေရာကနေ ကိုယ့်မိသားစုရှိတဲ့ ကျေးလက်တောရွာလေးအထိ ကိုယ်ပြောချင်၊ ပို့ချင်တာတွေ ပေးပို့လို့ရနေပါပြီ။ နောက် ဒီ facebook ထဲကတစ်ဆင့်ပဲ ကိုယ်ပေးချင်၊ ပြောချင်တဲ့ စီးပွားရေး၊ စိုက်ပျိုးရေးသတင်းတွေ၊ ပညာရေး၊ ဘာသာရေးနဲ့ နိုင်ငံရေးအသိပညာတွေကိုလည်း ကိုယ်ပေးချင်တဲ့ သူတွေဆီ ပေးလို့ရနေပါတယ်။

### အကျိုးရှိအောင် ဘယ်လိုသုံးမလဲ

အမှန်တော့ ဒီ facebook ဆိုတာသုံးတတ်ရင် ကျွန်တော်တို့လူ့ဝန်းကျင်အတွက် အလွန်အသုံးတည့်လှတဲ့အရာလေးတစ်ခုပါ။ ကိုယ်သိချင်တဲ့ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို သိချင်တယ်။ ပုံမှန်သင်ယူချင်နေတယ်ဆိုရင် ဒါနဲ့ဆိုင်တဲ့ Page တွေကို လိုက်ရှာပြီး Like လုပ်ထားရုံပါပဲ။ ဥပမာ-ကျွန်တော်တို့ အင်္ဂလိပ်စာသင်ယူချင်တယ်ဆိုရင် သူနဲ့ဆိုင်တဲ့ သင်ကြားရေးအကောင့်တွေ များစွာရှိနေပါတယ်။ ဒါကို ကျွန်တော်တို့က Like လုပ်ထားရုံနဲ့ နေ့စဉ် သူသင်ကြားမယ့်အရာတွေကို ကျွန်တော်တို့ဆီ ရောက်လာတတ်တာပါပဲ။ အခြားစီးပွားရေးကိစ္စတွေမှာလည်း အလားတူပါပဲ။ ကိုယ်က ပစ္စည်းတစ်ခုကို ဝယ်ယူချင်တယ်ဆိုရင် ကိုယ်လိုချင်တဲ့ပစ္စည်းအမည်ကို ရိုက်ချလိုက်တာနဲ့ သူနဲ့ဆိုင်တဲ့လေ့လာစရာ အချက်အလက်တွေအားလုံး ကျလာတာပါပဲ။ နောက် သင်ယူရေးအပိုင်းမှာဆိုလည်း ကျွန်တော်တို့သိချင်တဲ့အကြောင်းအရာလေးတွေကို သူများတင်ထားတာ တွေ့ရင်လည်း ကိုယ်က ပြန်ပြီး Share ထားလိုက်တယ်ဆိုရင် သူများလည်း ဖတ်လို့ရမယ်။ ကိုယ်ကလည်း ကိုယ့်ဘောက်ထဲမှာ Save ထားရာရောက်ပြီး ကိုယ်ပိုင်စာကြည့်တိုက်(Own Library)အဖြစ်တည်ဆောက်ထားလို့ ရပါတယ်။

**အသုံးအများဆုံးဖြစ်တဲ့ Facebook ဆိုတဲ့ လူမှုကွန်ရက်ကြီးကို ကိုင်တွယ်သုံးစွဲတော့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘယ်လိုအကျိုးရှိအောင် သုံးမလဲ၊ မိမိဘဝတိုးတက်လမ်းအတွက် သူ့ကိုဘယ်လိုအသုံးချမလဲ၊ သူ့ကို သုံးမယ်ဆိုရင် ဘယ်လိုအချက်တွေကို ရှောင်ကြဉ်ကြသင့်သလဲ၊ ဘယ်လို ဆိုးကျိုးတွေတော့ ရှိနေတယ် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြပြီး . . .**

ကျွန်တော်ဆွေးနွေးခဲ့တာက ဒီ Facebook ဆိုတဲ့ လူမှုဆက်သွယ်ရေးကွန်ရက်စာမျက်နှာတွေအပေါ်ကနေပြီး ကျွန်တော်တို့အကျိုးအတွက် ရယူအသုံးပြုနိုင်တဲ့ကိစ္စတွေပါ။ နောက်တစ်မျိုးကတော့ ကျွန်တော်တို့က ပြန်ပြီး အသုံးချလို့အများပြည်သူအကျိုးအတွက် ဆောင်ရွက်လို့ရတဲ့နည်းလေးတွေလည်း အမြောက်အမြားရှိနေပါသေးတယ်။ ဒါတွေကတော့ ဥပမာ-မိုးလေဝသအရေးကြီးသတင်းမျိုးတွေ၊ ဒုက္ခရောက်နေသူတွေက အရေးပေါ်အကူအညီ လိုအပ်နေတာမျိုးတွေနဲ့ ပြည်သူတွေအချိန်နဲ့တစ်ပြေးညီသိရှိဖို့ လိုအပ်တယ်ဆိုတဲ့ သတင်းမျိုးတွေကိုတော့ ကျွန်တော်တို့က အချိန်မဆိုင်းဘဲ ပြန်လည်မျှဝေပေးဖို့၊ ကျွန်တော်တို့ကစပြီး တင်ပြပေးတတ်ကြဖို့ လိုလာပါတယ်။

### Facebook ပေါ်ကသတင်းတွေကို ဘယ်လိုစိစစ်မလဲ

နောက်သတင်းတွေနဲ့ ဆက်စပ်တဲ့အပိုင်းကိုဆက်ပြီး ဆွေးနွေးပြောပြရရင်လည်း ယနေ့ကမ္ဘာနဲ့ကျွန်တော်တို့နိုင်ငံအတွင်းမှာ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတဲ့ အရာတွေကို သိရှိလိုတယ်ဆိုရင် သတင်းမှန်တွေဖော်ပြနေတဲ့သတင်းဌာနတွေကို Like နှိပ်ထားရုံပါပဲ။ ဒါဆိုရင် သူ့အလိုလို ကိုယ့်ထံကို သတင်းတွေ ရောက်ရောက် လာတတ်ပါတယ်။ နောက်ဘာသာရေးနဲ့ဆိုင်တဲ့ ပညာပေး Page တွေလည်း ဒီလိုပါပဲ။ ဒီလိုသတင်းဌာနတွေက ရောက်လာတဲ့သတင်းတွေရှိသလို အခြား Public ဖွင့်ပြီးတင်ကြတဲ့ အင်တာနက်သတင်းတွေလည်း ပေါင်းစုံရှိတတ်ပါတယ်။ဒါကြောင့်မို့ ထူးခြားတဲ့သတင်းတစ်ခုနဲ့ပတ်သက်လို့ လေ့လာကြည့်ကြရင် အချို့ကနည်းနည်းဖြစ်တာကို ချဲ့ကားပြီးတော့ရေးတင်ကြသလို အချို့ကြတော့လည်း တကယ်ဖြစ်နေတာကို ရေးတင်ကြတာရှိပါတယ်။

အချို့ကျတော့လည်း သတင်းလက်ဦးရင်ပြီးရော၊ ကိုယ်အရင်တင်ရရင်ပြီးရောဆိုတဲ့ပုံစံနဲ့ သတင်းမှန်လား၊ မမှန်လား။ ဒီသတင်းတင်လိုက်လို့ ဘယ်သူတွေကို ထိခိုက်နိုင်သလဲ။ ဘာသာရေးအရ စောင့်စည်းလိုက်နာအပ်တဲ့ ကျင့်ဝတ်လေးတွေကိုရော ထိခိုက်စေသလား၊ မစဉ်းစားတော့ဘဲ မစိစစ်၊ မပိုင်းခြားတော့ဘဲ တင်ကြတဲ့သတင်းတွေလည်း တွေ့ရတတ်ပါတယ်။ နောက်ပုံစံတစ်မျိုးက မမှန်သတင်းတွေကို အမှန်လိုလုပ်ပြီး ဝါဒဖြန့်ချိရေးလိုလို ဖြန့်ဝေကြတဲ့သတင်းတွေပါ။ အချို့ဆိုရင် ယခင်တုန်းက ပုံဟောင်းတွေကို ပြန်ယူပြီး ဖိုတိုရှော့နဲ့ ပြန်လည်ပြုပြင်ပြီး ယခုဖြစ်နေသယောင် ပုံနဲ့တွဲတင်တဲ့ သတင်းတွေလည်း ရှိကြပါတယ်။ နောက်တစ်မျိုးကတော့ နှပ်ကြောင်းပေးပြီး သူတို့ဖြစ်စေချင်တဲ့ သတင်းမျိုးတွေရအောင် ဆွဲယူရေးသားတင်ကြတဲ့ သတင်းတွေပါ။ ဒါတွေ အမျိုးမျိုးရှိနေတတ်ပါတယ်။

ဒီသတင်းတွေနဲ့ပတ်သက်လို့လည်း သတင်းရေးနည်းအတတ်ပညာဆိုတာ သတင်းစာပညာရပ်မှာ တစ်ခုရှိနေသလို ဝါဒဖြန့်ချိရေး( Propagenda) နည်းပညာတွေအရ လုပ်ကြတာတွေလည်း ပါပါတယ်။ နိုင်ငံရေးနည်းအရ ပြုမူဆောင်ရွက်ကြတဲ့ သဘောတရားတွေပါ။ ဒါတွေကို အချို့အချို့သော ကျွန်တော်တို့လူငယ်အတော်များများက မသိကြတော့ သတင်းဦးလေးပဲဆိုပြီး စေတနာလေးနဲ့ အများသိအောင် ပြန်ပြီးတော့ Share ကြတဲ့အခါ သတင်းမှားတွေ၊ ဝါဒဖြန့်ချိတဲ့ သတင်းတွေဟာ မလိုအပ်ဘဲ ထပ်မံပျံ့နှံ့သွားစေတတ်တဲ့ သဘာဝတွေရှိနေတတ်တာကိုလည်း သတိချပ်ကြရမှာ ဖြစ်ပါတယ်။

### Facebook ပေါ်မှာ သူငယ်ချင်းတွေကို ဘယ်လိုလက်ခံမလဲ

သတင်းတွေကို မှန်၊ မမှန်စိစစ်ဖို့ဆိုရင် ကိုယ့် wall အပေါ်မှာလက်ခံပြီး သတင်းဖလှယ်ကြမယ့် friends တွေရဲ့အခန်းကဏ္ဍကလည်း အရေးကြီးလာပါတယ်။ ဒါကြောင့် ဒီ friends တွေကို လက်ခံတဲ့အခါမှာလည်း ကိုယ်နဲ့လူချင်းသိတဲ့ လူရင်းတွေ၊ နောက်ဌာနဆိုင်ရာတွေက ယုံကြည်စိတ်ချရတဲ့အကြီးအကဲတွေနဲ့ စိတ်ချရတဲ့သူတွေကိုသာ သူငယ်ချင်းအဖြစ် လက်ခံတာတွေ၊ ကိုယ်ကအပ်နှံတာတွေ ရွေးချယ်ပြုလုပ်တတ်ကြဖို့လိုလာပါတယ်။

### Feacbook သုံးရင် ဘယ်အချက်တွေကို လိုက်နာသင့်သလဲ၊ ဘာတွေ ရှောင်ကြဉ်သင့်သလဲ

နောက်ပြောပြချင်တာလေးတစ်ခုက ဒီ Facebook ဆိုတာ လူတန်းစားမရွေး၊ အသက်အရွယ်မရွေး အသုံးပြုလာနေကြပြီဖြစ်တဲ့အတွက် ရဟန်း သံဃာ လက်ထဲမှာလည်း ရှိပါတယ်။ ကိုယ့်ထက်အသက်ကြီး ဝါကြီးတဲ့သူတွေ၊ အဖေ အမေအရွယ်တွေ၊ ဦးလေးတွေ၊ ဆရာသမားတွေ၊ အကြီးအကဲတွေ လက်ထဲမှာ ရှိနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံးဟာ ယဉ်ကျေးတဲ့အသုံးအနှုန်းတွေ၊ အများအကျိုးရှိမယ့်အကြောင်းအရာတွေ၊ ရဟန်းရှင်လူအများ စက္ခုပသာဒကျစေမယ့် ပုံရိပ်တွေ၊ ကိုယ့်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်စေမယ့် အရေးအသားအပြောအဆိုတွေနဲ့ တင်ပြသင့်ကြပြီးဒီ DIT နည်းပညာကို အသုံးပြုလို့ Facebook ကို မှန်ကန်တဲ့ဘက်မှာ အသုံးချသွားကြရမှာဖြစ်ပါတယ်။

မိမိတင်လိုက်တဲ့အကြောင်းအရာတစ်ခုကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲသွားစေမှာ၊ ဘာသာရေးအဓိကရုဏ်းတွေဖြစ်သွားစေမှာ၊ နိုင်ငံရေးမတည်မငြိမ်ဖြစ်သွားစေမှာနဲ့ တစ်စုံတစ်ဦးရဲ့သိက္ခာထိခိုက်သွားစေမှာတွေအပြင် ကိုယ့်သူငယ်ချင်းအချင်းချင်းတွေ မိတ်ပျက်သွားစေနိုင်တာတွေကိုလည်း အထူးရှောင်ရှားသတိထားကြရမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မိန်းမပျိုလေးတွေဆိုရင် မိမိပုံတွေကိုလည်း မတင်သင့်သလို မိသားစုရှိတဲ့သူတွေအနေနဲ့လည်း မိမိတို့ ကလေးတွေပါတဲ့ မိသားစုပုံတွေကို အများကြီး မတင်သင့်ပါဘူး။

### ဘယ်လိုဆိုးကျိုးတွေ ရှိသလဲ

ဒီနေရာမှာပြောဖို့ကျန်နေတဲ့အချက်က facebook ကို အသုံးချတတ်ရင် ဘယ်လိုကောင်းကျိုးတွေရမယ်။ ဘယ်လိုသုံးသင့်တယ်ဆိုတာတွေတော့ ပါခဲ့ပြီးပါပြီ။ ဒါပေမဲ့လည်း သူ့ကိုမသုံးတတ်ရင်တော့ ကောင်းကျိုးတွေအပြင် ဆိုးကျိုးတွေလည်း များစွာရှိနေတတ်ပါသေးတယ်။ ဒါတွေကတော့ အထက်က ကျွန်တော်ပြောသလို friends တွေကို စနစ်တကျရွေးချယ်ပြီး မထားခဲ့ရင် ကိုယ့်ရဲ့ပုံတွေ၊ သတင်းတွေကို မသမာတဲ့နည်းနဲ့ယူပြီး ပြန်လည်အသုံးချတာတွေလည်း ရှိနေတာကို သတိထားကြရပါမယ်။ နောက်တစ်ခုက ကိုယ့်ရဲ့ Profile နဲ့ Account အမည်ကိုယူပြီး မသမာသူက အကောင့်အသစ်တစ်ခု အမည်တူပုံစံတူဖွင့်ပြီး မသမာတဲ့နည်းလမ်းနဲ့ တင်ကြတဲ့နည်းလမ်းပါ။ ဒါကလည်း အခုလိုတိုးတက်တဲ့နည်းပညာကြောင့် မခက်ခဲလှပါဘူး။ ဖုန်းဆင်းကတ်ဖိုး ကျပ် ၁၅၀၀ ရယ်၊ အကောင့်ဖွင့်ခ ကျပ် ၁၀၀၀ လောက်ပေးလိုက်ရင်ပဲ ရနေပါပြီ။ နောက်တစ်ချက်ကတော့ ကိုယ့်ပုံတွေယူပြီး မိန်းကလေးတွေကို ခြိမ်းခြောက်ငွေညစ်တဲ့နည်းတွေနဲ့ ကိုယ်မတင်တဲ့အကြောင်းအရာတွေကို ကိုယ်တင်တဲ့သဘောမျိုး အစောပိုင်းကလို အကောင့်တူဖွင့်ပြီး ထိုးနှက်တဲ့နည်းလမ်းတွေပါ။ ဒါတွေကိုလည်း သိရှိထားပြီး သတိထားကြရမှာဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုလိုရင်းကတော့ ဒီကနေ့ဖြစ်ပေါ်နေတဲ့ ခေတ်ရေစီးကြောင်းနဲ့အတူ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ICT နည်းပညာရပ်တွေကို ကျွန်တော်တို့လူငယ်တွေ၊ လူကြီးတွေအားလုံးက အကျိုးရှိရှိနဲ့ သုံးစွဲသွားနိုင်ကြဖို့ရည်ရွယ်ရင်းသာ ဖြစ်ပါတယ်။ ဒါကြောင့်သာ ကျွန်တော် တင်ပြခဲ့တဲ့ ယနေ့အချိန်မှာ တွင်တွင်ကျယ်ကျယ်နဲ့ အသုံးအများဆုံးဖြစ်တဲ့ Facebook ဆိုတဲ့ လူမှုကွန်ရက်ကြီးကို ကိုင်တွယ်သုံးစွဲတော့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘယ်လိုအကျိုးရှိအောင် သုံးမလဲ၊ မိမိဘဝတိုးတက်လမ်းအတွက် သူ့ကိုဘယ်လိုအသုံးချမလဲ၊ သူ့ကိုသုံးမယ်ဆိုရင် ဘယ်လိုအချက်တွေကို ရှောင်ကြဉ်ကြသင့်သလဲ၊ ဘယ်လိုဆိုးကျိုးတွေတော့ ရှိနေတယ် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် သိရှိကြပြီး မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကျင့်ကြံနေထိုင်ခြင်းဖြင့် နောက်တစ်ဆင့်တက်လှမ်းကာ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးရွက်သယ်ပိုးတဲ့ တိုင်းပြည်ရဲ့သားကောင်းများ ဖြစ်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

## အထက်ကော့ရင်းကျေးရွာသို့ ရေသန့်နှင့် သုံးရေများလှူဒါန်း

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် အထက်ကော့ရင်းကျေးရွာတွင် နေ့ရာသီရေရှားလျက်ရှိရာ သောက်ရေနှင့်သုံးရေများ အဆင်ပြေစေရန်အတွက် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၀ ရက်က သောက်ရေသန့်နှင့်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြသည်။

အထက်ကော့ရင်းကျေးရွာအတွက် သောက်သုံးရေများလှူဒါန်းရာတွင် သောက်ရေသန့် လီတာ ၂၀ ဆံ့ သောက်သန့်ဘူးကြီး ၇၂ ဘူးနှင့် သုံးရေအတွက် ဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးအောင်ဇင်ဦး ဦးဆောင်ကာ ရဲတပ်ဖွဲ့ဝင်များ၊ မြိုင်ကလေးရဲကင်းမှ စခန်းမှူးရဲအုပ်ဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြိုင်ကလေး မီးသတ်စခန်းမှ ဒု-တပ်ခွဲမှူးဦးဝင်ခိုင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❐



# ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောရေဝပ်ဒေသများ ဝိုင်းဝန်းထိန်းသိမ်းရမည်

**စိုးစိုးနိုင်(ကြေးမုံ)**

ရေဝပ်ဒေသများ(Wetland Sites)သည် ဇီဝမျိုးစုံမျိုးကွဲများဖြင့် ကြွယ်ဝပြီး လူသားတို့အတွက် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟဝန်ဆောင်မှုများကို ဆောင်ကြဉ်းပေးသည့်အပြင် လူနေဒေသများနှင့် စိုက်ပျိုးဧရိယာများအား ရေကြီးရေလျှံမှုမဖြစ်စေရန် ရေလွှဲဒေသများအဖြစ် တည်ရှိခြင်း၊ တန်ဖိုးရှိ ငါး၊ ပုစွန်တို့၏ ဘဝစက်ဝန်းတွင် ဥချသားပေါက်သည့် ဒေသများဖြစ်ခြင်း၊ မြေအောက်ရေတိုးပွားစေခြင်းနှင့် သန့်စင်စေခြင်း၊ ရာသီဥတုထိန်းညှိပေးခြင်း၊ သာယာလှပသည့်အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးအတွက် ရေထွက်ပစ္စည်းများ ပံ့ပိုးပေးခြင်း စသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်အကျိုးကျေးဇူးများ ပေးနိုင်သဖြင့် လွန်စွာတန်ဖိုးရှိသည့် နေရာဒေသများဖြစ်ကြသည်။ ရမ်ဆာဒေသများ(Ramsar Sites)အဖြစ် သတ်မှတ်ထားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကန်၊ တာတမံ၊ စိမ့်စမ်း၊ ပင်လယ်ကမ်းခြေဒေသများသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် အလွန်အရေးပါသည့် နေရာဒေသများပင်ဖြစ်သည်။

ထိုသို့အရေးပါသော ရေဝပ်ဒေသများကို ကမ္ဘာ့နိုင်ငံများက ပူးပေါင်းထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ရမ်ဆာဒေသများအဖြစ် အမည်ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့က အီရန်နိုင်ငံ ရမ်ဆာမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသများအစည်းအဝေးတွင် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention)အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့တွင် အဖွဲ့ဝင် နိုင်ငံပေါင်း ၁၆၄ နိုင်ငံ ပါဝင်ပြီး ကမ္ဘာတစ်ဝန်းရှိ ဒေသအသီးသီးမှ ရေဝပ်ဒေသ ၂၂၀၀ ကျော်ကို ရမ်ဆာဒေသအဖြစ် သတ်မှတ်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ကမ္ဘာပေါ်တွင်ရှိသည့် ရေချိုအရင်းအမြစ်များ၏ ၇၀ ရာခိုင်နှုန်းကို စိုက်ပျိုးရေးကဏ္ဍအတွက် အသုံးပြုလျက်ရှိပြီး လယ်ယာကဏ္ဍတွင် လက်ရှိအသုံးပြုသည့် ရေအရင်းအမြစ်များ၏ ၂၀ ရာခိုင်နှုန်းကို ရေဝပ်ဒေသများက အဓိကပံ့ပိုးပေးလျက်ရှိကြောင်း ရမ်ဆာကွန်ဗင်းရှင်း၏ထုတ်ပြန်ချက်အရ သိရသည်။

ရေဝပ်ဒေသဆိုသည်မှာ ရွံ့ညွန်တောများ၊ ပုပ်သိုးဆွေးမြည့်နေသည့် သစ်ရွက်များပါရှိသည့်မြေများ၊ သဘာဝ သို့မဟုတ် လူသားတို့ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသည့် ရေများ၊ ယာယီ(သို့မဟုတ်)ထာဝရတည်ရှိနေသော ရေများ၊ ရေသေ (သို့မဟုတ်) စီးဆင်းနေသောရေများ၊ ရေချို (သို့မဟုတ်) ရေငန်နှင့် ဒီရေကျချိန်တွင် ၆ မီတာထက်မနက်သော ပင်လယ်ဒီရေတောနှင့်လတာပြင်များ တည်ရှိနေခြင်းဖြစ်သည်ဟု သိရသည်။

ရေဝပ်ဒေသတစ်ခုသည် ဇီဝဘူမိဆိုင်ရာ အထူးဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများအား တည်မှီရန် အရေးပါသော အပင်များနှင့် သတ္တဝါမျိုးစိတ်တို့ ထိန်းသိမ်းထားခြင်း၊ မျိုးသုဉ်းလုနီးပါးအခြေအနေရှိနေသည့် အပင်များနှင့် သတ္တဝါမျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ထားခြင်း၊ ရေပျော်ငှက်မျိုးစိတ်တစ်ခု (သို့မဟုတ်) မျိုးစိတ်ငယ်တစ်ခု၏ ကမ္ဘာပေါ်တွင် နောက်ဆုံးကျန်နေသော ကောင်ရေများအနက် တစ်ရာခိုင်နှုန်းသာရှိခြင်း၊ ကောင်ရေ ၂၀၀၀၀ (သို့မဟုတ်)၎င်းထက်ပိုသော ရေပျော်ငှက်များကို ထိန်းသိမ်းထားခြင်း၊ ငါးအစားအစာ၊ ဥပေါက်ရာဒေသ၊ ပေါက်ပွားကြီးပြင်းရာနေရာနှင့် ရေဝပ်ဒေသအတွင်း (သို့မဟုတ်) မှီခိုရမည်သည့်နေရာမဆို ငါးမျိုးများ၏ ပြောင်းရွှေ့သွားလာသည့် လမ်းကြောင်းတစ်ခုအတွက် အရေးပါသော အရင်းအမြစ်



**မြန်မာနိုင်ငံ၏ ပထမဆုံးရမ်ဆာရေဝပ်ဒေသဖြစ်သည့် ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော။**

ဖြစ်နေခြင်း စသည့် အချက်များဖြင့် ပြည့်စုံမှသာလျှင် ရမ်ဆာဒေသ(Ramsar Site)အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တစ်မူထူးခြားသည့် ရေဝပ်ဒေသများတည်ရှိရာနိုင်ငံဖြစ်သည့်အလျောက် တောင်တန်းရေဝပ်ဒေသများ၊ ကြီးမားသော ရေချိုရေဝပ်ဒေသများ၊ ကန်ကြီးများ၊ ဒီရေတော၊ ရွှံ့ညွန်လတာပြင်နှင့် သန္တာကျောက်တန်းကဲ့သို့သော ကမ်းရိုးတန်းရေဝပ်ဒေသများအထိ စုံလင်စွာရှိသည်။ မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းဒေသများနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့တွင် အရေးပါသည့် ရေဝပ်ဒေသစုစုပေါင်း ၉၉ ခုရှိသည်ဟု ၂၀၀၄ ခုနှစ်က ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာန၏ အထောက်အပံ့ဖြင့် သစ်တောဦးစီးဌာန Birdlife International တို့ ပူးပေါင်းကွင်းဆင်းကောက်ယူမှုစာရင်းများအရ သိရသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသများကွန်ဗင်းရှင်းအဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံး ရမ်ဆာရေဝပ်ဒေသအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို သတ်မှတ်ခဲ့သည်။ ထို့ပြင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာဒေသအဖြစ် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်းကောင်း၊ ယခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် တတိယမြောက်ရမ်ဆာဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကိုလည်းကောင်း၊ ယခုနှစ် မေ ၁၀ ရက်တွင် စတုတ္ထမြောက် ရမ်ဆာဒေသအဖြစ် မွန်ပြည်နယ် မုတ္တမ ပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းကိုလည်းကောင်း သတ်မှတ်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်အရေးပါသော ရမ်ဆာဒေသဧရိယာလေးနေရာရှိလာပြီဖြစ်သည်။

ရေဝပ်ဒေသများတွင် နေထိုင်သူအများစုသည် ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ တောထွက်ပစ္စည်းထုတ်ယူခြင်းလုပ်ငန်းများ လုပ်ကိုင်ကာ အသက်မွေးကြသည်။ ယင်းလုပ်ငန်းများသည် အများအားဖြင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတရှိသော်လည်း ငါးအလွန်အကျွံဖမ်းခြင်း၊ ပတ်ဝန်းကျင် ရေဝေရေလဲ သစ်တောများမှ ထင်းအလွန်အကျွံထုတ်ယူခြင်း စသည်တို့ လုပ်ကိုင်မှုကြောင့် ရေရှည်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေနိုင်သည်။

ရေဝပ်ဒေသဂေဟစနစ်သည် သက်ရှိများနှင့် သဘာဝဝန်းကျင်အတွက် အကျိုးကျေးဇူးများစွာပေးနေသော်လည်း အမှတ်မထင် (သို့မဟုတ်) မသိကျိုးကျွန်ပြုသည့် အနှောင့်အယှက်များစွာနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ၁၉၇၀ မှ ၂၀၀၈ ခုနှစ်အတွင်း ရေဝပ်ဒေသ ၄၀ ရာခိုင်နှုန်းပျောက်ဆုံးခဲ့ပြီး ၁၉၈၀ မှ ၂၀၁၀ ခုနှစ်အတွင်း ရေချိုမျိုးစိတ် ၇၆ ရာခိုင်နှုန်းလည်း ပျောက်ကွယ်သွားခဲ့သည်ဟု ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity)မှ ရေဝပ်ဒေသ ၁၀၀၀ အား နမူနာလေ့လာပြီး သုတေသနပြုဖော်ပြချက်အရ သိရသည်။

ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် ထင်းသုံးစွဲမှုနည်းသော မီးဖိုများ ဖြည့်ဆည်းပေးခြင်းနှင့် ရပ်ရွာအခြေပြု သစ်တောစိုက်ခင်းများ ထူထောင်ပေးခြင်းဖြင့် ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ငါးကောင်ရေများ ထိန်းသိမ်းရေးအတွက် ငါးသားပေါက်ကြီးထွားရာနေရာများတွင် ငါးထိန်းသိမ်းရေးဇုန်များ သတ်မှတ်ခြင်းဖြင့် ငါးမျိုးစိတ်ပြုန်းတီးမှုကို ကာကွယ်နိုင်မည်ဖြစ်ပြီး ရေဝပ်ဒေသထိန်းသိမ်းကာကွယ်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထု ပါဝင်လာရေးနှင့် ရေဝပ်ဒေသဂေဟစနစ်၏ အရေးကြီးမှုနှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပညာပေးရေးအစီအစဉ်များ တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်သည်။

ရေဝပ်ဒေသများ၏တန်ဖိုးကို သိရှိနားလည်ပြီး ထိန်းသိမ်းကာကွယ်ရုံသာမက စနစ်တကျ အကျိုးရှိစွာ အသုံးချရန် အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ ရေတိမ်ဒေသများ ရေရှည်တည်တံ့စေရန်အတွက် ဒေသခံပြည်သူများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနည်းစနစ်များဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ ရေသွင်းရေထုတ်မြောင်းများ စနစ်တကျတည်ဆောက်ခြင်းနှင့် စွန့်ပစ်ရေဆိုးများ ပြန်လည်သန့်စင်အသုံးချခြင်းတို့အပါအဝင် ရေသယံဇာတအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲခြင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သော သီးနှံမျိုးစိတ်များ တိုးမြှင့်စိုက်ပျိုးခြင်း၊ ဓာတုပိုးသတ်ဆေးများသုံးစွဲမှုလျှော့ချခြင်း၊ သဘာဝမြေဩဇာများ ပိုမိုအသုံးပြုစေခြင်းနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ခြင်းတို့ကို ပိုမိုအားပေးရမည်ဖြစ်ပြီး ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာများ အစရှိသည့် ရေဝပ်ဒေသများထိန်းသိမ်းရေး လုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## တောင်သမန်အင်း ဦးပိန်တံတားပတ်ဝန်းကျင်တွင် မန္တလေးဧည့်လမ်းညွှန်များ ပလတ်စတစ်ကမ်ပိန်းပြုလုပ်

**မန္တလေး မေ ၁၄**

ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ နေ့စဉ်စည်ကားလျက်ရှိသည့် အမရပူရ မြို့နယ် တောင်သမန်အင်း ဦးပိန်တံတား ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မန္တလေးဧည့်လမ်းညွှန်များ အသင်းမှ ဧည့်လမ်းညွှန်များက စုပေါင်းအမှိုက်ကောက်ခြင်းကို မေ ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်သည်။



တောင်သမန်အင်း ဦးပိန်တံတားအနီးတွင် စုပေါင်းအမှိုက်ကောက်ရာတွင် ဝါရင့်ဧည့်လမ်းညွှန်များနှင့် မျိုးဆက်သစ်ဧည့်လမ်းညွှန်များပူးပေါင်းကာ အမှိုက်ကောက်ခြင်းဖြစ်ပြီး တောင်သမန်ဝန်းကျင်နှင့် မဟာဂန္ဓာရုံကျောင်းမှ သိမှတ်ဖွယ်ရာများနှင့် လုပ်ငန်းခွင်အတွင်းတွေ့ကြုံရမည့် အခက်အခဲများ၊ ကိုင်တွယ်ဖြေရှင်းရပုံများကို ဝါရင့်ဧည့်လမ်းညွှန်များက မျှဝေသင်ပြပေးခြင်းကိုလည်း ပြုလုပ်သည်။

ထို့အတူ တောင်သမန်ဝန်းကျင်မှ ဈေးဆိုင်များအား "ကျန်းမာသန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်ဖြစ်ဖို့ ပလတ်စတစ်ပစ္စည်းများနှင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါစို့" စာတန်းပါ Handmade Recycle အိတ်များကို ဖြန့်ဝေပေးကြပြီး ခုတင်(၃၀၀) သင်ကြားရေးဆေးရုံသို့ သွားရောက်၍ လူနာများအား သောက်သုံးရေလှူဒါန်းကြကြောင်း သိရသည်။

(၀၀၂)

❒

## မေလထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့်ထွက်ပြီ

**နေပြည်တော် မေ ၁၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာအကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြား ကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီအကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံး ဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်၌ အဘယမုဒြာဆင်းတုတော်တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဉယျာဉ်တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ ကျင်းပ



**နေပြည်တော် မေ ၁၄**
ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာအနီး အဘယမုဒြာဆင်းတုတော် တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဉယျာဉ် တည်ဆောက်ရန်အတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တ ကောဝိဒက ဩဝါဒစကားမြွက်ကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံသည်။**(အပေါ်ယာပုံ)**

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ကမ္ဘောဇကုမ္ပဏီ၊ Max Myanmar ကုမ္ပဏီ၊ IGE ကုမ္ပဏီ၊ ချမ်းဟိန်းကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ လှူဒါန်းသောအလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် အဘယမုဒြာဆင်းတုတော်တည်ဆောက်ပူဇော်ခြင်းနှင့် ဗုဒ္ဓဉယျာဉ် တည်ဆောက်ရန်အတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၈၄၉၇ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အဘယမုဒြာဆင်းတုတော်ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများ၊ ဗုဒ္ဓဉယျာဉ်တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး အဘယမုဒြာရုပ်ပွားတော်ကြီး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ဗုဒ္ဓဉယျာဉ်တော် ပုံစံငယ်နှင့် ဗုဒ္ဓဉယျာဉ်အတွင်း မုဒြာအစုံဖြင့် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်နိုင်ရန် အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် ပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးသည် ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းယင်း ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ထံ လည်းကောင်း၊ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ လည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သံသရာအေး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယနေ့လှူဒါန်းမှုတွင် ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းပေါင်း ၇၄ ကျောင်းအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဆွမ်းဆန်တော် ၃၁၆ အိတ်၊ ဆီ ၅၀၄ ပိဿာနှင့် အလှူငွေ စုစုပေါင်း ကျပ် ၁၆၂ သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဟက်တာ ကော်န်ဒီ အယ်လ်မေးဒါးအား ခန့်အပ်ရန် ကျူးဘားသမ္မတနိုင်ငံအစိုးရက အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Hector Conde Almeida ကို ၁၉၆၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ Carlos III တက္ကသိုလ်မှ ဥရောပသမဂ္ဂဥပဒေဖြင့် မဟာဘွဲ့ကို ရရှိထားသူဖြစ်သည်။ ၁၉၈၇ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သိပ္ပံ၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၏ နျူကလီးယားသိပ္ပံရေးရာ အတွင်းရေးမှူးချုပ်ရုံးတွင် အထူးကျွမ်းကျင်အရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနခွဲတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျူးဘားသံရုံးတွင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် သိပ္ပံ/နည်းပညာဆိုင်ရာ ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သိပ္ပံ၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန နိုင်ငံတကာဆက်ဆံရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ မစ္စတာ ဟက်တာ ကော်န်ဒီ အယ်လ်မေးဒါးသည် စပိန်ဘာသာစကားအပြင် အင်္ဂလိပ်ဘာသာစကားနှင့် ရုရှားဘာသာစကားတို့ကို တတ်ကျွမ်းသည်။

မစ္စတာ ဟက်တာ ကော်န်ဒီ အယ်လ်မေးဒါးသည် ဘန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကျူးဘား သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည် ဖြစ်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း နယူးဇီလန်နိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၁၄**
ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်မှ ၁၂ ရက်အထိ နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်းစဉ်များကို လေ့လာရန် သွားရောက်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်အတွင်း နယူးဇီလန်နိုင်ငံ၏ အစိုးရအုပ်ချုပ်မှုပုံစံ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု၊ နိုင်ငံ့ဝန်ထမ်းရေးရာကော်မရှင်၏ အခန်းကဏ္ဍနှင့် ပြုပြင်ပြောင်းလဲမှု၊ အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ လေ့လာသင်ယူခြင်း၊ ဗစ်တိုးရီးယားတက္ကသိုလ်မှ အာဆီယံနိုင်ငံများအတွက် ကာလတိုသင်တန်းများပေးခြင်း၊ အဆင့်မြင့်အရာရှိကြီးများ၏ နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းရေးရာကော်မရှင်၏ ခေါင်းဆောင်မှုအခန်းကဏ္ဍ၊ နယူးဇီလန်နိုင်ငံ ဝန်ထမ်းစနစ်တွင် ဖြောင့်မတ်မှန်ကန်စွာဖြင့် ပြည်သူအား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းစဉ်များကိုလေ့လာကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေနှင့် နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသော ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်း၊ ဝန်ထမ်းရေးရာခံစားပိုင်ခွင့်များ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နယူးဇီလန်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းရေးရာကော်မရှင်ဥက္ကဋ္ဌနှင့် ဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များအားတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းစသည့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**






# ဧရာဝတီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၄**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးခြင်းနှင့် လယ်ယာသုံးပစ္စည်းကိရိယာများကို နှစ်ရှည်ပြန်လည်ပေးဆပ်သည့်ချေးငွေစနစ်ဖြင့် ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အာမခံစနစ်များကိုလည်း လုပ်ဆောင်နေပြီဖြစ်၍ လယ်ယာအာမခံကိုလည်း ထားနိုင်ပြီဖြစ်ကြောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း မဟာဗျူဟာများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်၍ နိုင်ငံနှင့်ပြည်သူအကျိုးဖြစ်ထွန်းစေမည့်မည်သည့်လုပ်ငန်းမဆို ခွင့်ပြုလုပ်ကိုင်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ဆွေးနွေးညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧရာရွှေဝါခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/အဖွဲ့အစည်းများမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမှာလုပ်ဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အဓိကမောင်းနှင်အားက မြန်မာပြည်သူတွေပဲဖြစ်ပါတယ်

## (မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် မစ္စတာစကော့မာစီရယ်လ်နှင့် တွေ့ဆုံမေးမြန်းခြင်း)

ဘာသာပြန် – သာစိန်၊ ကျော်ထိုက်စိုး

မေ ၁၄ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ အကျင့်ပျက်ခြစားမှု၊ ပညာရေး၊ ငြိမ်းချမ်းရေးအစီအစဉ် စသည်တို့နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် မစ္စတာ စကော့ မာစီရယ်လ်နှင့် တွေ့ဆုံမေးမြန်းခန်းကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-

**မေး။ ။ အဆွေတော်သံအမတ်ကြီးရဲ့ အတွေ့အကြုံအရ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးမှာ ဘယ်ဟာကအဓိကမောင်းနှင်အား ဖြစ်ခဲ့ပါသလဲ။ ဘာကြောင့်လဲဆိုတော့ အခြားနိုင်ငံများနဲ့နှိုင်းယှဉ်ရင် မြန်မာ့သမိုင်းကြောင်းနဲ့ နိုင်ငံရေးအခြေအနေတွေဟာ အခြားနိုင်ငံများလိုပဲ ထင်ပေါ်လာတာကိုတွေ့ရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိပါရစေ။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာလုပ်ဆောင်တဲ့ ပြုပြင်ပြောင်းလဲမှုအတွက် အဓိကမောင်းနှင်အားက မြန်မာပြည်သူတွေပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေး၊ စီးပွားရေးဆိုင်ရာအခွင့်အလမ်းပိုမိုရရှိရေး၊ အဆင့်မြင့်ပညာရေး သင်ယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လူတိုင်းအခွင့်အလမ်းတွေကို ဖော်ဆောင်ပေးနိုင်တဲ့ အစိုးရတစ်ရပ်ရရှိဖို့အတွက် ပြည်သူတွေလိုလားနေတာကို မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ လွတ်လပ်မှုအပြည့်အဝ ရရှိရေးနဲ့ စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ၊ ငြိမ်းချမ်းရေးကိုရရှိခံစားနိုင်ရေးတွေဟာ မြန်မာပြည်သူတွေရဲ့ အမှန်တကယ်လိုလားချက်လို့ထင်ပါတယ်။

**မေး။ ။ ပြည်ပအကြောင်းခံတွေကလည်း အဓိကမောင်းနှင်အားဖြစ်တယ်လို့ အဆွေတော်အနေနဲ့ ထင်မြင်ယူဆပါသလား။**

ဖြေ။ ။ ပြည်ပအင်အားတွေကလည်း အထောက်အပံ့ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ဘယ်လိုနိုင်ငံမျိုးဖြစ်သင့်တယ်၊ ဘယ်လိုနိုင်ငံမျိုးလိုချင်တယ်ဆိုတာ မြန်မာပြည်သူတွေကပဲ အဆုံးအဖြတ်ပြုရမယ်ထင်ပါတယ်။ အပြောင်းအလဲအတွက် ပြည်သူတွေအားစိုက်လုပ်ဆောင်နေတာကို ကျွန်တော်မြင်ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့လည်း အဲဒီအပေါ်ကို ကူညီပေးရလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ သို့သော်လည်းပဲ မြန်မာပြည်သူတွေကတော့ ပိုပြီးအခရာကျတယ်လို့မြင်ပါတယ်။

**မေး။ ။နိုင်ငံရေးအခြေအနေနဲ့ပတ်သက်ပြီး ယခုအခါ မြန်မာနိုင်ငံဟာ စစ်အစိုးရကနေအရပ်ဘက်အစိုးရကို အသွင်ကူးပြောင်းနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီအသွင်ကူးပြောင်းရေးနှင့်ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ အဲဒါနဲ့ပတ်သက်ပြီးပြောရရင် လွန်ခဲ့တဲ့နှစ်များကစပြီး မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့ ပြောင်းလဲမှုတွေ သိသာထင်ရှားစွာ တွေ့မြင်ရပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၀၅ ခုနှစ်က မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်ရောက်ရှိခဲ့ပြီး အဲဒီနောက်မှာတော့ ထပ်မံပြီး အကြိမ်ကြိမ်ရောက်ရှိခဲ့ရာမှာ သိသာထင်ရှားတဲ့ အပြောင်းအလဲနဲ့ သိသာထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုတွေ တွေ့ရှိခဲ့ရပါတယ်။ ခုချိန်မှာတော့ ပိုပြီးလွတ်လပ်မှုရှိကြပါတယ်။ ရွေးကောက်ခံအစိုးရတစ်ရပ်နဲ့ ဥပဒေပြုတဲ့လွှတ်တော်ပေါ်ပေါက်လာလို့ ပြည်သူလူထုအတွက် အခွင့်အလမ်းများစွာ ဖြစ်ပေါ်ပါတယ်။ သို့သော်လည်း လုပ်ဆောင်စရာများစွာကျန်ရှိနေပါတယ်။ ဒီမိုကရေစီအရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းလာရေးအတွက် လုပ်ဆောင်ရာမှာ အချိန်များစွာယူရတဲ့အတွက် လုပ်ဆောင်စရာများစွာ ကျန်ရှိနေတာဖြစ်ပါတယ်။

**မေး။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့နည်းလမ်းနဲ့ အချိန်ကာလအတိုင်းအတာနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ဒါကတော့ မြန်မာပြည်သူတွေဆုံးဖြတ်ရမယ့် အရာလို့မြင်ပါတယ်။ ဘယ်အချိန်၊ ဘယ်နည်းလမ်းဆိုတာကတော့ ကျွန်တော်ကသော်လည်းကောင်း၊ အခြားနိုင်ငံခြားသားများကသော်လည်းကောင်း ဆုံးဖြတ်လို့မရပါဘူး။ ပြည်သူတွေဟာ ပြုပြင်ပြောင်းလဲရေးကို တကယ်လိုချင်တာ ကျွန်တော်တို့မြင်နေရပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ ရေရှည်ငြိမ်းချမ်းရေးနဲ့ တပ်မတော်အပေါ် အရပ်ဘက်အာဏာ သက်ရောက်နိုင်ရေးအတွက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့လိုပါတယ်။ ဘယ်လိုပြင်ရမယ်၊ ဘယ်အချိန်ပြင်ရမယ်ဆိုတာကတော့ မြန်မာပြည်သူတွေကပဲ ဆုံးဖြတ်လိမ့်မယ်လို့ထင်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းအနေနဲ့ကတော့ ကူညီပံ့ပိုးမှုသာပြုပြီး ဘယ်လိုပြင်ရမယ်။ ဘယ်အချိန်ပြင်ရမယ်ဆိုတာကတော့ ပြောမှာမဟုတ်ပါဘူး။

**မေး။ ။ နိုင်ငံရေးအသွင်ကူးပြောင်းမှုနဲ့ ပြိုင်တူဖြစ်ပေါ်နေတဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေလို့ပါပဲ။ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အကြံပြုချက်ကို လိုချင်ပါတယ်။**

ဖြေ။ ။ နိုင်ငံတိုင်းကတော့ စီးပွားရေးအခွင့်အလမ်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်တဲ့အစိုးရကို အလိုရှိတယ်လို့ထင်ပါတယ်။ ဒါကြောင့်မို့လို့ အခုအစိုးရဟာပြည်သူများစွာအတွက် အခွင့်အလမ်းကိုဖော်ဆောင်နိုင်တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်ပေးဖို့ အလွန်အရေးကြီးတယ်လို့ မြင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း အစိုးရက လုပ်ဆောင်နေပါတယ်။ ဘဏ္ဍာရေးကဏ္ဍတောင့်တင်းလာရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ၊ ရင်းနှီးမြှုပ်နှံလိုတဲ့ ရှင်းလင်းပြတ်သားသော စည်းမျဉ်းစည်းကမ်းတွေ ဖော်ဆောင်ပေးဖို့ရာ အထူးအရေးကြီးပါတယ်။ ထို့အတူ အခြေခံအဆောက်အအုံ၊ လျှပ်စစ်မီးတွေကလည်း အလွန်အရေးကြီးပါတယ်။


အမေရိကန်သံအမတ် မစ္စတာ စကော့မာစီရယ်လ်

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အရေးကြီးဆုံးကတော့ တရားဥပဒေစိုးမိုးရေးဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုရှိပါမှ ပြည်သူတွေမျှမျှတတနဲ့ ဥပဒေအကာအကွယ်ရကြမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူတွေ မြေယာပိုင်ဆိုင်မှု စနစ်တကျဖြစ်ရေးဟာ အရေးကြီးပါတယ်။ အဲဒီကိစ္စတွေကိုလည်း အစိုးရကိုင်တွယ်နေတယ်လို့ ထင်ပါတယ်။

**မေး။ ။ အဆွေတော်ဟာ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ပတ်သက်ပြီးလည်း အကြံပြုသူတစ်ဦးလို့သိရပါတယ်။ အခြားနိုင်ငံတွေက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးသာမက မြန်မာနိုင်ငံက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အတွေ့အကြုံကို သိချင်ပါတယ်။**

ဖြေ။ ။ တစ်ကမ္ဘာလုံးမှာရှိတဲ့ ပြည်သူတွေနှစ်သက်မှုမရှိတဲ့အရာတစ်ခုကတော့ အကျင့်ပျက်ခြစားမှုပါပဲ။ ပြည်သူအားလုံးဟာ အကျင့်ပျက်ခြစားမှုကို တိုက်ဖျက်ချင်ကြတယ်။ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းဟာ ခက်ခဲပြီး တိုက်ဖျက်ချင်တဲ့ဆန္ဒတွေ ပြင်းပြဖို့လိုအပ်ပါတယ်။ ရှင်းလင်းပြတ်သားတဲ့ ဥပဒေ၊ အဲဒီဥပဒေချိုးဖောက်တဲ့သူတွေကို အစိုးရကနေထိရောက်တဲ့အရေးယူမှုစတဲ့အရာတွေ များစွာလိုအပ်နေပါတယ်။ အကျင့်ပျက်ခြစားမှုကိုထောက်ပြတဲ့ မီဒီယာနဲ့ လူ့အဖွဲ့အစည်းဆီက ကျယ်လောင်တဲ့အသံတွေ၊ အကျင့်ပျက်မှုကို တိုက်ဖျက်ဖို့ အရပ်ဘက်အဖွဲ့အစည်းနဲ့ ပြည်သူတွေ ပြင်းထန်စွာတောင်းဆိုဖို့ လိုအပ်ပါတယ်။ အစိုးရသစ်အနေနဲ့လည်း အကျင့်ပျက်ခြစားမှုပပျောက်ရေး ပြတ်ပြတ်သားသားလုပ်ဆောင်တာကိုတွေ့ရပြီး အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေရှိလာတဲ့အတွက် အကျင့်ပျက်ခြစားမှုကို ဆက်ပြီးတိုက်ဖျက်သွားမယ်လို့ မျှော်လင့်ရပါတယ်။ မြန်မာနိုင်ငံမှာ အကျင့်ပျက်ခြစားမှု ပပျောက်ရေးအတွက် မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ အခြားသောအဖွဲ့အစည်းတွေက အရေးပါတဲ့အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်နေမယ်လို့မျှော်လင့်ရပါတယ်။

**မေး။ ။ စီးပွားရေးပြုပြင်ပြောင်းလဲမှုပြီးသွားတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်တွေက အကန့်အသတ်ရှိတဲ့အရင်းအမြစ်တွေကို ဘယ်လိုကိုင်တွယ်ရမလဲ။**

ဖြေ။ ။ အဲဒါကတော့ ပညာရေးစနစ်နိမ့်ကျသွားစေတဲ့ နှစ် ၅၀ ကြာ စစ်အုပ်ချုပ်ရေးနောက်ပိုင်းမှာ မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ပါပဲ။ မြန်မာပြည်သူတွေ စွမ်းဆောင်ရည်နဲ့ ဗဟုသုတမြှင့်တင်ပေးဖို့ အများကြီးလိုအပ်တယ်ဆိုတာ အများစုကသဘောတူလက်ခံကြပါတယ်။ ဒါကြောင့်မို့ ပညာရေးပြုပြင်ပြောင်းလဲမှုက အများကြီးလိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ တွေ့ရတာကတော့ မြန်မာပြည်သူတွေဟာ သင်ယူလိုစိတ်ပြင်းပြတဲ့အချက်ပါပဲ။ ဒါကြောင့်မို့ မြန်မာပြည်သူတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးမှာ သင်တန်းနဲ့ ပညာရေးအတွက် အခွင့်အလမ်းရရှိဖို့ အစိုးရဌာနက ပုဂ္ဂိုလ်တွေသာမက အရပ်ဘက်လူ့အဖွဲ့အစည်း၊ မီဒီယာနဲ့ စီးပွားရေးလုပ်ငန်းနယ်ပယ်က လူတွေကိုပါ ဖန်တီးနိုင်စွမ်းရှိဖို့လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ ရှင်းလင်းပြတ်သားတဲ့ ရည်မှန်းချက်တွေ၊ ဦးစားပေးကိစ္စတွေ၊ သတ်မှတ်နိုင်စွမ်းရှိတဲ့ အရည်သွေးမြင့်မားတဲ့ ခေါင်းဆောင်မှုလိုအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အလေးထားလုပ်ဆောင်မယ့် အရာသုံးခု (သို့မဟုတ်) လေးခုရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်တို့အနေနဲ့အကုန်လုံးကို တစ်ပြိုင်နက်မလုပ်ဆောင်နိုင်တဲ့အတွက် ဖြစ်ပါတယ်။

**မေး။ ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စစ်ပွဲမှငြိမ်းချမ်းရေးသို့ အသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့ ထင်မြင်ချက်ကို သိချင်ပါတယ်။ လူမျိုးပေါင်းစုံရှိနေတဲ့ နိုင်ငံတစ်နိုင်ငံအဖို့ ဒီမိုကရေစီရရှိရေးမှာ အစွန်းရောက်အမျိုးသားရေးဝါဒနဲ့မတူကွဲပြားတဲ့ လူမျိုးစုအတွက် ဘယ်လိုမူဝါဒမျိုးက အကျိုးထိရောက်မှုရှိပါသလဲ။**

ဖြေ။ ။ ဒါကတော့မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးတဲ့မေးခွန်းတစ်ခုပါ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး အချက်နှစ်ချက်ပြောချင်ပါတယ်။ (၁)အချက်ကတော့ လုပ်ဆောင်နေတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး မကြာမီကာလမှာ ဒုတိယပင်လုံညီလာခံရှိပါတယ်။ ဒီလိုအချိန်အခါမျိုးဟာ မြန်မာနိုင်ငံအဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရာမှာ အလွန်ကြီးမားတဲ့ အခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုးတက်မှုအချို့ ရှိပါတယ်။ သို့သော်လည်း ပါဝင်တဲ့အုပ်စုတွေဟာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအားနည်းတဲ့အတွက် သတိထားစောင့်ကြည့်နေကြဆဲပဲ ရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒါဟာငြိမ်းချမ်းရေးအတွက် ကြီးမားတဲ့အခွင့်အရေးတစ်ရပ်ဖြစ်တဲ့အတွက် အားလုံးက ပို၍လုံ့လစိုက်အားထုတ်ရမယ့်အချိန်လို့ မြင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် အတူတကွ ညီညီညွတ်ညွတ်နေထိုင်နိုင်ရေးအတွက် ကြိုးပမ်းရာမှာ စိန်ခေါ်မှုတစ်ရပ်နဲ့ ရင်ဆိုင်ရတာပါ။ အဲဒီပြဿနာအတွက် အစိုးရက လုပ်ဆောင်စရာများစွာရှိနေသလို သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း စည်းလုံးညီညွတ်မှုရရှိရေး ကြိုးပမ်းလုပ်ဆောင်နေတဲ့သူတွေကို အလေးထားပြီး ပံ့ပိုးကူညီဖို့လိုအပ်ပါတယ်။ ပြည်သူတွေကို စိတ်ဝမ်းကွဲအောင်လုပ်ခြင်းဖြင့် ဘယ်လူ့အဖွဲ့အစည်းကမှ အောင်မြင်မှုမရနိုင်ပါဘူး။ မိမိရဲ့ပြည်သူတွေကို စည်းလုံးညီညွတ်အောင် လုပ်ဆောင်ခြင်းဖြင့်သာ လူ့အဖွဲ့အစည်းတစ်ရပ်အနေနဲ့ အောင်မြင်မှုရမှာဖြစ်ပါတယ်။ ဒါကလည်း အလွန်ခက်ခဲတဲ့အလုပ်ပါ။ မတူကွဲပြားတဲ့ လူမျိုးစုတွေနဲ့ မတူကွဲပြားတဲ့ ဘာသာရေးအုပ်စုတွေကို နားလည်မှုနဲ့ လေးစားသမှုရရှိအောင်ကြိုးပမ်းရာမှာ ဇွဲ၊ လုံ့လ၊ ဝီရိယများစွာ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်း ၂၀၀ ကျော်လွန်သွားပြီးတဲ့အထိ အဲဒါတွေကို လုပ်ဆောင်နေရဆဲဖြစ်ပါတယ်။ ဒီကိစ္စဟာ အချိန်ယူရသော်လည်း မြန်မာနိုင်ငံအနေနဲ့ စတင်လုပ်ဆောင်ဖို့ အကောင်းဆုံးအချိန်လို့ထင်ပါတယ်။

ပြီးခဲ့တဲ့ခက်ခဲကြမ်းတမ်းတဲ့အချိန်ကာလတွေအတွင်း မြန်မာပြည်သူတွေ အခွင့်အလမ်းသိပ်မရှိခဲ့တဲ့အချိန်မှာ အခွင့်အလမ်းတွေ ပိုမိုရရှိဖို့၊ ပိုမိုလွတ်လပ်ဖို့နဲ့ သူတို့ရဲ့အိပ်မက်တွေကို ဆက်လက်လုပ်ဆောင်ဖို့ ကျွန်တော်တို့ပြည်သူတွေဘက်မှာ ရှိခဲ့ပါတယ်။ မကြာသေးမီနှစ်အနည်းငယ်အတွင်း လုပ်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေမှာ အကူအညီပေးဖို့နဲ့ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာမှု၊ အခွင့်အလမ်းတွေနဲ့ ပိုမိုခိုင်မာတဲ့ ဒီမိုကရေစီတည်ဆောက်ဖို့ ကြိုးစားနေတဲ့ ပြည်သူတွေဘက်မှာ တူညီတဲ့ရည်မှန်းချက်နဲ့ပံ့ပိုးကူညီရာမှာ အစိုးရနဲ့လက်တွဲလုပ်ဆောင်ဖို့ ကျွန်တော်တို့အတွက် အများကြီးလွယ်ကူလာပါပြီ။ ကျွန်တော်တို့အနေနဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကနေ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုနဲ့ ကျန်းမာရေးအထိ နှစ်ပေါင်းများစွာကြာ သိသာထင်ရှားတဲ့အကူအညီအစီအစဉ်တစ်ရပ် ပံ့ပိုးပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နေပြီး အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံနဲ့ နယ်ပယ်တွေအားလုံးအတွက် အလွန်ကိုကောင်းမွန်တဲ့ အကူအညီပေးရေး အစီအစဉ်တစ်ရပ်ပံ့ပိုးပေးတဲ့ ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ဥပဒေကြမ်းတစ်ရပ်ကို အတည်ပြုခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အကူအညီတွေက ပညာပေးတဲ့အစီအစဉ်တွေ၊ အပြန်အလှန်လည်ပတ်ရေး အစီအစဉ်တွေနဲ့ ခက်ခဲတဲ့ကိစ္စရပ်တွေကို ကူညီဖြေရှင်းပေးနိုင်တဲ့ သံတမန်ပိုင်းဆိုင်ရာကူညီမှုအဖြစ် ဆက်လက်ရှိနေပါတယ်။ ဒီအကူအညီပေးရေးအစီအစဉ်တွေက သမ္မတအိုဘားမားလက်ထက်မှာရှိခဲ့သလို သမ္မတထရန့်လက်ထက်မှာလည်း အတူတူပါပဲ။ ဒီမိတ်ဖက်ဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်ဖို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားသလို ပြီးခဲ့တဲ့နှစ်က ကြေညာခဲ့တဲ့ အမေရိကန်-မြန်မာ မိတ်ဖက်ဆောင်ရွက်မှုသစ်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ အလွန်ကို စိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံရဲ့ အလွန်ကိုကောင်းမွန်တဲ့ မိတ်ဆွေကောင်းမိတ်ဖက်နိုင်ငံတစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားမှာပါ။

**မေး။ ။ သမ္မတအိုဘားမားလက်ထက်မှာ မြန်မာနိုင်ငံကို နှစ်ကြိမ်လာရောက်ခဲ့သလို နှစ်နိုင်ငံဆက်ဆံရေးက အလွန်ကိုရင်းနှီးပြီး နွေးထွေးခဲ့ပါတယ်။ အခု သမ္မတထရန့် အာဏာရရှိလာပြီးတဲ့နောက် မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ နိုင်ငံခြားရေးမူဝါဒက ဘယ်လိုလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ အသွင်ကူးပြောင်းရေးကို ပံ့ပိုးကူညီဖို့နဲ့ ပြီးခဲ့တဲ့နှစ်က ကြေညာခဲ့တဲ့ အမေရိကန်-မြန်မာ မိတ်ဖက်ဆောင်ရွက်မှုသစ် ဆက်လက်လုပ်ဆောင်ရာမှာ အလွန်ကိုနီးကပ်တဲ့ ဆက်ဆံရေးတစ်ရပ် ဆက်လက်တည်ဆောက်ဖို့ အမေရိကန်ပြည်ထောင်စုရဲ့ ခိုင်မာတဲ့ ကတိကဝတ်ကို အစိုးရသစ်က ပြတ်ပြတ်သားသား ထပ်လောင်းအတည်ပြုခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်း ဝါရှင်တန်ကို သွားရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီး တေလာဆင်၊ အခြားတာဝန်ရှိသူတွေနဲ့တွေ့ဆုံခဲ့ပါတယ်။ ဝါရှင်တန်ကနေ ကျွန်တော့်ထံပေးပို့ခဲ့တဲ့ တူညီတဲ့မှာကြားချက်ကို မြန်မာခေါင်းဆောင်တွေထံ ပေးပို့ခဲ့ပါတယ်။ ဒါကြောင့်မို့ ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေအားလုံးကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်နေသလို မိတ်ဖက်နိုင်ငံကောင်းတစ်နိုင်ငံဖြစ်ဖို့ ကြိုးစားနေပါတယ်။ ဒီမနက်မှာပဲ စီးပွားရေးဘက်ကနေကြည့်မယ်ဆိုရင် အလွန်ကိုစိတ်လှုပ်ရှားစရာကောင်းတဲ့ Uber တက္ကစီဝန်ဆောင်မှုလုပ်ငန်းဖွင့်ပွဲကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ ဒီလနှောင်းပိုင်းမှာ ပထမဆုံးအသုတ် Peace Corps စေတနာ့ဝန်ထမ်းတွေရဲ့ တရားဝင်ကျမ်းသစ္စာကြိမ်ဆိုမှုကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ **စာမျက်နှာ ၁၀ သို့ »»**

# ဥူးလောက် - ရှာသစ် - ရွှေညောင်ပင် ကျေးရွာချင်းဆက်လမ်းနှင့် ဖူမန်းချောင်းတံတားဖွင့်

**မြစ်ကြီးနား မေ ၁၄**
မြစ်ကြီးနားမြို့နယ်အတွင်း ဆွတ်ဘွမ်ကုမ္ပဏီလီမိတက်နှင့် ကျင်းရှင်း(ထိန်ချုံး) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် ဥူးလောက်-ရှာသစ်-ရွှေညောင်ပင်ကျေးရွာချင်းဆက် သဲကျောက်လမ်းနှင့် ဖူမန်းချောင်းတံတားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကျင်းရှင်း(ထိန်ချုံး)ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာနှင့် ဆွတ်ဘွမ်ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးခေါင်ဒေါင်တို့က ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်း၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတံတား ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ မိမိတို့ကျေးရွာများအနေဖြင့် ဧရာဝတီမြစ်ကိုအခြေပြုပြီး ရွာတည်ခဲ့ကြသည့်အတွက် ယခင်က ရေကြောင်းခရီးဖြင့် သာသွားလာခဲ့ကြသော်လည်း မြစ်ကြောင်း ပြောင်းလဲမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲလာပြီး ဒေသဖွံ့ဖြိုးရေးအတွက် နှောင့်နှေးစေခဲ့ကြောင်း၊ ယခုလမ်းနှင့် တံတားများကို ပြုပြင်တည်ဆောက်ပေးပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည့်အတွက် ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်ရှိကြောင်း ကျေးရွာရပ်မိ ရပ်ဖ ဦးတင်သက်က ပြန်လည်ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် ဆွတ်ဘွမ်စိုက်ပျိုးမွေးမြူရေးကုမ္ပဏီလီမိတက်နာယက ဦးခက်ထိန်နန်တို့က လမ်းနှင့် တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဥူးလောက်-ရှာသစ်-ရွှေညောင်ပင်လမ်းသည် အရှည် မိုင် ၂၀ ရှိပြီး မိုးရာသီတွင် ရေဝပ်ခြင်းနှင့် ရေကျော်တံတားများသည် ပျက်စီးယိုယွင်းမှုဖြစ်လာသည့်အတွက် ဖြတ်သန်းသွားလာမှု ခက်ခဲလျက်ရှိရာ ဆွတ်ဘွမ်ကုမ္ပဏီသည် ယင်းကျေးရွာချင်းဆက်ကို ရာသီမရွေး ဖြတ်သန်းနိုင်သော ၂၅ ပေအကျယ် သဲကျောက်လမ်းအဖြစ်လည်းကောင်း၊ ချောင်းကူတံတား ခြောက်စင်းကို သံကူကွန်ကရစ်တံတားများအဖြစ် လည်းကောင်း အသစ်ပြုပြင်တည်ဆောက်ပေးခဲ့ပြီး အဆိုပါဒေသ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ဥယျာဉ်ခြံမြေများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် စီမံကိန်းများချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကာကွယ်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရန်ပုံငွေ ကျပ်သန်း ၆၁၂ ဒသမ ၂၅ ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျောက်စီနံရံနှင့် တမံတည်ဆောက်ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာရွေးချယ်

**မအူပင် မေ ၁၄**
၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းကျေးရွာရွေးချယ်ဖွဲ့စည်းမှုကို မေ ၁၁ ရက် နံနက်က မအူပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးချယ်ဖွဲ့စည်းမှုကို ၂၀၁၆ ခုနှစ် မြစိမ်းရောင်စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံလျက် ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့ကြရာ ကျီးချောင်း၊ ပေချောင်း၊ မြဦးအိုင်၊ ငါးဖယ်အို(အောက်စု)၊ ကရင်စု+ဝက်စု၊ ကွဲလမ်းကြီး+စာဖြူစု၊ ငှက်တော်ရိုး၊ မရမ်းကွေ့၊ ကံစု၊ အိုင်ဝိုင်း၊ လတာကြီး + လတာကြီး(တောင်)+လတာ၊ ကွင်းကြီးချောင်း၊ လတာကြီး(မြောက်)၊ ခနောင်+ သံဖြူစသည့် ကျေးရွာ ယူနစ် ၁၂ ယူနစ်၊ ရွာပေါင်း ၂၀ တို့အား ကနဦးအတည်ပြုချက်အဖြစ် လျာထားသတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။
**(သပြေထွန်း)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၄**
တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့် စနူကာ အားကစားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

စနူကာနှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက သုံးပွဲ-တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိသွားသည်။

ထို့အတူ စနူကာတစ်ဦးချင်းပွဲစဉ်တွင် သက်မင်းလင်း(မွန်)က သုံးပွဲ-နှစ်ပွဲ၊ ကျော်စိုးထွန်း(ရှမ်း)က သုံးပွဲ-တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ဘိလိယက်တစ်ဦးချင်းပွဲစဉ်တွင် ဝေဟင်မိုး(စစ်ကိုင်း)က သုံးပွဲ-တစ်ပွဲ၊ ပြည့်ဖြိုးဝင်း(မန္တလေး)က သုံးပွဲပြတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် စနူကာနှစ်ယောက်တွဲ တတိယလုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘိလိယက်နှစ်ယောက်တွဲ တတိယလုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက နှစ်ပွဲပြတ်၊ ဘိလိယက်တစ်ဦးချင်း တတိယလုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ လှထွန်း(ရှမ်း)က နှစ်ပွဲပြတ်၊ စနူကာတစ်ဦးချင်း တတိယလုပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ အောင်မျိုးထွန်း(ပဲခူး)က နှစ်ပွဲ-တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲအဖြစ် မေ ၁၅ ရက်တွင် နောက်ဆုံးဖိုင်နယ် ပွဲစဉ်များကို နံနက် ၉ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘိလိယက်နှင့်စနူကာပြိုင်ပွဲရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။
**(မောင်မောင်ဇော်)**

»»» စာမျက်နှာ ၉ မှ

**မေး။ ။ ဒုတိယမေးခွန်းကတော့ အမေရိကန်သမ္မတဟောင်းလက်ထက်နဲ့ ၂၀၁၁ ခုနှစ်မှာ သမ္မတ ဦးသိန်းစိန်လက်ထက်အတွင်း မြန်မာနိုင်ငံက စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ် မှာရှိခဲ့ပြီး ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ဖို့ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ ပြုပြင်ပြောင်းလဲရေးကို နိုင်ငံရေးနဲ့ စီးပွားရေးမှာ ရှေ့သွားနောက်လိုက်ညီညီ လုပ်ဆောင်နိုင်ခဲ့တယ်လို့ ထင်ပါတယ်။ အလွန်လည်း ခက်ခဲတဲ့အလုပ်တစ်ခုဖြစ်ပါတယ်။ အဲဒီကာလမှာ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံကို ပံ့ပိုးကူညီပေးခဲ့တဲ့ အကူအညီအမျိုးအစား အထူးသဖြင့် USAID ရဲ့ အကူအညီတွေနဲ့ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ USAID က ၂၀၀၈ ခုနှစ် မေလအတွင်းဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်းဖြစ်ပွားချိန်မှာ အကူအညီပေးမှုစတင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံကို ကူညီပေးဖို့ကြိုးစားနေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ၂၀၁၁-၂၀၁၂ ဝန်းကျင် မြန်မာနိုင်ငံမှာ ပြုပြင်ပြောင်းလဲရေးတွေစတင်ခဲ့ချိန်မှာ USAID အစီအစဉ်အပြည့်အဝပေးအပ်ဖို့ ကျွန်တော်တို့စတင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ USAID က မြန်မာနိုင်ငံမှာ ရုံးခွဲဖွင့်လှစ်ခဲ့ပြီးတော့ နယ်ပယ် သုံးခု သို့မဟုတ် လေးခုမှာ အလေးပေးလုပ်ဆောင်ခဲ့ပါတယ်။ နယ်ပယ်တစ်ခုကတော့ စီးပွားရေးနယ်ပယ်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အလွန်ကို အရေးပါတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်။ စီးပွားရေးမူဝါဒအကူအညီ အထူးသဖြင့် တောင်သူလယ်သမားတွေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒကို အကူအညီဖြစ်စေတဲ့ စိုက်ပျိုးရေးကဏ္ဍမှာ အလေးပေးခဲ့တဲ့အတွက် စီးပွားရေးနယ်ပယ်က အလွန်ကို အရေးပါတဲ့ နယ်ပယ်တစ်ခုဖြစ်ခဲ့ပါတယ်။ နောက်ထပ်နယ်ပယ်တစ်ခုကတော့ ကျယ်ပြောတဲ့ ဒီမိုကရေစီစနစ်နဲ့ အုပ်ချုပ်ရေးအစီအစဉ်တွေဖြစ်ပြီးတော့ လွှတ်တော်အတွင်း စွမ်းဆောင်ရည်တိုးတက်အောင် ကြိုးစားကူညီပေးနေသလို လွတ်လပ်တဲ့မီဒီယာတွေ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တခြားမတူညီတဲ့ နယ်ပယ်တွေမှာ ပံ့ပိုးကူညီဖို့လုပ်ဆောင်နေပါတယ်။

တတိယနယ်ပယ်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပံ့ပိုးကူညီဖို့ ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်။ အဲဒီလုပ်ဆောင်ချက်တွေအနက် တချို့ကတော့ သံတမန်ရေးရာဖြစ်ပြီး တချို့ကတော့ ပညာရေးကဏ္ဍမှာ အကူအညီတွေ ပိုမိုပေးအပ်ခြင်းဖြစ်ပါတယ်။ ဖက်ဒရယ်ဝါဒနဲ့ပတ်သက်လို့ ဖက်ဒရယ်ဝါဒဘယ်လိုလဲဆိုတာ ရှင်းပြဖို့ ကျွန်တော်တို့ နှီးနှောဖလှယ်ပွဲတွေ ကျင်းပနေပါတယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း ကျွန်တော်တို့ လုပ်ဆောင်နေသလို ကျန်းမာရေးနယ်ပယ်မှာလည်း ကောင်းမွန်တဲ့အစီအစဉ်တစ်ရပ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးနဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးမှာလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သားဖွားဆရာမတွေအတွက်ပြုလုပ်တဲ့ အစီအစဉ်တစ်ခုကို ကျန်းမာရေးဝန်ကြီးနဲ့အတူ ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့အရာတွေထဲမှာ ဥပမာတစ်ခုကတော့ သားဖွားဆရာမတွေရဲ့ လေ့ကျင့်ရေးသင်တန်း တိုးတက်လာစေဖို့ဖြစ်ပါတယ်။ ဒီနယ်ပယ်တွေကတော့ ကျွန်တော်တို့လုပ်ဆောင်နေတဲ့ ဆက်လက်လုပ်ဆောင်မယ့် နယ်ပယ်တွေပဲဖြစ်ပါတယ်။

**မေး။ ။ ဒီအစီအစဉ်အကောင်အထည်ဖော်စဉ်အတွင်း နယ်ပယ်သုံးခုရှိတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒီနယ်ပယ်တွေထဲမှာ ဘယ်နယ်ပယ်က မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကို အကူအညီဖြစ်စေသလဲ။ အခြေခံအချက်ကတော့ ပညာတတ်မြောက်တဲ့ နိုင်ငံသားတွေဖြစ်ပြီး နိုင်ငံသားတွေဟာ ဗဟုသုတရှိရမယ်။ ပညာတတ်မြောက်မှ နောက်ဆုံးရသတင်းအချက်အလက်တွေကို သိရှိရမှာဖြစ်ပါတယ်။ အခြားအချက်ကတော့ နိုင်ငံသားကောင်းတစ်ယောက်အနေနဲ့ သူတို့ရဲ့ရပိုင်ခွင့်တွေအကြောင်း မပြောကြားဘဲ သူတို့ရဲ့ တာဝန်ဝတ္တရားတွေအကြောင်း ပြောကြားခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီသမ္မတနိုင်ငံတစ်ခုတည်ထောင်တဲ့ အတိတ်ကာလသမိုင်းကနေ သင်ယူနိုင်ခဲ့မယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ အကျိုးကျေးဇူးများစွာရရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။**

**တတိယအချက်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်ပါတယ်။ အဆွေတော်သိတဲ့အတိုင်းပဲ။ တိုင်းရင်းသားလူမျိုးစုတွေအားလုံးက သူတို့ရဲ့ တာဝန်ဝတ္တရားတွေအပြင် ဖက်ဒရယ်အစိုးရတစ်ရပ်အောက်မှာ သူတို့ဘာရရှိမယ်ဆိုတာမသိသရွေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မအောင်မြင်နိုင်ပါဘူး။ ဒီပြဿနာအတွက် ကျွန်တော်မြင်မိတဲ့ အဓိကအချက်ကတော့ သဘာဝအရင်းအမြစ်တွေ ဒါမှမဟုတ် တိုင်းနဲ့ပြည်နယ်တစ်ခုစီရဲ့ ထွက်ကုန်တွေကို ဘယ်လိုခွဲဝေကြမလဲ။ ပြီးတော့ တိုင်းပြည်ရဲ့ ကြွယ်ဝချမ်းသာမှုကို ဘယ်လိုအညီအမျှခွဲဝေကြမလဲဆိုတာပါပဲ။ ကချင်ပြည်နယ်မှာ ဘာတွေပဲထွက်ထွက် ကရင်ပြည်နယ်မှာဘာတွေပဲထုတ်ထုတ် အဲဒီဟာတွေက ဖက်ဒရယ်အစိုးရဆီကို ရောက်သွားသင့်ပြီး တိုင်းနဲ့ပြည်နယ်အသီးသီးဆီကို ပြန်လည်ခွဲဝေပေးသင့်ပါတယ်။ ဒီအတွေ့အကြုံတွေကနေ အကျိုးကျေးဇူးများစွာဖြစ်ထွန်းမယ်လို့ ကျွန်တော်ထင်ပါတယ်။**

ဖြေ။ ။ ကျေးဇူးတင်ပါတယ်။ ဒီမေးခွန်းအပေါ်မှာ ကျွန်တော်မှတ်ချက်ပေးနိုင်တာကတော့ နောက်ဆုံးအချက်ပဲဖြစ်ပါတယ်။ ခင်ဗျားပြောတာမှန်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် တည်ဆောက်ဖို့ဆိုတာ ပြည်သူအများစုနဲ့ တိုင်းရင်းသားအုပ်စုတွေအားလုံးအတွက် အလွန်ကိုအရေးကြီးပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက်လည်း မရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်တော်တို့အသုံးပြုခဲ့တဲ့နည်းလမ်းက အမေရိကန်ပြည်ထောင်စုရဲ့ စံနမူနာ(Model) ပေးဖို့မဟုတ်ဘဲ ဘာပြုလုပ်သင့်တယ်ဆိုတာ ပြောဖို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနည်းလမ်းက မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားလို့ပါ။ ကျွန်တော်တို့ အခုဆိုရင် အမေရိကန်ပြည်ထောင်စုမှာ အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းထားပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဖက်ဒရယ်မူတည်ဆောက်ရေးမှာပါဝင်နေတဲ့ လူ ၁၅ ဦးပါတဲ့အဖွဲ့တစ်ဖွဲ့ကို ကျွန်တော်တို့စေလွှတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့ဟာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အစိုးရတာဝန်ရှိသူတွေ၊ တပ်မတော်၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ ဖက်ဒရယ်စနစ်ကို ကျွန်တော်တို့ ဘယ်လိုကျင့်သုံးခဲ့တယ်ဆိုတာကို ပုံတူကူးချဖို့မဟုတ်ဘဲ အကြံဉာဏ်တွေရရှိကာ တိတိကျကျလေ့လာဖို့ နှစ်ပတ်ကြာအစီအစဉ်တစ်ရပ် သွားရောက်ခဲ့တဲ့ သတင်းစာဆရာတစ်ယောက် သို့မဟုတ် နှစ်ယောက်ပါဝင်တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်မိုလို့ ဒီလိုစေလွှတ်မှုတွေကို ပုံမှန်ပြုလုပ်သွားဖို့နဲ့ ဆက်လက်ဆောင်ရွက်ဖို့ မျှော်လင့်ပါတယ်။ ပညာရေးကဏ္ဍမှာ ပြောင်းလဲရမယ့် နောက်တစ်ချက်ကတော့ ပညာတတ်မြောက်တဲ့ပြည်သူတစ်ရပ် အလွန်ကို အရေးကြီးတယ်ဆိုတာ မှန်ပါတယ်။

ပညာရေးအစီအစဉ်မှာ တိုင်းပြည်အချို့ရဲ့ ကြီးမားစွာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နေမှုက အဲဒီနယ်ပယ်မှာ အာရုံစိုက်စေခဲ့ပါတယ်။ ဒီလို ကြိုးပမ်းအားထုတ်မှုတွေကို ပုံတူမကူးချင်ပေမဲ့ အကြံပေးနိုင်ဖို့သာမက အဆင့်မြင့်ပညာရေးအစီအစဉ်အချို့ တိုးချဲ့ဖို့ လုပ်ဆောင်နေပါတယ်။ Fulbright Scholarships လို ပညာတော်သင်ဆုတွေကို ပညာရေးနယ်ပယ်မှာပံ့ပိုးပေးဖို့ ကြိုးပမ်းနေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လုပ်ဆောင်နေတာကတော့ USAID အစီအစဉ်မဟုတ်ဘဲ အမေရိကန်သံရုံးကနေတစ်ဆင့်ဆောင်ရွက်နေတဲ့ iPACE (Institute for Political and Civil Engagement) လို့ခေါ်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီအစီအစဉ်က အခြေခံအားဖြင့် အမေရိကန်စင်တာနဲ့ မန္တလေးမြို့မှာ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ အင်္ဂလိပ်ဘာသာစကားနဲ့ ပြည်သူနဲ့ဆိုင်တဲ့လေ့ကျင့်ရေးပေါင်းစပ်ထားတဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီအစီအစဉ်က အလွန်ကိုကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံးကပြည်သူတွေကို တက်ရောက်စေပါတယ်။ မြန်မာပြည်သူတွေကလည်း ဒီအစီအစဉ်ကို အမှန်တကယ် ကြိုက်နှစ်သက်ပုံပေါ်ပြီး သူတို့နှစ်သက်တဲ့အတွက် ကျွန်တော်တို့လည်း အမှန်တကယ်ပျော်ရွှင်ရပါတယ်။ ဒီနှစ်နှောင်းပိုင်းမှာ အမေရိကန်စင်တာသစ်ကို ကျွန်တော်တို့ ထပ်မံဖွင့်လှစ်မှာဖြစ်လို့ ကျွန်တော်တို့ အဲဒီလိုအစီအစဉ်တွေ ပိုမိုတိုးချဲ့လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

■

ပြည်တွင်းရေးရာ

# ပုဂ္ဂလိကကုမ္ပဏီမှဝယ်ယူထားသော ဘတ်စ်ကားသစ်များ YBS ယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲနိုင်တော့မည်

**ရန်ကုန် မေ ၁၄**

ပုဂ္ဂလိကကုမ္ပဏီများမှ ဝယ်ယူထားသော ကားများနှင့် အစိုးရချင်း ချိတ်ဆက်မှုဖြင့် ဝယ်ယူထားသော ဘတ်စ်ကားသစ်များ ရန်ကုန်မြို့ရှိ YBS ယာဉ်လိုင်းများတွင် မကြာမီ ထည့်သွင်းပြေးဆွဲနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တရုတ်နိုင်ငံနှင့် အစိုးရချင်းချိတ်ဆက်ကာ ဝယ်ယူခဲ့သည့် ဘတ်စ်ကားအစီး ၁၀၀၀ အနက် Ankai ကုမ္ပဏီမှ အစီး ၅၀၀ ကို အဆိုပါ ကုမ္ပဏီမှ စတင်အပ်နှံခြင်းအစီအစဉ်ကို မေ ၁၂ ရက်က တရုတ်နိုင်ငံရှိ စက်ရုံတွင်ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမှ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်ဟု တရုတ်ကုမ္ပဏီမှ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ဘတ်စ်ကားသစ်များကို မေ ၁၃ ရက်တွင် သင်္ဘောတင်၍ ရန်ကုန်မြို့သို့ သယ်ဆောင်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်အသုံးပြုရန် ဘက်စုံမြင်ကွင်းကုမ္ပဏီက ပြည်ပမှ မှာယူတင်သွင်းလာသော ဘတ်စ်ကား အစီး ၁၀၀ ခန့်မှာလည်း ရောက်ရှိလာပြီးဖြစ်ရာ မြို့ပြယာဉ်လိုင်းများတွင် ထည့်သွင်းပြေးဆွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အစိုးရအဖွဲ့က တရုတ်နိုင်ငံမှ ဝယ်ယူထားသော ဘတ်စ်ကားသစ် အစီး ၁၀၀၀ တွင် Yutong ကုမ္ပဏီမှ အစီး ၅၀၀၊ Ankaiကုမ္ပဏီမှ အစီး ၅၀၀ ဝယ်ယူထားခြင်းဖြစ်ပြီး လက်ရှိတွင် Ankai ကုမ္ပဏီမှ အစီး ၅၀၀ ကို စတင်ပို့ဆောင်နေပြီဖြစ်ကာ ကျန်ကားများလည်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ဘတ်စ်ကားသစ် အစီး ၁၀၀၀ ဝယ်ယူရန် အဆိုပါ ကုမ္ပဏီတို့နှင့် ဧပြီ ၁၁ ရက်က စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်အစီးရေ လိုအပ်ချက်ဖြစ်ပေါ်နေသော YBS ဘတ်စ်ကား သယ်ယူပို့ဆောင်ရေးစနစ်တွင် ယာဉ်အသစ်များ အမြန်ဆုံးဖြည့်ဆည်းနိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရချင်းချိတ်ဆက်မှုဖြင့် အရည်အသွေး၊ ဈေးနှုန်းပိုင်းဆိုင်ရာတို့အပြင် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိနိုင်မည့် ယာဉ်များဖြစ်ရန် ညှိနှိုင်းဆောင်ရွက်မှုများ၊ သက်ဆိုင်ရာ ယာဉ်ကျွမ်းကျင်အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် မူလမျှော်မှန်းထားသည်ထက် အနည်းငယ်နောက်ကျသွားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားထားသည်။

(၀၀၁)

❑

# လေပြင်းတိုက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စာသင်ကျောင်း ၅၁ ကျောင်းပျက်စီးမှု လာမည့်ကျောင်းဖွင့်ရာသီအမီ ပြန်လည်ပြုပြင်တည်ဆောက်သွားမည်

**မုံရွာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်၊ မိုးသီးကြွေခြင်းများကြောင့် ၂၄ မြို့နယ်တွင် အမိုးလန်၊ အဆောက်အအုံပျက်စီးသည့်အထဲတွင် စာသင်ကျောင်းများလည်း ပါဝင်ရာ ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်မှုများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

"လေဘေးသင့်တဲ့အထဲမှာ စာသင်ကျောင်းတွေလည်းပါပါတယ်။ ကျောင်းဖွင့်ချိန်အမီ အဓိက ဦးစားပေးပြင်ဆင်ဖို့ ဆောင်ရွက်နေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ လေတိုက်လို့ စာသင်ကျောင်း ၅၁ ကျောင်း ပျက်စီးတယ်လို့ စာရင်းတွေအရ သိရပါတယ်။ ပျက်စီးဆုံးရှုံးတဲ့ စာသင်ကျောင်းတွေထဲမှာ ၁၇ ကျောင်းအတွက် ၁၅၃ သိန်းကျော် ပြင်ဆင်ဖို့ ထုတ်ပေးပြီးလည်းဖြစ်ပါတယ်။ ကျန်တဲ့ ၃၄ ကျောင်းအတွက်လည်း ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်နိုင်အောင် ငွေထုတ်ပေးဖို့ ပြင်ဆင်ဆောင်ရွက်နေပါပြီ"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။



စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးဒဏ်ဖြစ်လာလျှင် အရေးကြီးပစ္စည်းများ ထိန်းသိမ်းရာ၌ အဆင့်(A)(B)နှင့် (C)ဟူ၍ အဆင့်များခွဲကာ ထိန်းသိမ်းစောင့်ရှောက်ကြရန် ဌာနဆိုင်ရာကျောင်းများ၊ ဆေးရုံများ စသည့်ဌာနများတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများကို မှာကြားစီမံထားပြီးဖြစ်ကြောင်း ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

လေပြင်းနှင့် မိုးသည်းထန်စွာရွာလျှင် အရေးကြီးဆုံး မည်သည့်ပစ္စည်းကို မည်သည့်နေရာသို့ မည်သည့်နည်းဖြင့် ရွှေ့ပြောင်းကြရမည်ကိုလည်း ကောင်း၊ အရေးကြီးပစ္စည်းများ၊ စာရွက်စာတမ်းများ မပျက်အောင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အဆင့်ဆင့်သို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မတ် ၂၅ ရက်မှ မေ ၁၂ ရက်အထိ တိုက်ခတ်ခဲ့သော လေပြင်းနှင့် မိုးရွာသွန်းမှုများကြောင့် ပညာရေးအနေဖြင့် ကျောင်းဆောင်အများဆုံး ပျက်စီးမှုသည် ကနီမြို့နယ်တွင် အများဆုံးဖြစ်သလို ဟုမ္မလင်းမြို့နယ်တွင် ဒုတိယအများဆုံးပျက်စီးခဲ့ပြီး တတိယအများဆုံးအဖြစ် တမူးတွင် ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မတ်၂၅ ရက်မှ မေ ၁၂ ရက်အထိ သေဆုံးသူ ရှစ်ဦးအထိရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိခဲ့ကြောင်း ကောက်ယူထားသော စာရင်းများအရ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးကြိုကာလမတိုင်မီ ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ပုသိမ် မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသော မိုးကြိုကာလမတိုင်မီ ရေယာဉ်များအန္တရာယ်ကင်းရှင်းရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှ မြို့နယ်ရစကကြီးကြပ်မှု ကော်မတီဝင်များ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင့် ရေယာဉ်ဝန်ထမ်းများအား အသိပညာပေးဟောပြောပွဲကို မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်မြို့ အမှတ်(၂) နယ်မြေ ကမ်းနားလမ်းပြည်လုံးချမ်းသာ မဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မြင့်သိန်း (နည်းပညာ)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး (ရေကြောင်းလုပ်ငန်းဌာနခွဲ) ဦးစိုးနိုင်(၂)က ရေကြောင်းပညာရပ်များကို စိတ်ဝင်စားဖွယ် ဖြစ်ရပ်မှန်သာဓကများနှင့် ပရိုဂျက်တာဖြင့် ပညာပေးဟောပြောခဲ့သည်။

**(ပုသိမ်လှကြည်)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲမှူးရုံး(လက်ပံတန်း)မှ ခေတ္တတပ်ခွဲမှူး ရဲအုပ်ကျော်ကျော်ခိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် မေ ၁၁ ရက်က လက်ပံတန်းဘူတာ အမှတ် (၂)စင်္ကြံတွင် ရထားစီးနင်းရန်စောင့်ဆိုင်းနေသည့် ခရီးသွားပြည်သူများအား ရထားနှင့် ယာဉ် ကြိတ်/တိုက်/ပြုတ်ကျသည့်ဖြစ်စဉ်များ လျော့နည်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များ မဖြစ်စေရေး အသိပညာပေးဟောပြောပြီး ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

**(ရထားရဲတပ်ဖွဲ့)**



**ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်ဖွဲ့စည်းထားသည့် "ဖြူစင်သန့်စင်"နှင့် "မနောဖြူ"အဖွဲ့များသည် အပတ်စဉ်စနေနေ့တိုင်း စာသင်ကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ဆေးရုံများ၊ ဘုရားပုထိုးစေတီများတွင် သန့်ရှင်းရေးလုပ်အားဒါနများ ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက် နံနက်ပိုင်းက နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းနှင့် သစ်ရွက်ခြောက်များ၊ အမှိုက်သရိုက်များကို ဝန်ထမ်းအင်အား ၁၀၀၀ ကျော်ဖြင့် သန့်ရှင်းရေးလုပ်အားဒါနပြုကြစဉ်။** ဝင်းအောင်(စိုက်ပျိုးရေး)

## သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုရေးနှိုးဆော်ချက်

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသော အဓိကသီးနှံများတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ လုံလောက်စွာ ရရှိအသုံးပြုနိုင်ရေးအတွက် တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် အပင်ပေါက်ကောင်းမွန်ခြင်းကြောင့် မျိုးစေ့နှုန်းထားလျှော့ချသုံးစွဲနိုင်ခြင်း၊ အပင်ဖြစ်ထွန်းမှုညီညာခြင်း၊ ရင့်မှည့်ချိန်ညီညာ၍ ရိတ်သိမ်းရလွယ်ကူခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ အထွက်နှုန်းတိုးတက်ထွက်ရှိနိုင်ခြင်း၊ အရည်အသွေးကောင်းသီးနှံများ ထုတ်လုပ်ရရှိမည်ဖြစ်သဖြင့် ဝင်ငွေပိုမိုရရှိခြင်း စသည့်အကျိုးကျေးဇူးများကို လက်ငင်းရရှိခံစားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၊ ပုဂ္ဂလိကစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြု စိုက်ပျိုးကြပါရန်နှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များနှင့် လိုအပ်သော နည်းပညာအကူအညီများရရှိရေးတို့အတွက် နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် ခြံ/စိုက်ကွင်းများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**သဲကုန်း မေ ၁၄**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများလျှပ်စစ်ဓာတ်အားရရှိရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ရပ်ကွက်(၁) ဈေးအနီးတွင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံး၊ ၁၁ ကေဗွီလိုင်း ပေ ၃၀၀၀ နှင့် ၄၀၀ ဗို့အားလိုင်း ပေ ၁၃၀၀ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုပိုလျှံရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇင်လတ် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ မေ ၆ ရက်တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ခေတ္တရွာ)**

# မောင်တောခရိုင်ပြည်သူ့ဆေးရုံ၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီး မကြာမီဖွင့်လှစ်မည်

**မောင်တော မေ ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မောင်တောခရိုင် ပြည်သူ့ဆေးရုံကြီး၌ ခေတ်မီခွဲစိတ်ခန်းသစ်ကြီးကို လာမည့်ဇွန်လထဲတွင် စတင်ဖွင့်လှစ်ကာ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မောင်တောခရိုင် ပြည်သူ့ဆေးရုံမှသိရသည်။

"ဒီဆေးရုံမှာတော့ လတ်တလောအထူးဖြစ်တဲ့ ရောဂါရှင်တွေ မရှိပါဘူး။ ပုံမှန်ဖျားနာတာလောက်ရယ်၊ ကလေးမွေးဖွားတာရယ်၊ ကလေးပန်းနာရင်ကျပ်၊ ငှက်ဖျား၊ တီဘီစတဲ့ ရောဂါလောက်ပဲ အနည်းငယ်တက်နေတာရှိပါတယ်။ ကျွန်တော်တို့ ဆရာဝန်တွေအနေနဲ့ လူနာတိုင်းကို လူမျိုးမရွေး၊ ဘာသာမရွေးတန်းတူပဲကျန်းမာရေးပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်ပေးပါတယ်။ နိုင်ငံတော်က ကူညီထောက်ပံ့ပေးထားတဲ့ဆေးရယ်၊ တချို့ NGO တွေက လှူဒါန်းထားတဲ့ဆေးတွေနဲ့ အတတ်နိုင်ဆုံး လူနာရှင်ကုန်ကျစရိတ် သက်သာအောင် ဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့ဆီမှာ မရှိတဲ့ဆေးဆိုရင်တော့ လူနာရှင်ကို ပြောပြီးဝယ်ခိုင်းရတာပေ့ါ။ ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကတော့ ဘက်လိုက်မှုမရှိဘဲ တန်းတူကူညီစောင့်ရှောက်ပေးပါတယ်" ဟု မောင်တောခရိုင် ပြည်သူ့ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာစိုးအောင်သန်းက ပြောသည်။

မောင်တောခရိုင် ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးနှင့်အတူ လက်ထောက် ဆရာဝန်ငါးဦး၊ ခွဲစိတ်အထူးကု၊ မေ့ဆေးအထူးကု၊ သမားတော်၊ သားဖွားမီးယပ် စသည်ဖြင့် ကဏ္ဍအလိုက် အထူးကုဆရာဝန်များနှင့် သူနာပြုဆရာမ ၂၀ ဝန်းကျင်ဖြင့် နေ့စဉ် ၂၄ နာရီ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

ထို့ပြင် မောင်တောခရိုင်အတွင်း အလယ်သံကျော်၊ ကြိမ်ချောင်းနှင့် အောင်သပြေတိုက်နယ်ဆေးရုံတို့ရှိပြီး မြို့သူကြီး၊ မြင်းလွတ်၊ ငါးခူရစသည့် ကျေးလက်ကျန်းမာရေးဌာန ငါးခုရှိကြောင်းလည်း သိရသည်။

ယခုအခါ မောင်တောခရိုင်ပြည်သူ့ဆေးရုံသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ခေတ်မီအဆင့်မြင့်ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် မီးစက်အပါအဝင် လှူဒါန်းထားရှိရာ အဆိုပါခေတ်မီခွဲစိတ်ခန်းသစ်ကို လာမည့်ဇွန်လအတွင်း ဖွင့်လှစ်ပေးနိုင်မည်ဖြစ်ရာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

သီတဂူဆရာတော်အနေဖြင့် မောင်တောဆေးရုံသို့ ခေတ်မီခွဲစိတ်ခန်းသုံးပစ္စည်းများဖြစ်သည့် မေ့ဆေးစက်၊ ခွဲစိတ်ခန်း၊ မီးစက်၊ ခေတ်မီအီလက်ထရွန်နစ် ခွဲစိတ်ကိရိယာပစ္စည်းတို့ကို လှူဒါန်းထားပြီး လတ်တလောတွင် အဆောက်အအုံပိုင်းဆိုင်ရာ ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။

မောင်တောခရိုင် ပြည်သူ့ဆေးရုံတွင် ကလေးမီးဖွားရန် အတွင်းလူနာအဖြစ် တက်ရောက်လာသော ဘူးသီးတောင်မြို့မှ လူနာတစ်ဦးက "ကျွန်မဘူးသီးတောင်ဆေးရုံက ပြောင်းလာတာပါ။ ဒီမှာနှစ်ရက်ပဲ ရှိပါသေးတယ်။ ဆရာဝန်ကြီးကတော့ ခွဲစိတ်ရမယ်ပြောတယ်။ ဘယ်နေ့ခွဲစိတ်မလဲတော့ မသိသေးဘူး။ ဒီဆေးရုံမှ ဆရာဝန်တွေရော၊ ဆရာမတွေကပါ လာကြည့်ကြပါတယ်။ မနက် ၉ နာရီဆိုရင် ဆရာဝန်တွေ ကိုယ်စီလာပြီးတော့ စမ်းသပ်ကြတယ်။ ဘူးသီးတောင်ဆေးရုံသွားတက်တော့ လိုအပ်လို့ ခွဲစိတ်ရမယ်ဆိုရင် အဆင်ပြေအောင်ဆိုပြီး ဒီမောင်တောဆေးရုံကို လွှဲပြောင်းပေးလိုက်တာပါ။ အခု အဆင်ပြေပါတယ်"ဟုပြောသည်။



မောင်တောခရိုင်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

မောင်တောခရိုင် ပြည်သူ့ဆေးရုံသည် ယခင် ခုတင် (၅၀)ဆံ့ဆေးရုံအဖြစ် သတ်မှတ်ခဲ့သော်လည်း တက်ရောက်ကုသမှုခံယူသူများနေသဖြင့် မကြာမီ ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများအတွက်လည်း လေးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ကို ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် စတင်အကောင်အထည်ဖော်တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**

### ❖ ပြည်သူများမှ

"ဒီဒေသမှာငါးရှားတော့ စားနပ်ရိက္ခာဖူလုံစေချင်တယ်။ မောင်တောဒေသ ကျေးလက်နေပြည်သူတွေ ငါးစားသုံးမှုဖူလုံအောင် ရေချိုငါးမွေးမြူရေးစခန်းတွေကို စတင်လုပ်ဆောင်တာပါ။ ဒါက ဌာနအနေနဲ့ စံပြအဖြစ်လုပ်ပြတာ။ နောင်မှာ လုပ်ငန်းရှင်တွေ စိတ်ဝင်စားလာရင် သူတို့ဆက်လုပ်လာမှာပါ။ အဲဒီကျရင် ရေချိုငါးမွေးမြူရေးလုပ်ငန်းက ရန်ကုန်တို့၊ ဧရာဝတီတို့လို သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှာပါ" ဟုမောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးထွန်းတင်(ဒုတိယညွှန်ကြားရေးမှူး)က ပြောသည်။

မောင်တောခရိုင်အတွင်း ဒေသခံကျေးရွာ ၈၂ ရွာရှိရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးရွာတိုင်းကျေးရွာတိုင်း ရေချိုငါးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ယခုနှစ်မှစတင်ကာ ကျေးရွာငါးရွာဖြစ်သည့် ခရေမြိုင်၊ ရွှေဇာဟိုလ်၊ နန်းရာကိုင်း၊ မြို့သစ်နှင့် ဥဒေါင်းရွာတို့ကို တစ်ရွာတစ်ဧကနှုန်းစီဖြင့် တူးဖော်ပေးလျက်ရှိရာ လတ်တလော ခရေမြိုင်ကျေးရွာနှင့် ရွှေဇာဟိုလ်ကျေးရွာတို့တွင် ငါးကန်တူးဖော်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ မကြာမီမိုးဦးကာလတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်းများကို စတင်မွေးမြူနိုင်တော့မည်ဖြစ်သည်။ ယခုနှစ်တွင် အဆိုပါကျေးရွာငါးရွာ၌သာ ရေချိုငါးမွေးမြူနိုင်ရန် တူးဖော်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော်လည်း နောက်နှစ်များတွင် ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ ကျေးရွာငါးရွာမှ ဆယ်ရွာအထိ တိုးချဲ့လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မောင်တောရေချိုငါးမွေးမြူရေးစခန်းတွင် ယခုအခါ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ၊ ငါးတန်နှင့် ငါးသိုင်းခေါင်းပွတို့ကို မွေးမြူမျိုးပွားလျက်ရှိပြီး ယခုနှစ်အတွင်း ငါးသားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရေး ငါးကန်ဧကများ ထပ်မံတိုးချဲ့မွေးမြူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ အဆင့်မြင့်ငါးမျိုးစိတ်များကိုလည်း သားဖောက်မွေးမြူနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မောင်သန့်(ကြေးမုံ)**



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော အမဲခြောက်အိတ်များ၊ သတ္တုမှုန့်အိတ်များနှင့် Toyota Wish ယာဉ်တစ်စီး။

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၄ စီး၊ သွင်းကုန် ၄၅၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု(ခန့်မှန်းတန်ဖိုးကျပ် ၃၁ သန်း) ခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၄၆ ဒသမ ၈၂၄ သန်း)ခန့် စုစုပေါင်းတားဆီးမှု ၁၆ မှု (ခန့်မှန်းတန်ဖိုးကျပ် ၇၇ ဒသမ ၈၂၄ သန်း)ခန့်အား သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၃ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့်ခရီးသည်တင်ယာဉ် နှစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော အမဲခြောက်အိတ် ၁၂၀၊ သတ္တုမှုန့်အိတ် ၄၀ နှင့် Toyota Wish ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးကျပ် ၁၃ ဒသမ ၅ သန်း)ခန့်အား တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ○ ကျော့ဖုံးမှ

ပုံစံကောင်းရနေသည့် ဧရာဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး မကွေးအသင်းမှာလည်း အသစ်ခေါ်ထားသည့် အဗ္ဗဒူအပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး အတွဲမိနေသည့် ဆီဘန်စတန်နှင့် မာတူနာတို့၏ ဧရာဝတီတိုက်စစ်တွဲလုံးမှာ မကွေးခံစစ်ပိုင်းကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ ၃၆ မိနစ်တွင် ဧရာဝတီအသင်းဂိုးရခဲ့ပြီး ဆီဘန်စတန်ပေးသောဘောလုံးကို မာတူနာကပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းက ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း ထူးထူးအောင်နှင့် အောင်စိုးမိုးတို့ အသုံးမချနိုင်ခဲ့ပေ။ ဧရာဝတီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၇၆ မိနစ်တွင် ကွင်းလယ်ကစားသမား ဆီဘန်စတန်က သွင်းယူခဲ့သည်။ မကွေးအသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

YUSC ကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းက ၅၂ မိနစ်တွင် အီမာဆင် သွင်းယူသည့်ဂိုးဖြင့် ရခိုင်အသင်းအား အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံရတနာပုံ အသင်းမှာမူ ဇွဲကပင်အသင်းကိုနှစ်ဂိုးပြတ်အနိုင်ယူပြီး နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ရတနာပုံအတွက် အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် ရန်ပိုင်၊ ၄၈ မိနစ်တွင် လှိုင်းဘိုဘိုတို့က သွင်းယူခဲ့သည်။ ဟံသာဝတီအသင်းသည် အဝေးကွင်း၌ နေပြည်တော်ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူကာဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခဲ့သည်။ ဟံသာဝတီအတွက် ဂိုးများကို ၆ မိနစ်တွင် ချစ်လှအောင်၊ ၁၃၊ ၂၁၊ ၂၄ မိနစ်တွင် မာစီယိုတို့က သွင်းယူခဲ့ပြီး နေပြည်တော်အတွက် ချေပဂိုးများကို ၁၈၊ ၆၂ မိနစ်တွင် ဘန်ဘာ၊ ၃၉ မိနစ်တွင် ရန်ခတို့က သွင်းယူခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း၌ ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။ Southern အတွက် ဂိုးများကို ၁၁ မိနစ်တွင် ဆီမွန်၊ ၉၄ မိနစ်တွင် တိုဒိုနိုဗစ်တို့က သွင်းယူခဲ့ပြီး ချင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၂ မိနစ်တွင် မာဒိုချီက သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁၃)အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်က ၂၉ မှတ်၊ ရတနာပုံက ၂၈ မှတ်၊ ဧရာဝတီက ၂၂မှတ်၊ ရခိုင်က ၁၇ မှတ်၊ Southern၊ မကွေးနှင့် ဇွဲကပင်တို့က ၁၄ မှတ်စီ၊ ဟံသာဝတီက ၁၁မှတ်၊ ချင်းယူနိုက်တက်နှင့် GFA တို့က ၁၀ မှတ်စီ၊ နေပြည်တော်က ကိုးမှတ်ရရှိထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# စစ်တွေမြို့နယ်၌ စက်လှေတိမ်းမှောက်မှုဖြစ်ပွား

**စစ်တွေ မေ ၁၄**

စစ်တွေမြို့နယ် မြစ်နားကျေးရွာအုပ်စု မင်းလှကျေးရွာအနီး၌ မေ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ရွှေပြည်တန်ရေယာဉ်၏ မောင်းနှင်မှုအရှိန်ကြောင့် စက်လှေတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဏ္ဏားကျွန်းမြို့နယ် စပါးထားကျေးရွာမှ ရဲယိုးပြင်ကျေးရွာ မင်္ဂလာဆောင်ပွဲသို့ စက်လှေဖြင့်သွားရောက်စဉ် ပုဏ္ဏားကျွန်းမြို့နယ် အောင်ဇေယျကျေးရွာနှင့် စစ်တွေမြို့နယ် မင်းလှကျေးရွာကြား မင်းဂံချောင်းတွင် စစ်တွေမြို့မှ ရသေ့တောင်မြို့သို့ သွားရောက်သည့်ခရီးသည်တင် ရွှေပြည်တန် အမြန်ရေယာဉ်၏ အရှိန်ကြောင့် စက်လှေတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စက်လှေပေါ်တွင် စပါးထားကျေးရွာမှ ဒေါ်လှနုအပါအဝင် လေးဦးလိုက်ပါလာရာ တိမ်းမှောက်စဉ် မင်းလှကျေးရွာမှ ဒေသခံများ၏ကူညီဆောင်ရွက်မှုကြောင့် ထိခိုက်မှုမရှိဘဲ စက်လှေပေါ်တွင်ပါလာသည့် ဖုန်း၊ အဝတ်အထည်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ၊ Honda စက်တို့ နစ်မြုပ်သွားကြောင်း သိရသည်။

အဆိုပါစက်လှေတိမ်းမှောက်မှုဖြစ်ပွားရာသို့ စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြူချေနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများသွားရောက်ပြီး စက်လှေတိမ်းမှောက်ရာတွင်ပါဝင်သူလေးဦးတို့အား မင်းလှကျေးရွာအတွင်းရှိ နေအိမ်တစ်လုံးတွင် ခေတ္တနေရာချထားပြီး ကျန်းမာရေးစောင့်ရှောက်မှုများနှင့် လိုအပ်သည့်ကူညီမှုများပြုလုပ်ပေးခဲ့ကြပြီး နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မင်းလှကျေးရွာမှ စပါးထားကျေးရွာသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လက်ထိသော သွင်းဂိုးကြောင့် မာရာဒိုနာနှင့် နှိုင်းယှဉ်ဖော်ပြခံနေတဲ့ ပီတာခရော့ချ်



စတုတ်စီးတီးနှင့် အာဆင်နယ်အသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်အတွင်း အာဆင်နယ်အသင်းဘက်သို့ စတုတ်တိုက်စစ်မှူး ပီတာခရော့ချ် သွင်းယူခဲ့သော ဂိုးမှာ လက်ဖြင့်သွင်းခဲ့ခြင်းဖြစ်ရာ အဆိုပါ သွင်းဂိုးအပေါ် ဝေဖန်မှုများစွာရှိခဲ့သည်။

ခရော့ချ်မှာ ပွဲချိန် ၆၇မိနစ်တွင် စတုတ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို သွင်းယူပြီး အာဆင်နယ်အသင်းဘက်ကို ကိုးဂိုးအထိ သွင်းယူနိုင်တဲ့ ကစားသမားဖြစ်ခွင့် ရခဲ့သည်။ သို့သော် ယခုခရော့ချ်၏ဂိုးမှာ လက်ထိသောဖြစ်ပြီး အာဆင်နယ်နောက်ခံလူများနှင့် ဂိုးသမားပီတာဆက်ချ်တို့ ရှုပ်ယှက်ခတ်နေသည့် ဂိုးပေါက်ထဲသို့ ခရော့ချ်က လက်ဖြင့် ပုတ်သွင်းသွားခဲ့ခြင်းဖြစ်သည်။

ခရော့ချ်၏ ယခုသွင်းဂိုးကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအတွက် သွင်းဂိုးတစ်ဂိုးကို လက်ဖြင့်ပုတ်သွင်းခဲ့သည့် မာရာဒိုနာနှင့် နှိုင်းယှဉ်ခံနေရပြီး ခရော့ချ်ကို "မာရာဒိုနာ လက်သစ်" ဟူသော မှတ်ချက်များ တွစ်တာစာမျက်နှာပေါ်တွင် ပလူပျံနေပြီဖြစ်သည်။ အများစုက "ဂန္ထဝင်ကစားသမားများဖြစ်တဲ့ မာရာဒိုနာ၊ အွန်နရီတို့လည်း လက်ထိသောဖြင့် အသင်းကို ကယ်တင်ခဲ့ကြဖူးသလို ခရော့ချ်လည်း လုပ်ခွင့်ရှိသည်"၊ "ခရော့ချ်ကို ဗြိတိန်လက်ပစ်ဘောအသင်းတွင် နေရာပေးရတော့မည်"စတဲ့ လှောင်ပြောင်ဝေဖန်မှုများကို မှတ်ချက်အဖြစ်ရေးသားခဲ့သည်။

ပဲလေ့စ်နည်းပြဟောင်း အလန်ပါဂျူးကမူ "စစချင်းမှာ ဒီဂိုးနဲ့ပတ်သက်ပြီး ဘာအမှားအယွင်းမှ မရှိဘူးလို့ ကျွန်တော်တွေးခဲ့ပါတယ်။ ဒါပေမယ့် ဗီဒီယိုအနှေးပြကွက်တွေမှာ ပြန်ကြည့်ချိန်မှာ ဒါဟာလက်ထိသောသွင်းဂိုးဆိုတာ ရှင်းရှင်းလင်းလင်းပါပဲ။ ဒါပေမယ့် ခရော့ချ်ဟာ ပါးပါးနပ်နပ်နဲ့ ဘာအမှားမှ မရှိဘူးဆိုတဲ့ပုံစံကို လုပ်ဆောင်ပြခဲ့ပါတယ်" ဟု ခရော့ချ်ရဲ့ သွင်းဂိုးနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

## ဖာဘရီဂတ်စ်၊ ပက်ဒရိုတို့နှင့်အတူ အယ်လ်ဘာ အောင်ပွဲခံခဲ့သဖြင့် ချယ်လ်ဆီးသို့ပြောင်းရွှေ့တော့မည်ဟူသော သတင်းများကျယ်ပြန့်လာခဲ့

ဘာစီလိုနာ ဘယ်နောက်ခံလူ ဂျော်ဒီအယ်လ်ဘာမှာ စပိန်ကစားသမားများဖြစ်တဲ့ ပက်ဒရို၊ ဖာဘရီဂတ်စ်တို့နဲ့အတူ ရုပ်မြင်ဖုန်းခေါ်ဆိုမှုမှတစ်ဆင့် ချယ်လ်ဆီးအသင်းအတွက်



အောင်ပွဲခံခဲ့ရာ လာမယ့်နွေဈေးကွက်အတွင်း အယ်လ်ဘာ ချယ်လ်ဆီးသို့ ပြောင်းရွှေ့တော့မယ်ဟူသော သတင်းများကို ကျယ်ပြန့်လာစေခဲ့သည်။ နည်းပြ ကွန်တီ၏ လာမယ့်နွေ အဓိကပစ်မှတ်စာရင်းတွင် အယ်လ်ဘာ ပါဝင်နေခြင်းကလည်း အဆိုပါသတင်းများကို ပိုမိုခိုင်မာအားကောင်းစေခဲ့တဲ့ အကြောင်းတစ်ချက်ဖြစ်ခဲ့သည်။ ဘာစီလိုနာကလည်း ချယ်လ်ဆီးနောက်ခံလူ အလွန်ဆိုကို အလိုရှိနေရာ အဆိုပါအသင်းနှစ်ခုကြား ကစားသမား လဲလှယ်မှုကို မြင်တွေ့လာရဖွယ်ရှိသည်။

အယ်လ်ဘာမှာ ဘာစီလိုအသင်းနှင့် ၂၀၂၀ ခုနှစ်အထိ စာချုပ်သက်တမ်းရှိသော်လည်း ယခုနှစ် ပွဲထွက်ခွင့်နည်းပါးနေခြင်းအပေါ် စိတ်ပျက်မိကြောင်း မေလအစကပင် ထုတ်ဖော်ပြောကြားခဲ့သေးသည်။ အယ်လ်ဘာက ဘာစီလိုနာအသင်းနှင့် မဆွေးနွေးရသေးသော်လည်း ကစားသမားတိုင်း ကွင်းအတွင်း ဝင်ရောက်ကစားခွင့်ရချင်တဲ့အတွက် အနာဂတ်တွင် ဘာတွေဆက်ဖြစ်မလဲဆိုတာကို အတိအကျ မပြောနိုင်သေးကြောင်း တုံ့ပြန်ခဲ့သည်။ အယ်လ်ဘာကို ဆရာဟောင်းဖြစ်သူ ဂွါဒီယိုလာ ကိုင်တွယ်နေတဲ့ မန်စီးတီးကလည်း ခေါ်ယူရန် ချိတ်ဆက်နေပြီး လာမယ့်နွေ အယ်လ်ဘာ ပရီမီယာလိဂ်ကလပ်အသင်းတစ်ခုကို ရောက်နိုင်ဖွယ်ရှိနေသည်။

## စတုတ်ကို ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ဝင်းဂါး ဆန့်ကျင်မှုများရပ်တန့်ခြင်းမရှိခဲ့

စတုတ်စီးတီး၏ bet 365 ကွင်းတွင်လည်း အာဆင်နယ်ပရိသတ်များက ပွဲကစားချိန်ဆန့်ကျင်ရေး ဆိုင်းဘုတ်များကို ကိုင်ဆောင်ခဲ့ကြသလို လေယာဉ်ပေါ်တွင်လည်း ဝင်းဂါးထွက်ခွာရေး စာသားများချိတ်ဆွဲကာ ၎င်းတို့ရဲ့ဆန္ဒကို ဆက်လက်ဖော်ထုတ်ခဲ့ကြသည်။အာဆင်နယ်အသင်းမှာ အဝေးကွင်းတွင် စတုတ်ကို ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း ကွင်းတွင်း ကွင်းပြင်ဝင်းဂါး ဆန့်ကျင်ရေးဆန္ဒပြမှုများ လျော့ပါးသွားခြင်းမရှိခဲ့ဘဲ ဆက်လက်ဖြစ်ပေါ်ဆဲပင်ဖြစ်သည်။

အာဆင်နယ်သည် အစောပိုင်းက ရလဒ်ပိုင်းတောက်လျှောက် ကျဆင်းခဲ့သော်လည်း မန်ယူကို အနိုင်ကစားပြီးနောက် ထိပ်ဆုံးလေးသင်း ဝင်ရောက်ရေးမျှော်လင့်ချက် ပြန်လည်ရှင်သန်လာခဲ့သည်။ သို့ရာတွင် အာဆင်နယ်ပရိသတ်များက ထိပ်ဆုံးလေးနေရာဖြင့် ရာသီသိမ်းရေး ဦးစားပေးနေရသည့် အသင်း၏ လက်ရှိအနေအထားအပေါ် စိတ်ပျက်နေပြီး ဆယ်စုနှစ်တစ်ခုကျော်ကြာ ပရီမီယာလိဂ်ဖလားလက်မဲ့အနေအထားကြောင့် နည်းပြအပြောင်းအလဲလုပ်ရေးကို အလိုရှိနေကြခြင်းဖြစ်သည်။ မိုနာကိုနည်းပြ ဂျာဒင်၊ ဂျူဗင်တပ်နည်းပြ အယ်လီဂရီနှင့် ဆီမြွန်နီတို့မှာ အာဆင်နယ်နည်းပြလောင်းစာရင်းတွင် ရေပန်းစားနေသူများဖြစ်သော်လည်း အာဆင်နယ်တွင် ဝင်းဂါး ဆက်ရှိနိုင်ရန် အလားအလာများနေကြောင်းလည်း သိရသည်။

## နောက်တန်းခံစစ်ကို အဓိကထားပြင်ဆင်မယ့် ဘင်နီတက်ဇ်ရဲ့ပစ်မှတ်ထဲ ပါဝင်လာတဲ့ ဝက်စ်မော်ဂန်

ချန်ပီယံရှစ်ဖလားဆွတ်ခူးပြီး ပရီမီယာလိဂ်ကို တန်းပြန်တက်နိုင်ခဲ့တဲ့ နယူးကာဆယ်အနေနဲ့ နောက်တန်းခံစစ်ကို အဓိကထားပြုပြင်မည်ဖြစ်ရာ နည်းပြဘင်နီတက်ဇ်၏ အလိုရှိဆုံးစာရင်းတွင် လက်စတာ ဗဟိုနောက်ခံလူ ဝက်စ်မော်ဂန်နှင့် ဟားလ်စီးတီးနောက်ခံလူ ဟယ်ရီမီဂွိုင်းတို့ ပါဝင်နေကြောင်း သိရသည်။ ဘင်နီတက်ဇ်၏ ဦးစားပေးပစ်မှတ်မှာ အတွေ့အကြုံရင့်နောက်ခံလူ မော်ဂန်ဖြစ်နေသော်လည်း ၎င်းမှာလက်စတာအသင်းနှင့် ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း သုံးနှစ်သက်တိုးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။

မော်ဂန် မှာ ယခုနှစ်ရာသီတွင်လည်း ယမန်နှစ် လက်စတာ ပရီမီယာလိဂ် ချန်ပီယံဖြစ်ခဲ့စဉ်က ခြေစွမ်းမျိုးကို ဆက်လက်ထိန်းထားနိုင်ခဲ့သူဖြစ်ရာ လက်စတာအသင်းကလည်း မော်ဂန်ကို လက်လွှတ်ရန် ဆန္ဒမရှိသဖြင့် နယူးကားဆယ်၏ ကြိုးပမ်းမှုမှာ အချည်းနှီးဖြစ်ဖွယ်ရှိနေသည်။

မေလဲ့သင်း - စုစည်းသည်။

## ကိုးနှစ်ကြာ မန်စီးတီး ကစားသမားဘဝကို ယခုနှစ်နွေရာသီတွင် ဇာဘလက်တာ အဆုံးသတ်မည်

မန်စီးတီးနောက်ခံလူ ဇာဘလက်တာမှာ ကိုးနှစ်ကြာကစားခဲ့သည့် မန်စီးတီးမှ ယခုနှစ်နွေဈေးကွက်အတွင်း ထွက်ခွာတော့မည်ဖြစ်သည်။ အသက်(၃၂)နှစ်အရွယ် ဇာဘလက်တာမှာ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် စပိန်ကလပ် အက်စ်ပန်ညိုမှ ပြောင်းရွှေ့လာခဲ့ပြီး ယခုနှစ်နွေရာသီတွင် မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ဇာဘလက်တာမှာ ဂျိုးဟတ်နှင့် ကွန်ပနီတို့ပြီးနောက် မန်စီးတီးအသင်း၏ တတိယသက်တမ်းအရှည်ကြာဆုံး ကစားသမားဖြစ်ပြီး ၃၂၂ပွဲဝင်ရောက်ကစားပြီး ပရီမီယာလိဂ်ဖလားနှစ်ကြိမ်၊ အက်ဖ်အေဖလားနှစ်ကြိမ်နှင့် လိဂ်ဖလားနှစ်ကြိမ်ရရှိထားသည့် ကစားသမားဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအတွက် ၂၂ပွဲ ဝင်ရောက်ကစားပေးထားပြီး လာမယ့် အင်္ဂါနေ့ ဝက်စ်ဘရွန်းနှင့် ပွဲစဉ်တွင် သူ့အတွက် မန်စီးတီး အိမ်ကွင်းနောက်ဆုံးပွဲ၊ တနင်္ဂနွေနေ့ ဝက်ဖို့ဒ်နှင့် ပွဲစဉ်တွင် မန်စီးတီး ကစားသမား နောက်ဆုံးပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည်။

ဇာဘလက်တာက " ကစားသမား တစ်ယောက်အနေနဲ့ နှစ်၂၀လောက် ကစားသွားလို့ မရပါဘူး။ ကျွန်တော်တို့ဟာ တစ်နေ့ထက် တစ်နေ့ နုပျိုလာကြတာ မဟုတ်ပါဘူး။ ဒါကြောင့် အနာဂတ်မှာ မျိုးဆက်သစ်ကစားသမားလေးတွေ ကစားတာကို ကြည့်ကြရမှာပါ။ ဘောလုံးလောကမှာ ဒါဟာဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ လက်သင့်ခံနိုင်ရပါမယ်။ အထူးသဖြင့် ဆုဖလားတွေကို အလိုရှိနေတဲ့အသင်းအတွက် တစ်ဦးတစ်ယောက်တည်းကပဲ အချိန် အကြာကြီးနေရာယူချင်လို့မရပါဘူး" ဟု ပြောကြားခဲ့သည်။


ယာယာတိုရေး၊ နာဗက်စ်၊ ကလစ်ချီ၊ ဆက်ဂ်နာ၊ ကာဘာလီယိုတို့မှာ ဘာမယ့်နွေရာသီမှာပင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သလို အခြားကစားသမား အတော်များများလည်း မန်စီးတီးမှ ထွက်ခွာရန် ရှိနေကြပြီဖြစ်သည်။

## နည်းပြဇီဒန်းကို ၂၀၂၀ ခုနှစ်အထိ သက်တမ်းတိုးရန် ရီးယဲလ်မက်ဒရစ်အသင်း စီစဉ်

ရီးယဲလ်မက်ဒရစ်အသင်းသည် လက်ရှိနည်းပြဇီဒန်း၏အသင်းအပေါ် ကိုင်တွယ်ပုံနှင့် စီမံခန့်ခွဲမှုများကို နှစ်သက်သဖြင့် ၂၀၂၀ ခုနှစ်အထိသက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ကမ်းလှမ်းထားပြီးဖြစ်သည်။ ရီးယဲလ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း နည်းပြ ဘင်နီတက်ဇ်နေရာတွင် နည်းပြပိုင်းအတွေ့အကြုံမရှိသော ဇီဒန်းကို နှစ်နှစ်ခွဲစာချုပ်ဖြင့် အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဇီဒန်းလက်အောက်တွင် ရီးယဲလ်မက်ဒရစ်အသင်းရလဒ်ပိုင်းတည်ငြိမ်သလို ပွဲ(၄၀)ရှုံးပွဲမရှိ စံချိန်သစ်မှတ်တမ်းကိုပါ စိုက်ထူနိုင်ခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ရောက်ရှိနေသလို လာလီဂါတွင်လည်း ဘာစီလိုနာထက် တစ်ပွဲလျှော့ကစားပြီး ရမှတ်တူအနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာတွင် ရပ်တည်နေသည်။ ယင်းသို့သော ရလဒ်ကောင်းများကြောင့် ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ်က ဇီဒန်းကို သက်တမ်းတိုးရေး ဆောင်ရွက်လာခဲ့ခြင်းဖြစ်ပြီး သက်တမ်းတိုးစာချုပ်သစ်ကို ဇီဒန်းလက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

စပိန်သတင်းစာ မာကာက ရီးယဲလ်က ဇီဒန်းကို စာချုပ်သစ်ကမ်းလှမ်းခဲ့ပြီးဖြစ်သော်လည်း ဇီဒန်းဘက်က လက်မှတ်ရေးထိုးခြင်းမရှိသေးကြောင်း ဖော်ပြခဲ့သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် လာမယ့်ဇွန် ၃ ရက် ကာဒစ်ကွင်းတွင် ဂျူဗင်တပ်အသင်းနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအဖြစ် ကစားရမည်ဖြစ်ကာ ဗိုလ်စွဲခဲ့ပါက ခေတ်သစ်ဘောလုံးသမိုင်းတွင် လက်ရှိချန်ပီယံဘွဲ့ကို နှစ်ကြိမ်ဆက်တိုက် ကာကွယ်နိုင်မယ့် ပထမဦးဆုံးအသင်းဖြစ်တဲ့ မှတ်တမ်းကို ပိုင်ဆိုင်မည်ဖြစ်သည်။



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။* *(စာတည်းအဖွဲ့)*

# ယဉ်ကျေးမှုရဲ့နောက်ဆုံးခံတပ် မန္တလေးကို ဘယ်လိုကာကွယ်မလဲ

**ဆူးငှက်**

အခုတလော မြို့မိမြို့ဖဆိုတဲ့အသုံးအနှုန်းကို ကြားရဖန်များလာပါတယ်။ မြို့မိမြို့ဖသာမက ရပ်မိရပ်ဖဆိုတဲ့ စကားလုံးကိုလည်း တွင်တွင်သုံးလာကြတယ်။ ကျွန်တော်တို့ သဘောပေါက်တာကတော့မြို့မိမြို့ဖ၊ ရပ်မိရပ်ဖဆိုတာ မြို့၏အမိအဖသဖွယ် ဂုဏ်သရေရှိသော။ ရပ်ကွက်၏ အမိအဖသဖွယ် ဂုဏ်သရေရှိသော ဆိုတာပါပဲ။ အမိအဖဆိုမှတော့ မိဘနှင့်တန်းတူတဲ့ ကျင့်ဝတ်လက္ခဏာရှိရမယ်ဆိုတာ ပြောစရာမလိုပါဘူး။

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဖခင်မယ်တို့တာလို့ မိဘဝတ်မှာဆိုထားတာကလည်း အားလုံးအသိပါပဲ။ သားသမီးတွေအတွက် မိခင်ဖခင်တို့က မိဘဝတ်နှင့်လျော်ညီစွာ ပြုမူဆောင်ရွက်ပေးတဲ့ကိစ္စကတော့ အထူးပြောစရာမလိုပါဘူး။ ဒါဖြင့် မြို့မိမြို့ဖ၊ ရပ်မိရပ်ဖအနေနဲ့ ဝတ္တရားကျေပွန်ဖို့ကရော ဘာတွေပါလဲ။ မကောင်းမြစ်တာဆိုသလို ကိုယ့်မြို့ ကိုယ့်ရပ် ဘေးအန္တရာယ်ဖြစ်မယ့်ကိစ္စ၊ ဒုက္ခရောက်ရမယ့်ကိစ္စတွေကို တားဆီးနိုင်ရမယ်။ တားမြစ်နိုင်ရမယ်လို့ ဆိုလိုတာကိုး။

**ရပ်မိရပ်ဖများကထိန်းကျောင်း**

အာဏာပိုင်အဖွဲ့အစည်းဆိုတာက လုပ်ငန်းသဘောအရ တာဝန်ကျလို့ တာဝန်ယူကြရသော်ငြား ဒီမြို့၊ ဒီရပ်နဲ့ပတ်သက်ပြီး မြို့မိမြို့ဖလောက်၊ ရပ်မိရပ်ဖလောက် ဒီမြို့၊ ဒီရပ်ရဲ့အခြေအနေ၊ အတိမ်အနက်ကို မသိနိုင်ကြပါဘူး။ ဒါကြောင့် အာဏာပိုင်အဖွဲ့အစည်းရဲ့ မြို့ရွာစီမံကိန်းတွေ၊ မြို့ရွာရဲ့ ပွဲလမ်းအခင်းအကျင်းတွေမှာ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများက ဦးဆောင်ထိန်းကျောင်း တည့်မတ်ပေးကြရပါတယ်။ ဉပမာဆိုပါတော့၊ ဒီမြို့ ဒီရပ်ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အဓိကကျတဲ့ မြို့ကြီးဝန်းကျင်ကလယ်ယာမြေတွေလို အပ်နေတဲ့ရေကို ပိတ်ဆို့ပြီး အဲဒီရေတွေနဲ့ ပျော်ပွဲရွှင်ပွဲ အခမ်းအနားကျင်းပမယ့် အခြေအနေမျိုး အာဏာပိုင်အဖွဲ့အစည်းက လုပ်ဆောင်မယ်ဆိုရင် မြို့မိမြို့ဖများက မကောင်းမြစ်တာဆိုတဲ့ ဝတ္တရားအရ တားမြစ်ကြရမှာပါ။

တိုင်းပြည်မှာက အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ၊ လုပ်ကိုင်ဆောင်ရွက် စီးပွားရေးအတွက်လည်း ပူပန်ရတဲ့အခြေအနေမျိုးဖြစ်လာတော့ မန္တလေးမှာ မြို့မိမြို့ဖများကဦးဆောင်ပြီး ငြိမ်းချမ်းရေးသင်္ကြန်ဆိုတာတွေ၊ ပြည်ထောင်စုသင်္ကြန်ဆိုတာတွေ ဝှဲချီးကျင်းပခဲ့ကြတယ်။ ဒါဟာ ကောင်းရာညွှန်လတ်ဆိုတဲ့ဝတ္တရားကို ကျေပွန်စေခဲ့ကြတာပါပဲ။ အများနည်းတူ နှစ်စဉ် အစဉ်အလာမပျက်ကျင်းပတဲ့ သင်္ကြန်ပွဲကိုပဲ သာမန်ထက် ပိုမိုထူးကဲလေးနက်စေအောင် မြို့မိမြို့ဖများက တည့်မတ်ပေးခဲ့ကြတဲ့အစဉ်အလာပါ။ သင်္ကြန်မှာ လှည်းနေလှေအောင်း မြင်းစောင်းမကျန် ပါဝင်ဆင်နွှဲနိုင်ကြဖို့ ကျုံးထဲကရေတွေကို ပိုက်တွေသွယ်ပြီး ဆင်ခြေဖုံးရပ်ကွက်တွေအထိ ရေပေးစေတော့ မြို့မိမြို့ဖများက သင်္ကြန်ကာလအတွင်းသာမဟုတ် တစ်သက်လုံး ရေအသုံးအဆင်ပြေစေရေးအတွက် ကျုံးရေရောက်မယ့် နေရာတွေမှာ အုတ်ရေကန်တွေ အခိုင်အမာတည်ဆောက်စေအောင် အကြံကောင်း၊ ဉာဏ်ကောင်းတွေ ပေးခဲ့ကြတာမဟုတ်ပါလား။ ဒါဟာ အတိတ်က မန္တလေးမြို့မိမြို့ဖများ ဆောင်ရွက်ခဲ့ကြတာတွေပါ။

> နောက်ဆုံးခံတပ် မန္တလေးကို တကယ်ကယ် တင်ချင်တယ်ဆိုရင် ထေရ်ကြီးဝါကြီး သက်ကြီးဝါရင့်တွေ၊ စစ်မှန်သော ကဏ္ဍပေါင်းစုံက မန္တလေးသားပညာရှင်တွေ၊ စစ်မှန်သော မြို့မိမြို့ . . .

**လူထုအကျိုးရှေးရှု**

ဒီလိုပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တွေ စစ်အောင်နိုင်ခဲ့တော့ မြို့ပေါ်မှာ အောင်နိုင်ရေးပွဲတော်တွေကို လောင်းကစားဝိုင်းတွေနဲ့ ဝှဲချီးကျင်းပမယ်လို့ အာဏာပိုင်တွေစီစဉ်ကြတော့ မြို့မိမြို့ဖတွေက ရာဇဝတ်မှုခင်း ခိုးသေးခားပြ ဆူပူသောင်းကျန်းမှုတို့၏ ရှေ့ပြေးဖြစ်သော လောင်းကစားခြင်းဟူသမျှတို့ကို တိုင်းသူပြည်သား ဆင်းရဲသားလူထု၏အကျိုးကို ရှေးရှု၍ လေးနက်စွာကန့်ကွက်သည်လို့ ကြေညာချက်ထုတ်ကာ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်ခဲ့ကြပါတယ်။

အလားတူပါပဲ။ ဒုတိယကမ္ဘာစစ်ကြီးဘေးဒဏ်ကြောင့် မြို့က မီးလောင်တိုက်သွင်းခံရ၊ မြို့သူမြို့သားတွေ သေကွဲကွဲ၊ ရှင်ကွဲကွဲကြရတဲ့ လောကဓံကြီးကြောင့် လူငယ်လူရွယ်လေးတွေ စိတ်ဓာတ်ပျက်ပြားကာ ရေစုန်မျောပြီး အကျင့်စာရိတ္တတွေ ယိုယွင်းကုန်တော့ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှာ မန္တလေးမှာ လူမျိုးပြန်လည်ထူထောင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားပွဲတော်ကိုကျင်းပပြီး လူငယ်တွေကိုလမ်းမှန်တည့်ပေးခဲ့ကြတာက မြို့မိမြို့ဖများပါပဲ။ ဒါဟာ မကောင်းမြစ်တာ၊ ကောင်းရာညွှန်းလတ်၊ အတတ်သင်စေဆိုတဲ့ မိဂုဏ်ဖဂုဏ်ကို ဖော်ညွှန်းနိုင်ခဲ့တာပါ။ စာရိတ္တယိုယွင်းနေတဲ့ လူငယ်မောင်မယ်လေးတွေ၊ အားကစားဆိုတဲ့ အတတ်ပညာဘက်ရောက်ရှိစေခဲ့ကြတာ မဟုတ်ပါလား။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ပြည်တော်သာ ညီလာခံမှာ မန္တလေးက အနုပညာရှင်တွေရဲ့ အကူအညီတွေက ထူးခြားကောင်းမွန်တာကြောင့် အဲဒီအချိန် ဝန်ကြီးချုပ်က မန္တလေးအနုပညာအဖွဲ့က တာဝန်ရှိသူများကို "အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်၊ အစိုးရဘက်ကလည်း ဘာများအကူအညီပေးရပါမလဲ" လို့ မေးတဲ့အခါ မြို့မိမြို့ဖပမာရှိတဲ့ ပညာရှင်ကြီးများက ဘာပါမစ်၊ ညာပါမစ်၊ ဘာလုပ်ကိုင်ခွင့်၊ ဘာဂုဏ်ထူးဘွဲ့တံဆိပ်မှမတောင်းဘဲ မြို့အတွက် တကယ်အကျိုးရှိမယ့် မဟာဂီတ သင်တန်းကျောင်းလေး အသက်ဆက်နိုင်ရေးပဲ တောင်းပန်ခဲ့တယ်။

**ညီညွတ်မျှတခြင်းရလဒ်**

ဒီတော့လည်း အမြော်အမြင်ရှိတဲ့ ဝန်ကြီးချုပ်က မန္တလေးမှာ အနုပညာရပ်များစွာ သင်ကြားပို့ချနိုင်မယ့် ပန်တျာ၊ ပန်းချီပန်းပုနှင့် ပြဇာတ်သင်တန်းကျောင်းဖွင့်ပေးခဲ့တယ်။ ဒီကျောင်းအတွက် ဆရာ၊ ဆရာမများခန့်ထားမှုမှာ အာဏာပိုင်က ဗဟိုဦးစီးစနစ်နဲ့ အပေါ်က အမိန့်ပေးခန့်ထားစေတာမျိုး မပြုလုပ်ခဲ့ပါဘူး။ မြို့မိမြို့ဖကသာ ဘယ်ပညာရှင်များနဲ့သင့်တော်မယ်ဆိုတာ အသိဆုံးမို့ ဒီတာဝန်ကို မြို့မိမြို့ဖများက ထိုက်တန်စွာယူစေခဲ့ပါတယ်။ ထိုစဉ်ကာလ မြို့မိမြို့ဖများအနေနဲ့ စည်သူမောင်မောင်ကျော်၊ ရွှေနေကြီးဦးခင်မောင်ဒွေး၊ မြန်မာပညာရှိကြီး ရွှေပြည်ဦးဘတင်၊ မန္တလေးယူနီဗာစီတီ ကောလိပ်ကျောင်းအုပ်ကြီး ဦးကိုလေး(ဇေယျာမောင်)တို့ ပါဝင်တဲ့အဖွဲ့က သင့်တင့်လျောက်ပတ်သော ဆရာ၊ ဆရာမများ ရွေးချယ်ခန့်ထားခဲ့ကြခြင်းကလည်း မြို့မိမြို့ဖနှင့် အာဏာပိုင်တို့ရဲ့ မှန်ကန်သော သဘောထားညီညွတ်မျှတခြင်းရဲ့ ရလဒ်ပါပဲ။ မြို့အတွက် ဒီကျောင်းဟာ အကောင်းဆုံးအမွေကို ရရှိလိုက်တာပါပဲ။ ၁၉၅၃ ခုနှစ် ဇူလိုင်လ ၁ ရက်မှာ စတင်ဖွင့်လှစ်သင်ကြားနိုင်ခဲ့တဲ့ အဲဒီကျောင်းက တိုင်းပြည်အတွက် တကယ့်အမျိုးသားကောင်းလက္ခဏာများ ဖော်ဆောင်စေသော ပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီမဟုတ်ပါလား။ ဒါဟာ စစ်မှန်သော မြို့မိမြို့ဖများက မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်းဆိုတဲ့ ဝတ္တရားတွေ ကျေပွန်ခဲ့ကြတဲ့ သာဓကတွေပါပဲ။




မန္တလေးမှာ ၁၉၉၀ ဝန်းကျင်ကစပြီး ၂၀၁၀ အထိ တည်ဆောက်ပြုပြင်အမည်ခံမှုရော၊ အာဏာပိုင်တစ်ဦးတစ်ယောက် သဘောထားဆုံးဖြတ်ချက်များအရရော ရုပ်ဝတ္ထုတွေပျက်စီးကုန်တာ မျက်မြင်ကိုယ်တွေ့ပါပဲ။ မန္တလေးဟာ ရှေးဟောင်းယဉ်ကျေးမှုအရ လက်မှုအနုပညာအရ အဖိုးတန်အမွေအနှစ်တွေ အများကြီးပျက်စီးကုန်တယ်။ ရုပ်ဝတ္ထုတွင်မက အစဉ်အလာတွေ၊ ရိုးရာတွေ၊ ယဉ်ကျေးမှုတွေ၊ ပွဲလမ်းအခင်းအကျင်းပုံစံတွေလည်း ဖျက်ဆီးခံလိုက်ရတယ်။

**ခေါင်းငုံ့မျက်ရည်ကျ**

၁၉၉၀ ကာလမှာ ဆီးပန်းနီဗိမာန်၊ ကနောင်မင်းအုတ်ဂူ၊ သချိုင်းတော်များက ဗိမာန်များ ရဲဘော်ဗဟိန်း၊ မြို့မငြိမ်းအပါအဝင် အထင်ကရပုဂ္ဂိုလ်များရဲ့ အထိမ်းအမှတ်များ၊ စျေးချိုတော် ၁၂ ရုံနှင့် တိုက်တန်းကြီး၊ တိုက်တန်းလေး၊ အာဇာနည်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကမ္ဘည်းများ၊ မန်းရာပြည့်ကွင်းစသည်ဖြင့် ထင်သလိုဖျက်ဆီးပျောက်ကွယ်ဆုံးရှုံးခဲ့တာ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်အထိ သမိုင်းဝင် စည်ရှည်တံတားကြီး ဖျက်ဆီးပစ်တာအထိ စစ်မှန်တဲ့ မြို့မိမြို့မအဖွဲ့အစည်း ခိုင်ခိုင်မာမာမရှိတော့ မြို့သူမြို့သားများ ဘာမှမတတ်နိုင် ခေါင်းငုံ့ကြည့်နေရင်းမျက်ရည်ကျခဲ့ရတာပဲ မဟုတ်ပါလား။ သင်္ကြန်အပါအဝင် အစဉ်အလာရှိတဲ့ ရိုးရာပွဲတော်တွေလည်း ကုန်းကောက်စရာမရှိအောင် ပျက်စီးကုန်တာလည်း ထိုင်ကြည့်နေရတာပါပဲ။

အခုလည်း ရွေးကောက်ခံအစိုးရအဖွဲ့ တာဝန်ယူတာ အစိုးရနှစ်ဆက်ရှိပါပြီ။ နောက်ဆုံးခံတပ်လို့ အားတင်းနေရတဲ့ မန္တလေးနဲ့ပတ်သက်လို့ မျက်မမြင်ပုဏ္ဏားခြောက်ယောက်ရဲ့ "ဆင်ဆိုသည်မှာ" ပုံပြင်လိုပဲ ဝေဝေဝါးဝါး ဖြစ်နေဆဲပါ။ ဒီလိုဝေဝါးနေဆဲပဲ မြန်မြန်မပျက်တော့သော်လည်း နှေးနှေးတော့ တအိအိပျက်နေဆဲပါ။ ဒီလိုနဲ့ ငါးနှစ်တစ်ကြိမ် အစိုးရပြောင်းတိုင်း မန္တလေးမူဝါဒ ပြောင်းဦးမှာဆိုတော့ မှန်ကန်စနစ်ကျသော ထိန်းသိမ်းမှုနဲ့ အလှမ်းဝေးနေဦးမှာသေချာပါတယ်။

ဉပမာအားဖြင့် ဦးပိန်တံတားကို ရှေးအစဉ်အဆက် ရွာနေပြည်ထိုင်ဆရာတော်ကြီးများနဲ့ ပညာရှင်တွေ ထိန်းသိမ်းခဲ့တာ ဘာသံမှမကြားခဲ့ဘဲ တည်တံ့ခိုင်မြဲခဲ့တာ နှစ်ပေါင်းရာချီခဲ့ပါပြီ။ အခုတော့ ကျွန်းပင်လည်းမရှိ ကျွန်းသားလည်းမမြင်ဖူး၊ ကျွန်းသားရဲ့သဘောသဘာဝနဲ့ မြန်မာ့ရေမြေ၊ မြန်မာ့ရိုးရာလက်မှုနဲ့ ဘာမှမဆိုင်တဲ့ အမေရိကန်ရော၊ ဂျပန်ရော၊ ဂျာမန်ရောနဲ့ ဦးပိန်တံတားထိန်းသိမ်းဖို့ လုပ်လိုက်ရတဲ့ အစည်းအဝေး၊ လုပ်လိုက်ရတဲ့ စီမီနာ၊ ကွင်းဆင်းလေ့လာလိုက်ရတာလည်း အကြိမ်ကြိမ်၊ တင်လိုက်ရတဲ့စာတမ်း၊ ဘာအဖြေမှမရခင် တံတားက ပြိုလုပြီ။

ဒီတော့ နောက်ဆုံးခံတပ် မန္တလေးကို တကယ်ကယ်တင်ချင်တယ်ဆိုရင် ထေရ်ကြီးဝါကြီး သက်ကြီးဝါရင့်တွေ၊ စစ်မှန်သော ကဏ္ဍပေါင်းစုံက မန္တလေးသားပညာရှင်တွေ၊ စစ်မှန်သော မြို့မိမြို့ဖတွေ၊ မန္တလေးသားလူငယ်ပညာရှင်တွေ အခြေခံပြီး အစိုးရကိုယ်စားလှယ်၊ စည်ပင်ကိုယ်စားလှယ်တွေပါတဲ့ မန္တလေးယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီကို လွှတ်တော်က ဉပဒေအမြန်ပြဌာန်းပြီး အမြန်ဖွဲ့ဖို့လိုနေပါပြီ။

**မန္တလေးကိုကာကွယ်**

ဘယ်အစိုးရတက်တက် ဒီအဖွဲ့က မန္တလေးကို ကာကွယ်ပါလိမ့်မယ်။ ထိန်းသိမ်းပါလိမ့်မယ်။ မြှင့်တင်ပါလိမ့်မယ်။ ယုတ်စွအဆုံး သင်္ကြန်ပွဲတော်ကျင်းပတာကအစ အစိုးရက ခေါင်းပေါင်းစတလူလူနဲ့ သူကြီးဟင်းလိုက်ခိုင်းသလို ဝင်ပါစရာမလိုတော့ပါဘူး။ အလားတူ ကျုံးမျက်နှာပြုမှာလား၊ ကျောပေးမှာလား၊ မုခ်ဦးက စံနဲ့ညီရဲ့လား၊ အချိုးကျရဲ့လား၊ ဖွင့်ပွဲ ဘယ်လိုလုပ်မှာလဲလို့ စည်ပင်သာယာရေးကော်မတီကလည်း အရေးကြီးတဲ့ ကိုယ့်အလုပ်တွေဘေးချပြီး စိတ်ပူစရာမလိုတော့ပါဘူး။ အင်မတန် နန်းလည်းဆန် မန်းလည်းဆန်ရုံမက ခေတ်လည်းမီစေချင်သေးတဲ့ မန္တလေးသားတွေ အပြစ်မမြင်ချစ်ခင်စေမယ့် အစီအမံတွေကို ပညာရှင်တွေ၊ မြို့မိမြို့ဖတွေပါတဲ့ မန္တလေးယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီက ဦးဆောင်ပါလိမ့်မယ်။

ဘယ်အစိုးရတက်တက် မန္တလေးယဉ်ကျေးမှုနဲ့ပတ်သက်ရင် ဒီအဖွဲ့ကပဲ တာဝန်ယူရမှာပေါ့။

# တောင်နဝင်းရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းသို့ သဲကုန်းမြို့နယ် လွှတ်တော် ကိုယ်စားလှယ် များကွင်းဆင်းစစ်ဆေး

**ပဲခူး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို၊ သဲကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း တို့သည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ ODALOAN အစီအစဉ်ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော တောင်နဝင်းဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းခွင်ရှင်း လင်းဆောင်သို့ မေ ၂ ရက် နံနက် ၉ နာရီ ရောက်ရှိပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်း ပြီးပါက စုစုပေါင်းစိုက်ပျိုးရေပေးဝေနိုင်မှုနှင့် သဲကုန်းမြို့နယ် အတွင်း စိုက်ပျိုးရေရရှိနိုင်မည့် အခြေအနေနှင့် လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်အား လက်ထောက်ညွှန်ကြားရေးမှူး (၃)မှ ရှင်းလင်း တင်ပြဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဒေသခံများ သိလိုသည်များ မေးမြန်းထားမှုအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပင်မတူးမြောင်းကြီး၊ မြောက်နဝင်းရေကူလက်ဝဲရေသောက်စနစ်နှင့် လက်တံမြောင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုကြသည်။ တောင်နဝင်းရေ သောက်စနစ်တစ်ခုလုံး၏ ရေသောက်ဧရိယာစုစုပေါင်းမှာ မြို့နယ်သုံးခုအတွင်း ပါဝင်လျက်ရှိပြီး ပြည်မြို့နယ်တွင် ၉၂၈ ဧကခန့်၊ ပေါက်ခေါင်းမြို့နယ်တွင် ၈၅၀၅ ဧကခန့်နှင့် သဲကုန်းမြို့နယ်တွင် ၄၇၈၂၅ ဧကခန့်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တောင်နဝင်းရေသောက်စနစ်အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်တွင် သဲကုန်းမြို့နယ်အတွင်း အကျိုးပြုရေသောက်အများစုဖြစ်သည့် တောင်နဝင်းမြောင်းခွဲ (၁) ပြုပြင်ခြင်းနှင့် မြောက်နဝင်း ရေကူမြောင်းလက်ဝဲလက်တံ (၂၂)မှ (၃၆)အထိပြုပြင်ခြင်းများပါဝင်သည်။ တူးမြောင်းမကြီးမှ လိုအပ်သည့် စိုက်ပျိုးရေပမာဏအား အပြည့်အဝရေမလွှတ်နိုင်ခြင်းကြောင့် ဖော်ပြပါမြောင်းများမှာ ဆည်ရေအပြည့်အဝမရရှိသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သည်။ ယခုအခါ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေးအေဂျင်စီ (JICA) ၏ ODA LOAN အစီအစဉ်ဖြင့် တူးမြောင်းများပြုပြင်လျက်ရှိရာ ယခင်က ဆည်ရေမရရှိခဲ့သည့် စိုက်ပျိုးမြေအား ဆည်ရေအပြည့်အဝရရှိတော့မည်ဖြစ်သည်။ မြောက်နဝင်းဆည်ရေသောက်ဧရိယာ အချို့အား ခွဲထုတ်၍ တောင်နဝင်းမှရေကူပေးမည့် အစီအစဉ်အား သတ်မှတ်ဒီဇိုင်းပြုထားပြီးဖြစ်၍ သဲကုန်းမြို့နယ်အတွင်း တောင်နဝင်းရေအပြည့်အဝ ရရှိတော့မည်ဖြစ်သည်။ သဲကုန်းမြို့နယ်ရှိ မြောက်နဝင်းဆည်ရေသောက်အများစုမှာ မြောင်းဖျားပိုင်းဖြစ်ခြင်း၊ မြောက်နဝင်းရေသောက်ဧရိယာများမှာ မူလကဝါ စိုက်ပျိုးခြင်း အတွက်သာ ဒီဇိုင်း များပြုခဲ့ခြင်းဖြစ်၍ ယခုအခါ ရေလိုအပ်ချက်များသည် နွေစပါးစိုက်ပျိုးလာခြင်းကြောင့် သတ်မှတ် ဧရိယာအားလုံး ရေအပြည့်အဝ မပေးနိုင်တော့ပါ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်ရေသောက်စနစ်များပြုပြင်ရာတွင် ပြုပြင်မည့်မြောင်း၏ ပြဿနာများအား သိရှိနေသည့်



ဆည်ရေသောက်ဒေသခံ တောင်သူတို့၏ အကြံပြုချက်များအား တလေးတစားလိုက်နာခြင်း၊ တင်ပြလာသည့် ပြဿနာအား တောင်သူများ နားလည် လက်ခံလာသည် အထိ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ နှစ်အလိုက်၊ အပိုင်းလိုက်ပြုပြင်နေရာ မကြာမီနှစ်အတွင်း သဲကုန်း-ပုတီးကုန်း ဧရိယာအတွင်း မြောင်းအားလုံး ပြုပြင်ပြီးစီးစေရန် စီမံလျက်ရှိသည်။ သဲကုန်း-ပုတီးကုန်းမြို့နယ်အတွင်းရှိ ရေသောက်တောင်သူအချို့တွင် မိမိတို့နယ်မြေအတွင်းရှိ တူးမြောင်းများပြုပြင်ပေး၊ မပေး သံသယရှိရန် မလိုအပ်ပါ။ မကြာမီအလှည့် ရောက်တော့မည်ဖြစ်သည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတွင် ဌာနအနေဖြင့် အခက်အခဲရှိလျှင်သော်လည်းကောင်း၊ ဒေသခံတောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်သော်လည်းကောင်း ပူးပေါင်းပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး စီမံကိန်းပြီးပါက သဲကုန်းမြို့နယ်အတွင်း ဆည်ရေသောက်ဧရိယာများ တိုးတက် လာမည်ဖြစ်ပြီး သဲကုန်းမြို့နယ်အတွင်း မကြာမီနှစ်များအတွင်း လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

## မြို့နယ်ချင်းဆက် လမ်းနှင့် ကားလမ်းကူးတံတား ဖွင့်ပွဲ ချင်းပြည်နယ် ဝန်ကြီးချုပ် တက်ရောက်

**ဝိုင်းမော် မေ ၁၄**

ဝိုင်းမော်မြို့နယ်အတွင်း မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်ချင်းဆက် ကျောက်ချောလမ်းနှင့် ကားလမ်းကူး တံတားဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါကားလမ်းကူးတံတားရှိရှင်းလင်းဆောင်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆွတ်ဘွမ် ကုမ္ပဏီလီမိတက်နှင့် ကျင်ရှင်း(ထိန်ချုန်း)ကုမ္ပဏီလီမိတက် နာယက ဦးခက်ထိန်နန်က ကျောက်ချောလမ်းနှင့် ကွန်ကရစ်တံတား တည်ဆောက်ပေးမှု အခြေအနေများနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှု သွက်လက် မြန်ဆန်လာမည့်အခြေအနေများကို ရှင်းလင်းတင်ပြပေးကာ ဒေသခံပြည်သူများကိုယ်စား ခေါင်ဖူးရွာသစ်မှ ဒေသခံပြည်သူ ဦးတင်သစ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်နှင့် ဦးခက်ထိန်နန်တို့က အဆိုပါလမ်းနှင့် ကွန်ကရစ်တံတားတို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါလမ်းမှာ မြစ်ကြီးနားမြို့နယ် ဦးလောက်ကျေးရွာ ခေါင်ဖူးရွာသစ်ကျေးရွာနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ရွှေညောင်ပင်ကျေးရွာတို့အား ဆက်သွယ်ပေးထားသည့် အရှည်မိုင် (၂၀) ရှိ ကျောက်ချောလမ်းနှင့် အရှည်ပေ ၆၀၊ အကျယ် ၁၇ ပေရှိ သံပေါင်ကွန်ကရစ် တံတားတို့အား ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပေးခဲ့ရာ မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းသို့ အချိန်တိုအတွင်း ရာသီမရွေး ဒေသခံပြည်သူများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လီဆူတိုင်းရင်းသားလူမျိုးများတွေ့ဆုံ

**ကွတ်ခိုင် မေ ၁၄**

ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ လီဆူတိုင်းရင်းသားလူမျိုးများတွေ့ဆုံပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂူဆာက အမှာစကားပြောကြားပြီး လီဆူတိုင်းရင်းသားများက မိမိတို့ကျေးရွာတွင် လိုအပ်သော လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ရေးတို့ကိုတင်ပြရာ သက်ဆိုင်ရာမြို့နယ် ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လီဆူတိုင်းရင်းသားရေးရာဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး လီဆူတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ကွတ်ခိုင်(ပြန်/ဆက်)**




## မောင်းသူမဲ့(Drone) လေယာဉ်မောင်းနှင်နည်းသင်တန်း ပထမဆုံးအကြိမ် ဖွင့်လှစ်ပို့ချ

**မိတ္ထီလာ မေ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ဂျပန်နိုင်ငံနှင့် ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ (UNFAO) တို့ ပံ့ပိုးကူညီမှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဦးစီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှအရာရှိများနှင့် စိုက်ပျိုးရေးဦးစီးဌာန သုတေသနဌာနခွဲမှ အရာရှိများအား မောင်းသူမဲ့လေယာဉ် (Drone) မောင်းနှင်နည်းသင်တန်း ပထမဆုံးအကြိမ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှာ ပထမဆုံးဖွင့်လှစ်တဲ့ မောင်းသူမဲ့လေယာဉ် (Drone) မောင်းနှင်နည်းသင်တန်းဖြစ်ပြီး ဂျပန်နိုင်ငံအစိုးရနဲ့ ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ( UNFAO )တို့ ပံ့ပိုးကူညီပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနရဲ့ အစီအစဉ်နဲ့ ဒီသင်တန်းကိုဖွင့်လှစ်တာပါ။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ စိုက်ပျိုးရေးဦးစီးဌာန သုတေသနဌာနခွဲက အရာရှိသင်တန်းသား ၃၀ ကို မေ ၁၅ ရက်ကနေ ၁၉ ရက်အထိ သင်တန်းဖွင့်လှစ်ပို့ချမှာဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှုလျော့ပါးစေရေးနဲ့ စိုက်ပျိုးရေးလုပ်ငန်းများမှ အသုံးချမြေပုံ ထုတ်လုပ်ခြင်းနဲ့အတူ အခြားစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် မောင်းသူမဲ့လေယာဉ် (Drone ) ကို အသုံးချနိုင်ဖို့ရည်ရွယ်ပြီးတော့ ဒီသင်တန်းဖွင့်လှစ်ပို့ချတာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် မောင်းသူမဲ့လေယာဉ်ဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာသဲမောင်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်သင်ကြားပို့ချသည့် မောင်းသူမဲ့လေယာဉ် (Drone ) မောင်းနှင်နည်းသင်တန်းတွင် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ယူကာ အသုံးချမြေပုံထုတ်လုပ်၍ တိကျမှန်ကန်သော စိုက်ပျိုးဧက တွက်ချက်တိုင်းတာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုလျော့ပါးစေရန် ကြိုတင်ကာကွယ်ခြင်း၊ စိုက်ပျိုးပင်များ၏ ကြီးထွားရှင်သန်မှုအခြေအနေတို့ကို ကောင်းကင်ဓာတ်ပုံရိုက်ယူ၍ လေ့လာမှတ်တမ်းတင်ဆောင်ရွက် ခြင်းစသည်တို့ကို မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မောင်းသူမဲ့လေယာဉ် ဌာနမှ ပညာရှင်များ၊ ကုလသမဂ္ဂစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ ( UNFAO ) မှ ပညာရှင်များက ပူးပေါင်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေးဆိုင်ရာလူထုအခြေပြုလေ့လာရေးစခန်း တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**ပြည် မေ ၁၄**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မေ ၁၃ ရက် ညနေ ၅ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့်ဌာနဆိုင်ရာများ လိုက်ပါလျက် ပြည်မြို့နယ် ဇီးအုပ်အုပ်စု ရန်ကုန်-ပြည်ကားလမ်းဘေးရှိ စိုက်ပျိုးရေးဆိုင်ရာလူထုအခြေပြုလေ့လာရေးစခန်းတည်ဆောက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က လေ့လာရေးစခန်းတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် အဆိုပါစခန်းမှ တောင်သူများအတွက် လုပ်ကိုင်ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က စခန်းဖွင့်လှစ်ပြီးပါက ဒေသခံစိုက်ပျိုးရေးတောင်သူဦးကြီးများအတွက် လိုအပ်သောနည်းပညာများကို ထိရောက်စွာပြန့်ပွားလုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ နည်းပညာပြန့်ပွားပေးမည့်ဝန်ထမ်းများကလည်း ကျွမ်းကျင်စွာတတ်မြောက်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာရေးစခန်းသည် ၁၆ ဧကခန့်ရှိမြေနေရာပေါ်တွင် အလျား ပေ ၆၀၊ အနံ ပေ ၄၀ တစ်ထပ် အာစီအဆောက်အအုံဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၅၅ သိန်းဖြင့် တည်ဆောက်ခဲ့ရာ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါစခန်းသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပပို့ကုန်များတိုးတက်ထုတ်လုပ်နိုင်ရေး၊ တောင်သူများဝင်ငွေတိုးတက်နိုင်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် တောင်သူများအားဦးဆောင်၍ စိုက်ပျိုးရေးဌာနမှ လက်တွေ့နည်းပညာပေးသောရှေ့တန်းစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး လွှတ်တော်ကိုယ်စားလှယ်များ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများတွေ့ဆုံ

**သထုံ မေ ၁၄**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို လွတ်လပ်စွာပြောဆိုတင်ပြပြီး ပူးပေါင်းဆောင်ရွက်နိုင်စေရန်အတွက် မေ ၁၃ ရက် နံနက်က နောင်ကုလားရှမ်းရွာ အ-ထ-ကကျောင်းတွင် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ပအိုဝ်းလူမျိုးတွေက အလွန်ရိုးသားတယ်။ ဘာသာတရားကိုင်းရှိုင်းတယ်။ အေးအေးချမ်းချမ်းနေတတ်ကြတယ်။ ကျွန်မတို့ပြည်သူနဲ့အတူ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ချီတက်မယ်ဆိုတဲ့အခါမှာ ပြည်သူတွေကလည်း အတူတကွ ဘယ်လိုပူးပေါင်းချီတက်ရမလဲဆိုတာကို သိရှိနားလည်ဖို့အတွက်ရယ်၊ တိုင်းရင်းသားတွေကို မျက်နှာကြီးငယ်မလိုက် ဘာတွေဆောင်ရွက်ပေးရမလဲ၊ ဘာလိုအပ်ချက်ရှိနေလဲဆိုတာကို တစ်နေရာတည်းမှာ ပွင့်လင်းစွာ ထုတ်ဖော်ပြောကြားနိုင်ဖို့၊ ဌာနဆိုင်ရာတွေကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားမှုတွေကို အများပြည်သူသိအောင် ရှင်းလင်းနိုင်ဖို့၊ ပြည်သူကသိချင်တဲ့ လိုအပ်ချက်တွေ ပြဿနာတွေကို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာ ဌာနဆိုင်ရာတွေက ပြန်လည်ဖြေကြား ရှင်းလင်းဖို့ ဒီတွေ့ဆုံပွဲကို ကျင်းပတာပါ" ဟု မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က ပြောကြားသည်။



တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်ရေးဦးစီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးချစ်ဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာဌာနများအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားများက သိလိုသည်များနှင့် ဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ မြေယာပြဿနာများ၊ မြို့သာယာလှပရေးကိစ္စရပ်များ၊ ရေရှားပါးမှုပြဿနာများ လျှပ်စစ်မီးရရှိရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လူဦးရေ ၄၀၀ ဆံ့ သဘာဝဘေးအန္တရာယ်ခိုလှုံရာ အဆောက်အအုံ (Community Shelter) တစ်လုံး ဘားအံမြို့တွင်ဆောက်လုပ်

**ဘားအံ မေ ၁၄**
ကရင်ပြည်နယ်သည် နှစ်စဉ်ရေကြီးရေလျှံမှုများနှင့် တွေ့ကြုံရသည့်အပြင် ရံဖန်ရံခါကျရောက်တတ်သော လေပြင်းမုန်တိုင်းဘေး၊ မီးဘေး၊ မြေပြိုဘေး စသော ဘေးအန္တရာယ်များနှင့်ကြုံတွေ့နိုင်ဖွယ်ရှိပြီး သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါက ရပ်ရွာလူထုအနေဖြင့် ဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာမှ ခိုလှုံရာအဆောက်အအုံသို့ လာရောက်ခိုလှုံနိုင်ရန်၊ အသိပညာပေးဟောပြောပွဲနှင့် လေ့ကျင့်ရေးသင်တန်းများပြုလုပ်ရန်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် ညှိနှိုင်းအစည်းအဝေးများ၊ ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် လူဦးရေ ၄၀၀ ဆံ့သည့် သဘာဝဘေးအန္တရာယ်မှခိုလှုံရာအဆောက်အအုံ (Community Shelter) တစ်လုံးကို ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ကျော်ဇေယျလမ်း၌ မေ ၁၃ ရက် နံနက် ၉ နာရီခွဲက ပန္နက်ရိုက်၍ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်မှခိုလှုံရာအဆောက်အအုံ (Community Shelter) သည် ၆၀×၄၀×၁၅ ပေ Cyclone Shelter အမျိုးအစားဖြစ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ သန်းဖြင့် Kyaw Tint & Family Construction Company Limited မှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကာ ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွန်းနှင့် တာဝန်ရှိသူများက ပန္နက်ရိုက်ပေးခဲ့ကြပြီး အဆောက်အအုံဆောက်လုပ်မည့် မြေနေရာပြင်ဆင်ထားမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ကရင်ပြည်နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှုအနေဖြင့် မီးဘေး ၁၂ ကြိမ်၊ လေဘေးလေးကြိမ်၊ ရေဘေးနှစ်ကြိမ်၊ မြေပြိုဘေးသုံးကြိမ်၊ တိုက်ပွဲရှောင်ဘေးတစ်ကြိမ် စုစုပေါင်း ၂၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ထောက်ပံ့မှုများအနေဖြင့် ငွေကျပ် ၂၃၉၀၉၁၀၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအားလည်းကောင်း၊ သဘာဝဘေးသင့်အိမ်ထောင်စုများအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေကျပ် ၄၃၅၉၇၀၅၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဒီးမော့ဆို မေ ၁၄**
ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘောစ့်ကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းနှင့် တာဝန်ရှိသူများသည် မေ ၁၃ ရက် နံနက် ၁၁ နာရီက လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဆောင်ဒူရွာသစ်ကျေးရွာအုပ်စု ဒေါကမီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီး ကျောင်းဆရာ၊ ဆရာမများနေအိမ်ဆောက်လုပ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၇၀၀၀၀၀ အား ကျောင်းအကျိုးတော်ဆောင်ထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ခူးပရာကျေးရွာအုပ်စုခူးပရာ (ရွာဟောင်း) ကျေးရွာ ကက်သလစ်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး ခူးပရာ (ရွာသစ်) စာသင်ကျောင်းဆောက်လုပ်ရန် မြေနေရာရှင်းလင်းရေး ကုန်ကျမည့် စက်သုံးဆီဝယ်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၄၉၅၀၀၀ အား ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဖြူး မေ ၁၄**
ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်သည် မေ ၇ ရက် နံနက် ၁၀ နာရီက ဖြူးမြို့နယ်ခန်းမဆောင်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။ ယင်းနောက် တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ အခမ်းအနားသို့ ဖြူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ NGO အဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။




ဆက်လက်၍ ဖြူးမြို့ ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသားကျောင်း အ-ထ-က (၁) တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မျက်ကပ်မှန်များအကြောင်းသိကောင်းစရာ

မောင်ပြည့်အောင်





မျက်မှန်အစားထိုး မျက်ကပ်မှန်သုံးစွဲမှုများသည် ခေတ်၏လိုအပ်ချက်အရလည်းကောင်း၊ မျက်ကပ်မှန်၏အားသာချက်များအရလည်းကောင်း ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

သုံးစွဲမှုများပြားလာသည်နှင့်အညီ နည်းပညာပိုင်းဆိုင်ရာနှင့် အသိပညာပိုင်းဆိုင်ရာ လိုအပ်ချက်များလည်း မြင့်မားလာသည်ဖြစ်ရာ အခြေခံအကျဆုံးအပိုင်းဖြစ်သည့် မျက်ကပ်မှန်အမျိုးအစားများနှင့် အသုံးပြုပုံများကို ရေးသားတင်ပြလိုပါသည်။ ကျယ်ပြန့်လှသော မျက်ကပ်မှန်ဆိုင်ရာ နည်းပညာနယ်ပယ်၏ မိတ်ဆက်မျှသာဖြစ်ကြောင်း ရှေးဦးစွာ အသိပေးပါသည်။ မျက်ကပ်မှန်အမျိုးအစားများတွင် -

(၁) အပျော့စား ရိုးရိုးမျက်ကပ်မှန်
(၂) ရောင်စုံအပျော့စားမျက်ကပ်မှန်
(၃) မျက်ရည်စိမ့်ဝင်နိုင်သော မျက်ကပ်မှန်အမာစား
(၄) ဘိုင်ဖိုကယ် မျက်ကပ်မှန်
(၅) မိုနိုဗွီးရှင်းမျက်ကပ်မှန်
(၆) အနီးကြည့်မျက်မှန်နှင့် မျက်ကပ်မှန်
(၇) ဆလင်ဒါပါဝါအတွက် မျက်ကပ်မှန်
(၈) မျက်ကြည်လွှာ၏ပုံသဏ္ဌာန်ကို ပြုပြင်ရန်သုံးသောမျက်ကပ်မှန် စသည်ဖြင့် အမျိုးမျိုးရှိပါသည်။

မျက်စိ၏ ရှေ့ဆုံးပိုင်းတွင်ရှိပြီး ကြည်လင်သန့်ရှင်းသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည့် မျက်ကြည်လွှာ၏ အပေါ်ယံတွင် အံ့ဝင်ခွင်ကျကပ်လျက် စုပ်ခွပ်သဖွယ် တပ်ဆင်အသုံးပြုရသော မျက်ကပ်မှန်များသည် မျက်စိမှုန်သူများအတွက် အသုံးတည့်ပြီး ထိရောက်မှုရှိသည့် မျက်စိကျန်းမာရေးအထောက်အကူပြု ပစ္စည်းတစ်ခုဖြစ်ပါသည်။ အဝေးမှုန်ခြင်းအမျိုးမျိုး၊ ဆလင်ဒါပါဝါရှိသူများအပြင် အသက်အရွယ်ကြီးရင့်လာမှုကြောင့် အဝေးအနီးမှုန်ခြင်းများကို အမြင်အာရုံတိုးတက်ကောင်းမွန်လာစေရန် ပြုပြင်ပေးနိုင်သော ကိရိယာတစ်ခုလည်း ဖြစ်ပါသည်။

များသောအားဖြင့် ပုံမှန်မျက်စိစမ်းသပ်စစ်ဆေးမှုရလဒ်အပေါ်မူတည်၍ မိမိနှင့်ကိုက်ညီသော မျက်ကပ်မှန်များကို နားလည်တတ်ကျွမ်းမှုရှိသော မျက်စိဆရာဝန်များက ညွှန်ကြားကြပါသည်။ သို့သော်လည်း မိမိကိုယ်တိုင် ထိုက်သင့်သလောက် သိရှိထားမည်ဆိုပါက ဆရာဝန်များ၏ညွှန်ကြားချက်ကို နားလည်လွယ်မည်ဖြစ်ပြီး ထိရောက်သော ရွေးချယ်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အောက်ဖော်ပြပါ မျက်ကပ်မှန်အမျိုးမျိုးနှင့် အသုံးပြုပုံများကို လေ့လာခြင်းအားဖြင့် အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။

## (၁) အပျော့စား ရိုးရိုးမျက်ကပ်မှန်

၎င်းမျက်ကပ်မှန်အမျိုးအစားကို ရေ၌ကြာရှည်စိမ်ထားလျှင် ဓာတ်ပြောင်းလဲမှုမဖြစ်စေနိုင်သော ပလတ်စတစ်အမျိုးအစားဖြင့် ပြုလုပ်ထားပါသည်။ မျက်ကပ်မှန်ကို ဖြတ်သန်းလျက် မျက်ကြည်လွှာသို့ အောက်ဆီဂျင် အ လုံအလောက်ရရှိစေမည်ဖြစ်သဖြင့် မျက်ကြည်လွှာကိုလည်း သာမန်အားဖြင့် ထိခိုက်စေမည်မဟုတ်ပါ။ မျက်စိခြောက်သွေ့ခြင်းကို လျော့ပါးစေသောကြောင့် အသုံးပြုသူအား သက်သောင့်သက်သာရှိစေမည်ဖြစ်ပါသည်။ မျက်ကြည်လွှာ၌ အောက်ဆီဂျင် အလုံအလောက်မရရှိပါက အမြင်ဝေဝါးပြီး မျက်ကြည်လွှာရောင်ရမ်းမှုကိုဖြစ်စေမည့်အပြင် အခြားမလိုလားအပ်သည့် မျက်ကြည်လွှာပြဿနာများကိုလည်း ပေါ်ပေါက်လာစေနိုင်ပါသည်။

များသောအားဖြင့် မျက်ကပ်မှန်များသည် တစ်ခါသုံးများဖြစ်ကြပါသည်။ အချိန်တိုအတွင်း အသုံးပြုပြီးနောက် ထပ်မံ၍မသုံးသင့်သည်က များပါသည်။ သန့်ရှင်းလတ်ဆတ်သော မျက်ကပ်မှန်များကို သက်သောင့်သက်သာရှိစေရန် ကြည်လင်သောအမြင်ရရှိရန်နှင့် ရောဂါပိုးများဝင်ရောက်နိုင်မှုအခွင့်အရေးများ နည်းပါးစေရန်တို့အတွက် ထိရောက်သောနည်းပညာများဖြင့် ထုတ်လုပ်ထားကြပါသည်။

အချို့သော အပျော့စားမျက်ကပ်မှန်များသည် တစ်ခါသုံးများမဟုတ်ကြဘဲ တစ်နှစ်ခန့်အသုံးပြု၍ရပါသည်။ သို့ရာတွင် ညစဉ်ဖြုတ်၍ သတ်မှတ်ထားသောဆေးရည်ဖြင့် စင်ကြယ်အောင် ဆေးကြောရပါမည်။ ၎င်းအမျိုးအစားသည် အသုံးပြုသူက စိတ်ကြိုက်ရွေးချယ်၍သုံးနိုင်သောအမျိုးအစားဖြစ်ပါသည်။ရေငွေ့စိမ့်ဝင်နိုင်သော အချိန်ကြာကြာ (ရက်ရှည်) တပ်ဆင်ရသော မျက်ကပ်မှန်အမျိုးအစားနှင့် နှိုင်းယှဉ်လျှင် အပျော့စားမျက်ကပ်မှန်များသည် အသုံးပြုသူအား ပို၍သက်သောင့်သက်သာရှိစေပါသည်။ ကြာရှည်တပ်ရသောအမျိုးအစားမှ ယာယီတပ်ရသော မျက်ကပ်မှန်အပျော့စားသို့ စတင်ကူးပြောင်းတပ်ဆင်အသုံးပြုခါစတွင် ပို၍သိသာထင်ရှားလှပါသည်။

> မျက်စိ၏ ရှေ့ဆုံးပိုင်းတွင်ရှိပြီး ကြည်လင်သန့်ရှင်းသော အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်သည့် မျက်ကြည်လွှာ၏ အပေါ်ယံတွင် အံ့ဝင်ခွင်ကျကပ်လျက် စုပ်ခွပ်သဖွယ် တပ်ဆင်အသုံးပြုရသော မျက်ကပ်မှန်များသည် မျက်စိမှုန်သူများအတွက် အသုံးတည့်ပြီး ထိရောက်မှုရှိသည့် မျက်စိကျန်းမာရေးအထောက်အကူပြု ပစ္စည်း . . . အဝေးမှုန်ခြင်းအမျိုးမျိုး၊ ဆလင်ဒါပါဝါရှိသူများအပြင် အသက်အရွယ်ကြီးရင့်လာမှုကြောင့် အဝေးအနီးမှုန်ခြင်းများကို အမြင်အာရုံတိုးတက်ကောင်းမွန်လာစေရန် ပြုပြင်ပေးနိုင်သော ကိရိယာတစ်ခု . . .

ထို့ပြင် အပျော့စားမျက်ကပ်မှန်အများစုသည် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်ပြီး မီးခိုးငွေ့နှင့် ဖုန်မှုန့်ကဲ့သို့သော အညစ်အကြေးများကို ငွေ့ရည်စိမ့်ဝင်နိုင်သော အမာစားမျက်ကပ်မှန်များထက်ပို၍ စုပ်ယူဖယ်ရှားပေးနိုင်ပါသည်။ မျက်စိကို မသက်မသာဖြစ်စေသည့် ဆပ်ပြာရည်၊ စပရေးငွေ့နှင့် ဆေးလိပ်မီးခိုးငွေ့များ၊ မိတ်ကပ်နှင့် ကိုယ်လိမ်းလိုးရှင်းရည်များကိုလည်း ဖယ်ရှားပေးနိုင်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် မျက်ကပ်မှန်ကို ရှေးဦးစွာတပ်ဆင်ပြီးမှသာ အလှပြင်ပစ္စည်းများကို သုံးစွဲသင့်ကြောင်း ပညာရှင်များက အကြံပြုကြခြင်းဖြစ်ပါသည်။

အပျော့စားမျက်ကပ်မှန်များသည် မျက်ကပ်မှန်အမာစားများထက် ပို၍ပျော့ပြောင်းသောကြောင့် ဆုတ်ပြဲခြင်းနှင့် အနားသတ်များကျယ်သွားခြင်းများ ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်လာလျှင် လက္ခဏာရပ်အဖြစ် မျက်ကပ်မှန်ကို တပ်ဆင်၍မရခြင်းနှင့် တပ်ဆင်ရခက်ခဲခြင်းများ ကြုံတွေ့ကြရမည်ဖြစ်ပါသည်။ ယင်းအခြေအနေသည် မျက်ကပ်မှန်ကို အသစ်လဲလှယ်သင့်သည့် အခြေအနေပင်ဖြစ်ပါသည်။ ဆက်လက်၍ အသုံးမပြုသင့်ပါ။

တိုးတက်လာသော နည်းပညာသစ်များဖြင့် ထုတ်လုပ်ထားသော (ကမ္ဘာ့)ဈေးကွက်တွင်းရှိ မျက်ကပ်မှန် အပျော့စားများကို အောက်ပါအတိုင်းတွေ့ကြရပါမည်။

### တစ်နေ့တာအတွက် တစ်ခါသုံးမျက်ကပ်မှန်

တစ်ရက် (office hours) အတွက်အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားပြီး အသုံးပြုပြီးနောက် စွန့်ပစ်ရန်ဖြစ်ပါသည်။ မျက်ကပ်မှန်ကို သန့်စင်ဆေးရည်ဖြင့် ပုံမှန်ဆေးကြောရသည့်ဒုက္ခမှ ကင်းဝေးစေပါသည်။ မျက်စိခြောက်သွေ့ခြင်းကိုလည်း လျော့ပါးစေပြီး မျက်စိအလာဂျီ (မျက်စိယားယံတတ်သူများ) အတွက် ပို၍သင့်တော်သော မျက်ကပ်မှန်ဖြစ်ပါသည်။

### ဆီလီကွန်မျက်ကပ်မှန်

ဆီလီကွန်ကိုအခြေခံ၍ထုတ်လုပ်ထားပြီး လေဝင်လေထွက် အလွန်ကောင်းမွန်သောကြောင့် မျက်ကြည်လွှာအတွက် အရေးတကြီးလိုအပ်သည့် အောက်စီဂျင်ကို ပိုမိုရရှိစေပါသည်။ မျက်ကပ်မှန်နည်းပညာကို အဆင့်မြှင့်တင်ထုတ်လုပ်ထားသော အမျိုးအစားဖြစ်ပြီး မျက်စိခြောက်သွေ့မှုကို လျော့ပါးစေပါသည်။ အချို့သော ဆီလီကွန်မျက်ကပ်မှန်များသည် တပ်ဆင်ချိန် ၂၄ နာရီထက် ပိုမိုအသုံးပြုနိုင်ကြောင်းနှင့် အက်ဖ်ဒီအေ(FDA) ၏ ထောက်ခံချက်ဖြင့် တပ်ဆင်အသုံးပြုနိုင်သည့်ကာလကို ပါကင်ဘူးတွင် ဖော်ပြထားကြပါသည်။ ရက်ပေါင်းသုံးဆယ် (တစ်လ) အထိ တစ်ဆက်တည်း တပ်ဆင်ထားနိုင်သော မျက်ကပ်မှန်များပင် ပေါ်ပေါက်လာပြီဖြစ်၏။

မျက်ကပ်မှန်များ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာပြီး လနှင့်ချီ၍တပ်ဆင်ထားနိုင်သော်လည်း မျက်စိအထူးကုဆရာဝန်များကမူ အိပ်ရာဝင်ချိန်တွင် မျက်ကပ်မှန်ကို မဖြစ်မနေချွတ်ထားကြရန် တိုက်တွန်းကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အိပ်ပျော်နေချိန်တွင် မျက်စိ၏အနေအထားသည် ပိတ်နေသောသဘာဝရှိသောကြောင့် အောက်စီဂျင်ရရှိရန် အခွင့်အရေး အလွန်နည်းပါးပါသည်။ ထိုအခြေအနေတွင် မျက်ကပ်မှန်ကို တပ်ထားမည်ဆိုပါက မလိုလားအပ်သောဆိုးကျိုးများ ဖြစ်လာနိုင်ပါသည်။ ဆီလီကွန်မျက်ကပ်မှန်များသည် အဆင့်မြင့်မျက်ကပ်မှန်များဖြစ်သော်လည်း၊ လူတိုင်းနှင့် သင့်တော်သည်ဟူ၍ မဆိုသာသေးပါ။ သို့ဖြစ်ရာ ၎င်းမျက်ကပ်မှန်များကို သုံးစွဲမည်ဆိုပါက သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်၍ အကြံဉာဏ်ရယူပြီးမှသာ သုံးစွဲသင့်ကြောင်း ပညာရှင်များက အကြံပြုထားကြပါသည်။

## (၂)ရောင်စုံ အပျော့စားမျက်ကပ်မှန်

အပျော့စားရောင်စုံမျက်ကပ်မှန်များသည် နှစ်သက်ဖွယ်ရာကောင်းသော အခြေခံအကြောင်းများကြောင့် ထူးထူးခြားခြားဖက်ရှင်ဆန်ဆန် ဝတ်စားဆင်ယင်မှုများနှင့် လိုက်ဖက်အောင် တပ်ဆင်အသုံးပြုသောမျက်ကပ်မှန်များဖြစ်ကြပါသည်။၎င်းမျက်ကပ်မှန်များတွင် -

(က) သာမန်အားဖြင့်ကြည့်လျှင် အရောင်အသွေးရှိသည်ဟု မထင်ရသကဲ့သို့ တပ်ဆင်ထားသောအခါ၌လည်း ထူးထူးခြားခြားပြောင်းလဲမသွားဘဲ မျက်စိ၏ မူလအရောင်အသွေးကို ပိုမိုတင့်တယ်စေသော မျက်ကပ်မှန်၊

(ခ) မျက်စိ၏မူလအရောင်အသွေးကို ပိုမို၍ထင်ရှားလှပလာစေရန်၊ ကာယကံရှင်၏ မျက်စိအရောင်နှင့် တထပ်တည်းတူညီသောအရောင်အသွေးပါ မျက်ကပ်မှန်၊

(ဂ) မျက်စိ၏မူလအရောင်အသွေးနှင့် မတူကွဲပြားခြားနားသောအရောင်ကို ပြောင်းလဲရန်တပ်ဆင်နိုင်သော ရောင်စုံမျက်ကပ်မှန်များ (ခရမ်းပြာရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အညိုရောင် စသည့် ထူးထူးခြားခြားအရောင်များ)၊

(ဃ) ကာယကံရှင်၏ မူလမျက်စိအရောင်နှင့် တစ်ထပ်တည်းတူညီသည့် အလင်းပိတ်မျက်ကပ်မှန်များ (အမြင်အာရုံ ဆုံးရှုံးနေသည့် အရောင်အသွေးချို့ယွင်းနေသော မျက်စိကို အခြားသူများအမြင်၌ ကျန်တဖက်နှင့် တူညီစေရန်အတွက် တပ်ဆင်အသုံးပြုပါသည်)။

သတိပြုရန်အချက်မှာအရောင်ပါသော မျက်ကပ်မှန်အမျိုးအစားများသည် အလှအပအတွက်သာမက မျက်ကပ်မှန်အကြည်များနည်းတူ မျက်စိကုသမှုအတွက်ပါ အသုံးပြုသည်ဟူသော အချက်ပင်ဖြစ်ပါသည်။ မျက်စိအ ထူးကုဆရာဝန်များ၏ ညွှန်ကြားချက်ဖြင့်သာ အသုံးပြုသင့်သည့်အပြင် တစ်ကိုယ်ရေသုံးအဖြစ်သာ သုံးသင့်ပါသည်။ ပါဝါမျက်ကပ်မှန်များကို အသုံးပြုသကဲ့သို့ စနစ်တကျသန့်စင်ခြင်းနှင့် ထိန်းသိမ်းထားရှိခြင်းများကို မလွဲမသွေ ဂရုတစိုက် ပြုကြရမည်ဖြစ်ပါသည်။

## (၃)မျက်ရည်စိမ့်ဝင်နိုင်သော မျက်ကပ်မှန်အမာစား

၎င်းမျက်ကပ်မှန်ကို ဆီလီကွန်ဖြင့်ပြုလုပ်ထားပြီး မျက်ကပ်မှန်အပျော့စားများထက် အနည်းငယ်ပို၍ မာပါသည်။ မျက်ကြည်လွှာသို့ အောက်စီဂျင် အလုံအလောက်ရရှိစေရန်အတွက် မျက်ရည်စိမ့်ဝင်နိုင်စေရန် ဒီဇိုင်းပြုထုတ်လုပ်ထားပါသည်။ မျက်မှန်ပါဝါ အမျိုးအစားတစ်ခုဖြစ်သော ဆလင်ဒါပါဝါများသူများကို ပြုပြင်ပေးရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ချို့ယွင်းအားနည်းချက်ရှိနေသော မျက်ကြည်လွှာကို အကာအကွယ်ပေးရန်တို့အတွက် မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ပညာရှင်များ၏ ညွှန်ကြားချက်ဖြင့် အထူးသဖြင့် အသုံးပြုကြပါသည်။ မျက်ကပ်မှန်အပျော့စားများကဲ့သို့ သက်သောင့်သက်သာ ရှိမည်မဟုတ်သော်လည်း မျက်စိကျန်းမာရေးလိုအပ်ချက်အရ တပ်ဆင်ကြရမည်ဖြစ်ပါသည်။ ရေရှည်တပ်ဆင်ရန်လိုအပ်ပါက ဆရာဝန်ညွှန်ကြားသည့်အချိန်အတိုင်းသာ တပ်ဆင်သင့်ပါသည်။

စာမျက်နှာ (၂၀) သို့

## ပေါလ်မက်ခ်ကာ့ထ်နေ၏ "Pirates of the Caribbean: Dead Men Tell No Tales" ရုပ်ရှင်အတွက် ပိုစတာ ထုတ်ဖော်ပြသ

၁၉၆၀ပြည့်နှစ်တွေအတွင်း အထူးကျော်ကြားခဲ့တဲ့ ရော့ခ်တေးသံရှင်တစ်ဦးဖြစ်သူ ပေါလ်မက်ခ်ကာ့ထ်နေဟာ ပင်လယ်ဓားပြ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Pirates of the Caribbean" ရုပ်ရှင်တွေရဲ့ မကြာမီထုတ်လွှင့်တော့မယ့် ရုပ်ရှင်သစ် "Dead Men Tell No Tales"မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်မှာပါဝင်ထားတဲ့ သူ့ရဲ့ပုံရိပ်အတွက် ပိုစတာဓာတ်ပုံတစ်ပုံကိုလည်း လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


တစ်ချိန်က ရော့ခ်တေးဂီတရဲ့ အထင်ကရတေးသံရှင်တစ်ဦးဖြစ်တဲ့ ပေါလ်မက်ခ်ကာ့ထ်နေဟာ ဂျက်စပဲရိုးရုပ်ရှင်တွေလို့ လူသိများတဲ့ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအကြောင်း ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ "Pirates of the Caribbean" ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်မှာ ပင်တိုင်သရုပ်ဆောင် မင်းသားကြီးဂျွန်နီဒပ်နဲ့ တွဲဖက်သရုပ်ဆောင်သွားမှာဖြစ်ပြီး ပေါလ်ပါဝင်သရုပ်ဆောင်သွားမှာ ဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့နှစ်အတွင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ အသက်(၇၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေါလ်မက်ခ်ကာ့ထ်နေက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ရဲ့ပိုစတာဓာတ်ပုံကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဆိုပါဓာတ်ပုံမှာတော့ ပေါလ်မက်ခ်ကာ့ထ်နေကို မုတ်ဆိတ်မွေးရှည်တွေနဲ့ တွေ့မြင်ခဲ့ရပြီး လက်ထဲမှာလည်း ဖဲချပ်အချို့ကိုင်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ "Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်ဖြစ်တဲ့ "Dead Men Tell No Tales" အတွက် ပေါလ်မက်ခ်ကာ့ထ်နေရဲ့ ပိုစတာကိုလည်း ယင်းရုပ်ရှင်ကို တာဝန်ယူထုတ်လုပ်ပေးမယ့် ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။ ယင်းရုပ်ရှင်မှာတော့ ပေါလ်မက်ခ်ကာ့ထ်နေဟာ ပင်လယ်ဓားပြတွေကို ထားရှိတဲ့ ထောင်ရဲ့အစောင့်တစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် ပင်တိုင်ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသားဂျွန်နီဒပ်နဲ့ ပေါလ်မက်ခ်ကာ့ထ်နေတို့ဟာ တေးသံရှင်တွေအဖြစ် အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်စဉ်ကတည်းက သိကျွမ်းရင်းနှီးခဲ့ကြသူတွေလည်းဖြစ်ကြောင်း သိရပါတယ်။

ပင်လယ်ဓားပြတွေအကြောင်း ရိုက်ကူးတင်ဆက်ထားတဲ့ "Pirates of the Caribbean" ဇာတ်လမ်းတွဲရုပ်ရှင်တွေကို လေ့လာကြည့်ပါက ရော့ခ်တေးဂီတရဲ့ အငွေ့အသက်တွေ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ မင်းသားကြီး ဂျွန်နီဒပ်ရဲ့ဇာတ်ကောင်ဖြစ်တဲ့ ဂျက်စပဲရိုးရဲ့ ဟန်ပန်အမူအရာတွေဟာလည်း ၁၉၆၀ပြည့်နှစ်တွေအတွင်း အထူးအောင်မြင်ခဲ့တဲ့ "Rolling Stones"တေးဂီတအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိတ်သ်ရစ်ချက်စ်ရဲ့ အမူအရာတွေက လွှမ်းမိုးထားတာကို တွေ့ရပါတယ်။ ကိတ်သ်ရစ်ချက်စ်ဟာ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ "Pirates of the Caribbean" ရုပ်ရှင်နှစ်ကားမှာ ဂျက်စပဲရိုးရဲ့ ဖခင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်တွေကတော့ "Pirates of the Caribbean: At World's End" နဲ့ "Pirates of the Caribbean: On Stranger Tides"တို့ပဲ ဖြစ်ကြပါတယ်။

"Pirates of the Caribbean: Dead Men Tell No Tales"ကိုတော့ လာမယ့် မေ ၂၆ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်းစတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ❐







## ပရိသတ်တွေကို မေ့မထားတဲ့ တေလာဆွစ်

နာမည်ကျော် ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ တေလာဆွစ်ဟာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ် တစ်ခါတလေမှသာ တက်ရောက်တာ တွေ့ရပါတယ်။ ယခင်က လူမှုကွန်ရက်မီဒီယာပေါ်မှာ အမြဲလိုလို သူ့ရဲ့လှုပ်ရှားမှုပုံရိပ်သစ်တွေကို တွေ့မြင်ရလေ့ရှိတဲ့ တေလာဆွစ်ဟာ ယခုနှစ်အတွင်းမှာတော့ လူမှုကွန်ရက်မီဒီယာပေါ်မှာ သူ့ကိုတွေ့ရခဲပါတယ်။ ဒါ့အပြင် အများရဲ့ရှေ့မှောက်ပေါ်ထွက်လာတာမျိုးလည်း မတွေ့ရသလောက်ဖြစ်ခဲ့ပေမယ့် ဒီလိုလူမှုကွန်ရက်မီဒီယာတွေကို အသုံးမပြုတော့ဘဲ သက်ဝင်လှုပ်ရှားမှုလည်း နည်းပါးလွန်းနေတာဟာ တေလာဆွစ်အနေနဲ့ သူ့ရဲ့ပရိသတ်တွေကို မေ့ထားခဲ့ခြင်းတော့ မဟုတ်ကြောင်း လတ်တလောမှာ တေလာဆွစ်က သက်သေပြခဲ့ပါတယ်။ တေလာဆွစ်ဟာ ပရိသတ်တစ်ဦး ဘွဲ့ယူတဲ့နေ့မှာ ဝမ်းမြောက်ဂုဏ်ယူကြောင်း စာတစ်စောင်ကို ယင်းပရိသတ်ဆီကို ပေးပို့ခဲ့ပြီး စာနဲ့အတူ ပန်းစည်းလက်ဆောင်ကိုပါ ပေးပို့ခဲ့ကြောင်း တေလာရဲ့ ပရိသတ်က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြသခဲ့တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၄ ရက်မှာတော့ တေလာဆွစ်ရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်သူ အက်ရှ်လေဆေးလ်ဗားက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ဘွဲ့ရခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ရေးသားဖော်ပြထားတဲ့ တေလာဆွစ်ဆီမှ ကိုယ်တိုင်ရေးသားထားတဲ့ လက်ရေးစာတစ်စောင်နဲ့ လက်ဆောင်အဖြစ်ပေးပို့ပေးခဲ့တဲ့ ပန်းစည်းတို့ကို ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။ အက်ရှ်လေဆေးလ်ဗားဟာ "Shake It Off"ရဲ့ တေးသံရှင် တေလာဆွစ်နဲ့ ခြောက်ကြိမ်တိုင်တိုင်တွေ့ဆုံခဲ့တဲ့ တေလာကို တစိုက်မတ်မတ်အားပေးလာခဲ့တဲ့ ပရိသတ်တစ်ဦးဖြစ်ကြောင်းလည်း သိရပါတယ်။

အက်ရှ်လေဆေးလ်ဗားက တေလာဆွစ်ပေးပို့ခဲ့တဲ့ ပစ္စည်းတွေနဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံနဲ့အတူ "ကျွန်မရဲ့ ဘွဲ့နှင်းသဘင်အခမ်းအနားကို တေလာဆွစ်ကို တက်ရောက်ပေးဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမဲ့ သူဟာ ကျွန်မဆီကို ဒီစာလေးနဲ့ ပန်းစည်းလက်ဆောင်ပေးပို့ခဲ့တာဖြစ်ပါတယ်။ တို့မင်းကို ချစ်ပါတယ် တေလာရေ"လို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

မေ ၁၄ ရက်မှာပဲ အက်ရှ်လေဆေးလ်ဗားက သူ့ရဲ့အခြားသောလူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာလည်း အလားတူဓာတ်ပုံကိုဖော်ပြခဲ့ကာ "လက်တွေ့ဘဝဟာ ပျော်စရာပါ။ ဒီလှပတဲ့ ပန်းတွေနဲ့ ပို့စကတ်ဒ်လေးအတွက် ကျေးဇူးအထူးတင်ပါတယ်တေလာရေ။ ပြီးတော့ ကျွန်မတို့ရဲ့ ရှစ်နှစ်တာကာလအတွင်းက အမှတ်တရတွေအတွက်ရောပေါ့။ မင်းကိုချစ်ပါတယ်" လို့ ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ အသက် (၂၇) နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်က အက်ရှ်လေ ဆေးလ်ဗားအတွက် ရေးသားပေးပို့ခဲ့တဲ့ စာမှာတော့ အက်ရှ်လေနေထိုင်ရာ နယူးယော့ခ်မြို့ကြီးရဲ့ ပုံကိုရေးဆွဲထားပြီး အက်ရှ်လေရဲ့ ပုံကိုပါထည့်သွင်းရေးဆွဲထားတာတွေ့ရပါတယ်။ တစ်ဖက်မှာတော့ တေလာဆွစ်က အဆိုပါဘွဲ့နှင်းသဘင်ကို တက်ရောက်နိုင်ခြင်းမရှိတဲ့အတွက် ဝမ်းနည်းမိကြောင်း၊ အက်ရှ်လေရဲ့ ကြိုးပမ်းမှုတွေနဲ့ အောင်မြင်မှုတွေအတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ အက်ရှ်လေလို အမျိုးသမီးတစ်ဦးက သူ့ကို ဂရုတစိုက်ရှိတဲ့အတွက် အလွန်ပင်ဂုဏ်ယူမိကြောင်းနဲ့ သူကလည်း အက်ရှ်လေကို ချစ်ခင်ပါကြောင်း ထည့်သွင်းရေးသားထားတာကိုလည်း တွေ့ရပါတယ်။

အီးအွန်လိုင်း ဒေါ့ကွန်းက အက်ရှ်လေအနေနဲ့ တေလာဆွစ်ဆီကို ဖိတ်စာပို့ခဲ့တာနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ အက်ရှ်လေက အီးမေးလ်မှတစ်ဆင့် ပေးပို့ခဲ့တာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒါ့အပြင် အက်ရှ်လေဆေးလ်ဗားက သူ့အနေနဲ့ တေလာဆွစ်နဲ့ အမှတ်တရသစ်တွေကို ဖန်တီးလိုကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## တေးယွန်ကို ထောက်ပံ့ပေးခဲ့ကြတဲ့ "Girls' Generation" အဖွဲ့ဝင်များ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Girls' Generation"မှ အဖွဲ့ဝင်တွေဟာ တစ်ကိုယ်တော်တေးသံရှင်အဖြစ် ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တဲ့ တေးယွန်ရဲ့ဖျော်ဖြေပွဲကို တက်ရောက်ခဲ့ကာ အားပေးထောက်ပံ့ခဲ့ကြကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယွန်ဟာ မကြာသေးမီက ထွက်ရှိခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေရေးပွဲတွေကို ပြုလုပ်သွားရန်စီစဉ်ထားခဲ့ပြီး အာရှဒေသတွေမှာ လှည့်လည်ဖျော်ဖြေသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ တေးယွန်ရဲ့ ဖျော်ဖြေပွဲတွေကိုတော့ "Persona"လို့ အမည်ပေးထားပြီး ပထမဆုံးပွဲအဖြစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ပြီးခဲ့တဲ့ မေ ၁၂ရက်မှာ ကျင်းပခဲ့ရာမှာတော့ တေးယွန်ရဲ့လက်တွဲဖော်အဖွဲ့ဝင်တွေက သူ့ကိုတက်ရောက်အားပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာ ကျင်းပခဲ့တဲ့ တေးယွန်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲဟာ ပြီးခဲ့တဲ့နှစ် ဇူလိုင်လအတွင်းက ပြုလုပ်ခဲ့တဲ့ "Butterfly Kiss"တေးဂီတဖျော်ဖြေပွဲပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့တဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲဖြစ်ကြောင်းလည်း သိရပါတယ်။

တေးယွန်ရဲ့ ပထမဆုံးသော အာရှနယ်လှည့်ဖျော်ဖြေရေးပွဲမှာ "Girls' Generation"ရဲ့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဆိုယောင်း၊ ဆိုးဟွန်၊ တစ်ဖန်နီနဲ့ယူရီတို့ တက်ရောက်ခဲ့တာကိုတွေ့ရပြီး သူတို့လေးဦးအနက်က ဆိုယောင်းနဲ့ဆိုးဟွန်တို့ဟာ သူတို့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာတွေဖြစ်ကြတဲ့ အင်စတာဂရမ်စာမျက်နှာတွေပေါ်မှာ တေးယွန်ရဲ့ ဖျော်ဖြေပွဲကို တက်ရောက်လာတဲ့ သူတို့လေးဦးနဲ့ တေးယွန်တို့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ပြောင်းလဲဖော်ပြခဲ့တာကို တွေ့မြင်ခဲ့ရကြောင်းလည်း သိရပါတယ်။

"Girls' Generation"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆိုယောင်းက တေးယွန်ရဲ့ ဖျော်ဖြေရေးစင်မြင့်နောက်ကွယ်မှာ တေးယွန်နဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံကိုလည်း အင်စတာဂရမ်စာမျက်နှာပေါ် သယ်ဆောင်လာကာ "ဘာကြောင့်များ စိတ်တွေအလွန်လှုပ်ရှားနေလဲဆိုတာ စဉ်းစားနေမိတယ်"လို့ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အခြားသောအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုးဟွန်ကတော့ ဖျော်ဖြေပွဲ တက်ရောက်လာတဲ့ သူတို့လေးဦးနဲ့ တေးယွန်တို့အတူရိုက်ကူးထားတဲ့ ဓာတ်ပုံနဲ့အတူ တေးယွန်အတွက် ချီးကျူးစကားတွေနဲ့ အားပေးစကားတွေကို ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ❐



အေးပြည့်-စုစည်းသည်

# ရေကြောင်းပိုးလမ်းမကြီးအတွင်း စီးဆင်းခြင်း



ခ ဇော်ဝင်း(ကြေးမုံ)

၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီးအတွက် ပြင်ဆင်ဆောင်ရွက်ထားမှုများကို လေ့လာရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီရုံး အာဆီယံ-တရုတ်ဌာန (အေစီစီ) ၏ ဖိတ်ကြားချက်အရ အာဆီယံအသင်းဝင်နိုင်ငံ ၁၀ နိုင်ငံမှ သတင်းမီဒီယာသမားများအား ယခုနှစ် ဧပြီလ ၁၇ ရက်မှ ၂၇ ရက်အထိ ဖိတ်ခေါ်ခဲ့၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူနန်ပြည်နယ်နှင့် ရှင်ကျင်းပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများ၊ စီးပွားကုန်သွယ်ဌာနများနှင့် ရေနံဓာတုစက်ရုံ၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ကြွေထည်မြေထည်လုပ်ငန်းများအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုရန် ဦးတည်ချက်များဖြင့် တည်ထောင်ထားသည့် ခရီးသွားအပန်းဖြေဒေသအချို့တို့ကို လေ့လာခွင့်ရရှိခဲ့သည်။

ယခုခရီးစဉ်သည် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမ အစီအစဉ်အတွက် အာဆီယံနိုင်ငံများမှ တတိယအကြိမ်မြောက် လေ့လာရေးခရီးစဉ်အဖြစ် ဖိတ်ခေါ်ခြင်းလည်းဖြစ်သည်။ ခရီးစဉ်အတွင်း တရုတ်နိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ ဟူနန်နှင့် ရှင်ကျင်းပြည်နယ်များအတွင်းသို့ ပို့ဆောင်လေ့လာစေခဲ့ပါသည်။

**စတင်လေ့လာ**

အာဆီယံနိုင်ငံများမှ သတင်းမီဒီယာသမား အယောက် ၂၀ တို့သည် သက်ဆိုင်ရာ နိုင်ငံများမှ လေကြောင်းခရီးစဉ်အသီးသီးဖြင့် တရုတ်နိုင်ငံအတွင်းရှိ ဆုံရပ်များသို့ လာရောက်ခဲ့ကြသည်။ ဧပြီ ၁၈ ရက် နံနက်ပိုင်းတွင် ဟူနန်ပြည်နယ်မြို့တော် ချန်ရှားမြို့၌ စုစည်းမိကြပြီး ယင်းနေ့နံနက်ပိုင်းမှစကာ အိမ်ရှင်အဖွဲ့၏ စီစဉ်ဆောင်ရွက်ပေးမှုများဖြင့် လေ့လာရေးခရီးကို စတင်ခဲ့ပါသည်။ ယင်းမြို့ပတ်ဝန်းကျင်ရှိ အကြီးစားစက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာသုံး စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာဖွံ့ဖြိုးရေးဇုန်များအား လေ့လာခဲ့ရပြီး အများပြည်သူဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် ရုပ်မြင်သံကြားနှင့် အသံလွှင့်ထုတ်ရေးဆိုင်ရာလုပ်ငန်းတို့ကို စတင်လေ့လာခဲ့ရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးမားဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည်ဟု နိုင်ငံတကာမှ အသိအမှတ်ပြုခံခဲ့ရသည့် သတင်းများအရ ၎င်းနိုင်ငံအတွင်းသို့ လှည့်လည်လေ့လာရာတွင်လည်း အတတ်ပညာနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးပြီး ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာကို အကန့်အသတ်မရှိတင်သွင်း၍ ကုန်ပစ္စည်းသစ်များထုတ်လုပ်ကာ ဈေးကွက်ကြီးမားကျယ်ပြန့်နေသည်ကို တွေ့ရှိရပါသည်။ တည်ငြိမ်အေးချမ်းမှုရှိသော တရုတ်နိုင်ငံသည် ကမ္ဘာအနှံ့အပြားမှ အရင်းအနှီးနှင့် အတတ်ပညာများကို လာရောက်ရင်းနှီးမြှုပ်နှံရန် ကောင်းမွန်စွာဆွဲဆောင်နိုင်ပြီး နှစ် ၄၀ နီးပါးကြာသော စီးပွားရေးပြုပြင်ပြောင်းလဲမှုကာလများ၌ အခြေခံအဆောက်အအုံများ အခိုင်အမာဖွံ့ဖြိုးစေ၏။ တိကျသော စီးပွားရေးဆိုင်ရာမူဝါဒနှင့် အလုပ်လုပ်နိုင်စွမ်းရှိသော လူသားအရင်းအမြစ်တို့ပေါင်းကာ ဆေးစက်ကျရာ အရုပ်ထင်စေနိုင်သလို ဝင်ရောက်လာသမျှသော ပြည်ပရင်းနှီးမြှုပ်နှံမှုများက အမျိုးအစားစုံလင်လှစွာသော ကုန်ချော ထုတ်ကုန်များကို အန်ထုတ်နိုင်လေပြီ။

ထုတ်ကုန်များ အဆမတန်မြင့်မားလာပြီး ဖွံ့ဖြိုးတိုးတက်မှုကိန်းဂဏန်းများကို ထိန်းချုပ်ရန်ပင် ကြိုးပမ်းရသည့် ကာလအချို့အား ဖြတ်ကျော်ကာ ကမ္ဘာ့ထုတ်ကုန် (ပို့ကုန်) စံချိန် အမြင့်မားဆုံးဟူသော ကမ္ဘာ့စက်ရုံကြီးအဖြစ် တင်စားခံရပြီး တရုတ်နိုင်ငံတွင် မထုတ်လုပ်သော ကုန်ပစ္စည်းမရှိဟူ၍ပင် ကြွေးကြော်ရမည့်အချိန်သို့ ဆိုက်ရောက်လာခဲ့ပြီဖြစ်သည်။

**မှန်ကန်သည့် စီးပွားရေးမူဝါဒ**

ထို့ကြောင့်ပင် ဟူနန်ပြည်နယ်နှင့် ရှင်ကျင်းပြည်နယ်၏ စက်မှုဖွံ့ဖြိုးမှုများကို လေ့လာခဲ့ရသော ရက်သတ္တပတ်ကြာကာလအတွင်း တရုတ်နိုင်ငံ၏ အကြီးစားစက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ တိကျစက်ပစ္စည်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်နေသည့် ကုန်သွယ်မှုဇုန်များကို အပြေးအလွှားလေ့လာခွင့်ရခဲ့သည်။ လေ့လာမှုများအရ အချို့စက်မှုလုပ်ငန်းတို့သည် နှစ်ကာလရှည်ကြာခဲ့ပြီဖြစ်၏။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် ၁၉၄၉ ခုနှစ်မတိုင်မီကတည်းကပင် အခြေပြုတည်ထောင်ခဲ့သည့် စက်မှုလုပ်ငန်းတို့၏ တရွေ့ရွေ့ပြောင်းလဲဖြစ်ပေါ်မှုကို တွေ့ရှိခဲ့ရသလို ၁၉၈၀ နောက်ပိုင်းကာလအတွင်း၌ ဖွဲ့စည်းတည်ဆောက်ခဲ့သည့် စက်မှုလုပ်ငန်းအချို့ကိုလည်း တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါစက်မှုလုပ်ငန်းများသည် ခေတ်သစ်စီးပွားရေးလုပ်ငန်းများ၌ ကမ္ဘာနှင့်ဆက်ဆံကာ ကူးလူးဆက်သွယ်လျက်ရှိသည်ကို တွေ့ရသည်။ နည်းပညာနှင့် အရင်းအနှီးဖွံ့ဖြိုးမှုသည် အဓိကအကြောင်းတရားဖြစ်ပြီး ကျွမ်းကျင်လုပ်သားနှင့် အခြေခံအဆောက်အအုံပြည့်စုံခြင်းသည် အဓိကကျသော ဒုတိယအကြောင်းတရားဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယင်းအကြောင်းတရားနှစ်ရပ်အပေါ်၌ စီမံကွပ်ကဲသော မှန်ကန်သည့် စီးပွားရေးမူဝါဒသည် အဓိကအကျဆုံးသော တိုးတက်ဖွံ့ဖြိုးရေး၏ တွန်းအားဖြစ်ပါသည်။

ယင်းစက်မှုကုန်ထုတ် လုပ်နိုင်သည့် အရင်းအမြစ်များက ကမ္ဘာ့ကုန်သွယ်စီးပွားရပ်ဝန်းအတွင်းသို့ တိုးဝင်စီးဆင်းနိုင်မည့်အင်အားကို အပြည့်အဝခံယူကျင့်သုံးသည့်အခါ တရုတ်နိုင်ငံအစိုးရက ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်ကို ချိတ်ဆက်ဖော်ဆောင်ပေးတော့မည်ဖြစ်သည်။

**ရေကြောင်းပိုးလမ်းမ**

ယင်းအစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်သော ၂၁ ရာစု ရေကြောင်းပိုးလမ်းမအစီအစဉ်ကိုလည်း လက်ရှိတရုတ်အစိုးရက အမြော်အမြင်ရှိစွာ ခင်းကျင်းထားပြီးဖြစ်သည်။ ဟူနန်နှင့် ရှင်ကျင်းပြည်နယ်မှ စက်မှုထုတ်ကုန်ရပ်ဝန်းနှင့် ကုန်သွယ်မှုဇုန်များသည် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမအစီအစဉ်၌ ပါဝင်ရန် တက်ကြွစွာ အားယူနေကြပြီဖြစ်သည်။

ယင်းကုန်သွယ်ရေးအစီအစဉ်၏ ခရီးစဉ်ကား တရုတ်နိုင်ငံအရှေ့တောင်ဘက် ကမ်းရိုးတန်းဒေသမှအစပြုကာ တောင်တရုတ်ပင်လယ်၊ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းနှင့် အိန္ဒိယသမုဒ္ဒရာရပ်ဝန်းဒေသရှိ နိုင်ငံများနှင့် ကျွန်းနိုင်ငံဒေသများကို လွှမ်းခြုံကျော်လွန်ကာ အာဖရိကတိုက် အရှေ့ကမ်းခြေဒေသအထိတိုင်ဖြစ်သည်။

ယင်းကုန်သွယ်ရေးလမ်းကြောင်း ဖြန့်ကြက်စီးဆင်းမှု၌ အာဆီယံအသင်းဝင်နိုင်ငံများ၏ ပိုင်နက်နယ်နိမိတ်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားမည်ဖြစ်ခြင်းကြောင့် ယင်းလမ်းကြောင်းပေါ်ရှိ အာဆီယံနိုင်ငံများ၏ အခန်းကဏ္ဍအရေးပါလာမည်ဖြစ်သည်။ ယင်းအခြေအနေကို ပကတိအရှိတရားဖြင့်လက်ခံကာ ပါဝင်ချိတ်ဆက်လှုပ်ရှားခြင်းဖြင့် မိမိနိုင်ငံအတွက် အကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ယင်းသို့ လုပ်ဆောင်နိုင်ရေးအတွက် အခြေအနေအချိန်အခါနှင့် အခြားမဟာဗျူဟာမြောက်ဖြစ်စဉ်များကို တွက်ချက်ကာ မိမိတို့နိုင်ငံများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကုန်သွယ်မှုအခွင့်အလမ်းအဖြစ် ၂၁ ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမအစီအစဉ်အား ကောင်းကျိုးများယူဆောင်နိုင်သော ဖြစ်စဉ်တစ်ရပ် ဖြစ်လာဖွယ်ရှိအောင် စွမ်းဆောင်ကြိုးပမ်းနိုင်ကြပေမည်။

## မျက်ကပ်မှန်များအကြောင်းသိကောင်းစရာ

တစ်မျက်နှာ (၁၈) မှ

**(၄) ဘိုင်ဖိုကယ် မျက်ကပ်မှန်**

အဝေးအနီး ပါဝါနှစ်မျိုးပါသောမှန်ကို ဘိုင်ဖိုကယ် (ပါဝါနှစ်မျိုးချိန်ဆ၍ရသော) မှန်ဟု ခေါ်သကဲ့သို့ အဝေးအနီး ပါဝါနှစ်မျိုးသုံး၍ရသော မျက်ကပ်မှန်ကိုလည်း ဘိုင်ဖိုကယ်မျက်ကပ်မှန်ဟုပင်ခေါ်ပါသည်။ ပရက်စ်ဘိုင်ယိုးပီးယား (presbyopia) ဟုခေါ်သော အသက်အရွယ်ကြီးရင့်လာမှုကြောင့် အနီးမှုန်သူများအတွက် ထုတ်လုပ်သော မျက်ကပ်မှန်ဖြစ်ပါသည်။

အသက်အရွယ်ရစ (အသက် ၄၀ နှစ်ဝန်းကျင်) တွင် အနီးမှုန်မှုသာဖြစ်ရာမှ အသက် ၄၅ နှစ်နှင့် ၅၀ ဝန်းကျင်များတွင် အဝေးပါမှုန်စပြုလာတတ်သည်ဖြစ်ရာ ထိုကဲ့သို့သောသူများအတွက် အသုံးပြုရန်သင့်သော မျက်ကပ်မှန်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားသော မျက်ကပ်မှန်အပျော့စားနှင့် အမာစားမျက်ကပ်မှန် နှစ်မျိုးစလုံး (ကမ္ဘာ့) ဈေးကွက်တွင် ရှိပါသည်။

အရေးကြီးသောအချက်မှာ မိမိနှင့်သင့်တော်သော မျက်ကပ်မှန်ကို မှန်မှန်ကန်ကန်ရွေးချယ်တတ်ရန်နှင့် မျက်ကပ်မှန်ဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်၏ အကြံပြုချက်ဖြင့်သာ တပ်ဆင်အသုံးပြုရန်တို့ပင်ဖြစ်ပါသည်။

**(၅) မိုနိုဗွီးရှင်း မျက်ကပ်မှန်**
**(ပုံရိပ်တစ်ထပ်တည်းကျစေရန် သုံးရသောမျက်ကပ်မှန်)**

ဘယ်ညာမျက်စိအစုံ၌ တစ်ဖက်နှင့်တစ်ဖက် ပါဝါသဘာဝမတူညီခြင်းနှင့် ပါဝါသဘာဝချင်းတူသော်လည်း ကွာဟချက်များလွန်းခြင်းများကြောင့် ပုံရိပ်နှစ်ထပ်မြင်နေရသောအခြေအနေတွင် အသုံးပြုပါသည်။ မျက်စိတစ်ဖက်သည် အဝေးမှုန်ဖြစ်နေပြီး အခြားတစ်ဖက်သည် အနီးမှုန်ဖြစ်နေလျှင်သော်လည်းကောင်း၊ တစ်ဖက်နှင့်တစ်ဖက် ပါဝါကွာဟချက်(+ သမ - ၂၀၀ ထက်ပိုသော)များလွန်းသောသူအား ၎င်း၏အမြင်အာရုံတွင် ပုံရိပ်တစ်ထပ်တည်းကျနေစေရန်အတွက် တွဲဖက်၍သုံးရသော မျက်ကပ်မှန်အမျိုးအစားဖြစ်ပါသည်။ မျက်စိနှစ်ဖက်စလုံးအတွက် အသင့်သုံး တွဲစပ်လျက်လာသော အမျိုးအစားမဟုတ်ဘဲ အထူးပြုကျွမ်းကျင်ပညာရှင်များက စမ်းသပ်စစ်ဆေး တွက်ချက်၍ တွဲစပ်ပေးရသော အမျိုးအစားဖြစ်ပါသည်။

အမျိုးမျိုးအစားစားသော ပါဝါများကို တွဲစပ်ပေးရသောကြောင့် ဘာသာရပ်ဆိုင်ရာပညာရှင်များ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုသည် အထူးအရေးပါသကဲ့သို့ လိုအပ်သောမျက်ကပ်မှန်များရရှိရေးသည်လည်း ဤအပိုင်း၌ အဓိကကျပါသည်။

**(၆) စာကြည့်မျက်မှန်နှင့် မျက်ကပ်မှန်**

တစ်ခါတစ်ရံ အဝေးကြည့်အတွက် မျက်ကပ်မှန်တပ်ရပြီး ၎င်းမျက်ကပ်မှန်အပေါ်မှ အနီးကြည့်မျက်မှန်ကို စာဖတ်ရန်အတွက် တပ်ဆင်ရသည်မျိုးလည်းရှိပါသည်။ မျက်စိအထူးကုဆရာဝန်များနှင့် အထူးကျွမ်းကျင်သူ ပညာရှင်များ၏ အကြံပြုချက်အရသာ လိုက်နာဆောင်ရွက်ရခြင်းမျိုးဖြစ်ပါသည်။

**(၇) ဆလင်ဒါပါဝါအတွက် အခုံးမညီမျက်ကပ်မှန်**

မျက်ကြည်လွှာ အခုံးမညီသောကြောင့် ဆလင်ဒါပါဝါရှိသူများအတွက် ထုတ်လုပ်ထားသော မျက်ကပ်မှန်ဖြစ်ပါသည်။ အခြားသောမျက်ကပ်မှန်နှင့် ထုတ်လုပ်သည့်ကုန်ကြမ်းအမျိုးအစားတူညီသည့်အပြင် အပျော့စား အမာစားမျက်ကပ်မှန်၊ ရောင်စုံမျက်ကပ်မှန်၊ မျက်ရည်စိမ့်ဝင်နိုင်သော မျက်ကပ်မှန် စသည့်ဖြင့်လည်း အမျိုးမျိုးရှိပါသည်။ အခြားသောမျက်ကပ်မှန်များနှင့် အဓိကမတူညီသောအချက်မှာ အခုံးမညီခြင်းဖြစ်ပါသည်။ မျက်ကြည်လွှာအခုံးမညီသောကြောင့် ဆလင်ဒါပါဝါဖြစ်ခြင်းကို အခုံးမညီသော မျက်ကပ်မှန်ကိုတပ်ဆင်၍ ပြေပျောက်စေခြင်းဖြစ်ပါသည်။ အိုးရွဲ့ကို စလောင်းရွဲ့ဖြင့်ဖုံးခြင်းသဘောတရားနှင့် ဆင်တူမည်ထင်၏။ ဆလင်ဒါပါဝါ သီးသန့်မျက်ကပ်မှန်များရှိသကဲ့သို့ ဆလင်ဒါနှင့် အဝေးမှုန်ပါဝါ တွဲလျက် မျက်ကပ်မှန်များလည်းရှိပါသည်။

**(၈) မျက်ကြည်လွှာ၏ပုံသဏ္ဌာန်ကို ပြုပြင်ရန် သုံးသောမျက်ကပ်မှန်**

အမြင်အလျားတိုသောကြောင့် အဝေးမှုန်နေသူများအား မျက်ကြည်လွှာပြုပြင်သော နည်းပညာအရ အမြင်အာရုံ တိုးတက်စေရန်အတွက် တပ်ဆင်ရသော အထူးမျက်ကပ်မှန်ဖြစ်ပါသည်။ မျက်ကပ်မှန်တပ်ဆင်ထားသော အချိန်တွင်သာ မျက်ကြည်လွှာ၏ ပုံသဏ္ဌာန်ပြောင်းလဲသွားသောကြောင့် ပိုမိုကြည်လင်ကောင်းမွန်သော အမြင်ကိုရရှိစေနိုင်မည်ဖြစ်ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် အလွန်အသုံးနည်းသော နည်းစနစ်တစ်ခုဖြစ်၏။ မျက်ကပ်မှန်အမျိုးအစားတစ်ခုအဖြစ်သာ ရေးသားရခြင်းဖြစ်ပါသည်။

ဤသို့လျှင် မျက်ကပ်မှန်အမျိုးအစားများနှင့် အသုံးပြုပုံများကို လေ့လာခြင်းအားဖြင့် မျက်ကပ်မှန်များကို မျက်မှန်လိုအပ်သူများအတွက် မျက်မှန်အစားထိုး အသုံးပြုရသည့် ပစ္စည်းတစ်ခုအဖြစ်သာမက မျက်စိကုသရေးအတွက်ပါ အရေးပါသောပစ္စည်းအဖြစ် အသုံးပြုကြောင်း အမြွက်မျှသိကြရမည်ဖြစ်ပါသည်။

မျက်ကပ်မှန်ကို အသုံးပြုခြင်းဖြင့် အားသာချက်များကို ခံစားရမည့်အပြင် ကြုံတွေ့လာနိုင်သည့် ဆိုးကျိုးများကိုလည်း သတိမူကြရမည်ဖြစ်ပါသည်။ မျက်ကပ်မှန်နှင့် ဆက်နွယ်သောဆိုးကျိုးသည် မျက်စိ၏ အရေးပါသောအင်္ဂါအစိတ်အပိုင်းဖြစ်သည့် မျက်ကြည်လွှာတွင် ပေါ်ပေါက်လာတတ်သည်ဖြစ်ရာ မိမိအသုံးပြုမည့် မျက်ကပ်မှန်ကို ဂရုတစိုက်ရွေးချယ်ရန်နှင့် မျက်ကပ်မှန်သုံးစွဲသူများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာကြရန် လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(WebMD Medical Reference Reviewed by Alan Kozarsky, MD \ How to Find the Right Contact Lenses ကို မှီငြမ်းပါသည်။)

## ဒီးမော့ဆိုမြို့နယ် ဒေါ်စဲကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်လှစ်

**ဒီးမော့ဆို မေ ၁၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယစက်ဝန်း လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေ ၁၅၆ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေါကလော်ဒူ ကျေးရွာအုပ်စု ဒေါ်စဲကျေးရွာ ကျောက်ချောလမ်းသစ် အရှည် ပေ ၂၇၃၀၊ အကျယ် ၁၂ ပေ ဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စကို က လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံလိုအပ်ချက်ဖြစ်သော လမ်း၊ တံတား၊ ရေပေးရေး၊ မီးရရှိရေး၊ ကျေးရွာခန်းမဆောင်၊ စာသင်ကျောင်း၊ ဆေးပေးခန်းများနှင့် သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်ခြင်းလုပ်ငန်းများကို ကျေးရွာပြည်သူလူထုများ ကိုယ်တိုင်ရွေးချယ် ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ လူ့စွမ်းအား အရည်အသွေးများကို မြင့်တင်ပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ကျေးရွာပြည်သူလူထုများ ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးဆော်ရယ်က စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီ ဒေါ်ကျားမြာ က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးဘော့စကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ဦးသိန်းဇော်နှင့် အုပ်စုအုပ်ချုပ်ရေးမှူး ဦးပိုးရယ်ဘအေးတို့က ကျေးရွာကျောက်ချောလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယစက်ဝန်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းကို ဒီးမော့ဆိုမြို့နယ်တွင် ကျေးရွာ ၇၆ ရွာမှ လမ်း၊ တံတား၊ ရေရရှိရေး၊ အဆောက်အအုံနှင့် အခြားလုပ်ငန်း စုစုပေါင်း ၇၉ ခုကို ရန်ပုံငွေကျပ် ၉၇၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**





## ဂျပန်အစိုးရနှင့် ပြည်သူတို့၏ထောက်ပံ့ငွေဖြင့် ကျောက်ကြီးချောင်းကပ်ကျေးဆိပ်တံတားဖွင့်

**ကျောက်ကြီး မေ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာအုပ်စု ကပ်ကျေးဆိပ်ကျေးရွာတွင် ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်ပြည်သူတို့၏ ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့သည့် ကျောက်ကြီးချောင်းကူးကပ်ကျေးဆိပ်တံတား ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲက တံတားမျက်နှာစာ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံသံရုံးကိုယ်စားလှယ် Mr; Keita Iwaseက တံတားကို ဂျပန်နိုင်ငံအစိုးရ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်ပြည်သူတို့ရဲ့ ပေးပို့လိုက်တဲ့ လက်ဆောင်တစ်ခုလို့ ဆိုရမည်ဖြစ်ကြောင်း၊ ဂျပန်ပြည်သူတွေဟာ မြန်မာပြည်သူတွေအပေါ် စေတနာထက်သန်မှုဖြင့် အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ညီအစ်ကိုနိုင်ငံများဖြစ်တယ်လို့ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံခရီးစဉ်တွင် ပြောကြားခဲ့ကြောင်း၊ မြန်မာ-ဂျပန်နှစ်နိုင်ငံချစ်ကြည်ရေး ဆထက်ထမ်းပိုး တိုးတက်ပါစေဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို လှူဒါန်းမှုမျိုးစုံလှူဒါန်းလျက်ရှိရာ ယခုကဲ့သို့ မိမိတို့ဒေသသို့ လာရောက်လှူဒါန်းပေးခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကျေးရွာတံတားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌက တံတားတည်ဆောက်ပေးခဲ့သော ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ကပ်ကျေးဆိပ်တံတားသည် ကျောက်ကြီး-မုန်း ကားလမ်းပေါ်ရှိ ကျေးရွာများနှင့် ကျောက်ကြီးမြို့သို့ အနီးဆုံးနှင့် အလွယ်ကူဆုံး ဆက်သွယ်နိုင်သည့် တံတားဖြစ်ရာ တံတားအရှည်ပေ ၄၄၆ နှင့် တံတားအကျယ် ၁၂ပေ ရှိပြီး ကွန်ကရစ်ဘောလီတံတားဖြစ်သည်ဟု သိရသည်။ **(၁၂၂)**

## မြို့နယ်သန့်ရှင်းသာယာလှပစေရေး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်အင်အား၊ လူအင်အားဖြင့် ဆောင်ရွက်

**ဒလ မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရပ်ကွက် ၂၄ ရပ်ကွက်နှင့် ကျေးရွာ ၂၃ ရွာ၊ ကျေးရွာ အုပ်စုပေါင်း ၅၄ ရွာတို့၌ မြို့နယ်သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ စွန့်ပစ်အမှိုက်များကင်းရှင်းစေရေးနှင့် ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ဦးဆောင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများအား စက်အင်အား၊ လူအင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ခြင်းနှင့် စုပေါင်း အမှိုက်ကောက်ခြင်းလုပ်ငန်းများကို ပထမရက်သတ္တပတ်အစီအစဉ်ဖြင့် မေ ၁၃ ရက် နံနက် ၆ နာရီမှစတင်ပြီး သတ်မှတ်နေရာအသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်သန့်ရှင်းသာယာလှပစေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးယဉ်ထွေးက တစ်မြို့နယ်လုံးအတွင်းမှာရှိတဲ့ ရေနုတ်မြောင်းများနှင့် စွန့်ပစ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်ပေးခြင်း၊ ရေမြောင်းများ ပြန်လည်တူးဖော်ပေးခြင်းနှင့် ပြည်သူတွေရဲ့ သောက်သုံးရေအိုးများအတွင်း ပိုးလောက်လန်းများကင်းရှင်းစေရေး အဘိတ်ဆေးများခတ်ခြင်းနှင့် အသိပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးတွင်းကာလမှာ ဒေသခံပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေး၊ ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းဝေးစေရေး၊ ရေစီးရေလာကောင်းမွန်စေရန် နှင့် မြို့နယ်သန့်ရှင်းသာယာလှပစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မြို့နယ်သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်သွား မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအားလုံး၌ မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ တူးဖော်ပေးခြင်းနှင့် စွန့်ပစ်အမှိုက်များ စည်းကမ်းတကျ စွန့်ပစ်တတ်စေရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးတို့ကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



## မြို့ပြနှင့်ဝေးကွာသော ကျေးလက်ဒေသများ အကျိုးရှိစေမည့် ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကျင်းပ

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ်အတွင်း မြို့ပြနှင့်အလှမ်းဝေးကွာသော ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် ဓာတ်အားစနစ်၊ ကျေးရွာပိုင်၊ ကိုယ်ပိုင်မီးစက်၊ အသေးစားရေအားလျှပ်စစ်၊ အိမ်နီးချင်း နိုင်ငံများကူညီမှု၊ ဇီဝဓာတ်ငွေ့နှင့် ဆိုလာစနစ်များဖြင့် မီးအလင်းရောင်ရရှိရေးအတွက် ၈၈၆ ရွာအားဆောင်ရွက်ထားပြီးဖြစ်ရာ အဆိုပါကျေးရွာများ ဆိုလာစနစ်ဖြင့် မီးအလင်းရောင်သုံးစွဲရာတွင် ဆိုလာနှင့်ပတ်သက်သော ပြုပြင်ထိန်းသိမ်းနည်းများ ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ကျေးရွာနေလူငယ်လူရွယ်များအားဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းဆင်းပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ပြည်နယ်ကျေးလက်ဦးစီးဌာန၌ ကျင်းပသည်။

ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းသင်တန်းအား ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် BNH (Japan)တို့ ပူးပေါင်းကာ သင်တန်းကို အကြိမ်ကြိမ်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယခုသင်တန်းတွင် ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ လူငယ်လူရွယ် ၃၃ ဦးအား ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းများ သင်ကြားပေးပြီး ကျေးရွာများတွင် ပြန်လည်ထပ်ဆင့်သင်ကြားပေးနိုင်ရေးအတွက် သင်ကြားဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာမီးပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး တက်ရောက်အမှာစကားပြောကြားပြီး BNH(Japan) မှ အင်ဂျင်နီယာအရာရှိ Mr.Naoshige Shimura က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ပြည်နယ်ဝန်ကြီးက ဆုများချီးမြှင့်ပေးပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပြည်နယ်ကျေးလက်ဦးစီးမှူးဦးနေဦးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ တပ်ကြပ်ကြီး/စာရေး သန်းကြည်အောင်(အနောက်တောင် တိုင်းစစ်ဌာနချုပ်)-ဒေါ်အေးအေးမော် (အလယ်တန်းပြ/အထက(၇)-ပုသိမ်)တို့၏သားကြီး

**ဗိုလ်ကြီးအောင်မော်ဦး**

M.B.,B.S(DSMA),M.Med.Sc(Surgery)

နှင့်

မန္တလေးမြို့နေ ဒေါက်တာဝင်းလွင်(ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)-ဒေါ်ရွှေလီတို့၏ သမီးငယ်

**မခင်ခင်ရွှေ**

B.A(Eco),Diploma in Business Accounting

တို့၏ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်ခင်နှင်းမြတ်(တွဲဖက်မြို့နယ်တရားသူကြီး)အားလည်းကောင်း၊ ၁-၅-၂၀၁၇ရက်နေ့တွင် ရန်ကုန်မြို့ Gandmar Grand Ballroom၌ ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ကြွရောက်ချီးမြှင့်ပေးပါသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့်ဇနီး ဒေါက်တာနန်းခမ်းမိုင်အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဇနီးအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်အားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းနှင့်ဇနီးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ငွေအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၏ဇနီး ဒေါ်ဆွေဆွေလတ်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများအားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ကျော်သူ(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးရီအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကေတုဝင်းထွဋ်၊ မင်္ဂလာစောင်းတီးခတ်ပေးပါသော မနီလာညို(မန္တလေး)၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော မရွှေရည်ဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော မောင်ခန့်သူရနှင့် မမိုးမခကျော်သူ၊ မင်္ဂလာပန်းကြဲပေးပါသော မခိုင်ကြည်ဖြူ၊ မင်္ဂလာပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မသက်ချိုစု၊ မင်္ဂလာလက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မနှင်းထက်ထက်အောင်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးသော်ဇင်ဦး၊ ဗိုလ်ကြီးတင်ဝင်းဇော်၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မမွှေးသက်စံညို၊ မငွေရည်ဆွေတို့အားလည်းကောင်း၊ ဆံပင်၊ မိတ်ကပ်နှင့်ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးပါသော Aromaဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဆင်မြန်းပေးပါသော သီတဂူ(သစ်ခွဲခြံ)အားလည်းကောင်း၊ အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အရာရှိများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲကြီး အစစအရာရာအဆင်ပြေအောင် စီစဉ်ပေးပါသော Gandamar Grand Ballroom မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်မော်ဦး-မခင်ခင်ရွှေ**

---

MYANMAR CONSTRUCTION
MCEA
ENTREPRENEURS ASSOCIATION

## မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA)အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးပါဝင်သည့် နိုင်ငံလုံးဆိုင်ရာညီလာခံကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး/ပြည်နယ် အသင်းသားကိုယ်စားလှယ်များ စုံညီစွာတက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| အကြောင်းအရာ | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|
| ၁။ Build Tech Yangon 2017 (BTY-2017)Exhibition | ၁၈-၅-၂၀၁၇ ကြာသပတေးနေ့ | နံနက် ၈း၃၀နာရီ မှ ၁၁း၃၀နာရီအထိ | MCCခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်။ |
| ၂။ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နိုင်ငံလုံးဆိုင်ရာညီလာခံ | ၁၉-၅-၂၀၁၇ သောကြာနေ့ | နံနက် ၉း၃၀နာရီ မှ ၁၂း၃၀နာရီအထိ | MCEAခန်းမ၊ သုဝဏ္ဏလမ်းဆုံ၊ သဃ်န်းကျွန်းမြို့နယ်။ |
| ၃။ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား | ၁၉-၅-၂၀၁၇ သောကြာနေ့ | ညနေ ၆း၃၀နာရီမှ ည ၉း၀၀နာရီအထိ | FookMunLauSeafoods Restaurant မြကျွန်းသာပန်းခြံ၊ အင်းယားကန် |

မှတ်ချက်။ ။ နိုင်ငံလုံးဆိုင်ရာညီလာခံကို မူလက ၁၈-၅-၂၀၁၇ ရက် နေ့လယ်ပိုင်း၌ ဆောင်ရွက်ရန်စီစဉ်ခဲ့သော်လည်း ၁၉-၅-၂၀၁၇ ရက် နံနက်ပိုင်း ၉း၃၀ နာရီသို့ ပြောင်းရွှေ့စီစဉ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း**

---

ကွန်တရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းနှင့်(၂)တောင်ဒဂုံ။

---

**မြင့်မြတ်** မျက်မှန် Essential (18)

Power - Transition or colour change - UV Coated.

3 in 1



➡ **Lens Price - ဈေးနှုန်း**

Distance - Ready - 15000/-Ks
Bi Focal - Ready - 20000/-Ks
Multi Focal - Ready - 25000/-Ks
(Remark) Semi + - 15000/-Ks

Frame detail price 45000/-Ks

နေ့ချင်းပြီး Urgent
ဝယ်ယူနိုင်ပါပြီ ...

**မြင့်မြတ်**
မျက်မှန်ဆိုင် ၃၄၂ ၊ ရွှေဘုံသာအထက်လမ်း။
ရန်ကုန်မြို့ ။ ဖုန်း - ၃၇၃၅၀၇၊ ၀၉ ၇၃၂၁၅၅၃၁

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7E/5708 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့။**

---

ဗုဒ္ဓ ဓမ္မ သံဃ

**ရွှေနန်းခံ**

**အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု** (မြို့တွင်း/နယ်ဝေး)

Ph: 09-425308777, 09-770639155, 09-261111549

---

**ရောင်း/ငှားမည်**

မြောက်ဥက္ကလာပ၊ ခေမာသီလမ်းမပေါ်၊ ဝေပုလ္လအိမ်ရာအနီး၊ 2BN(20x60) ဂရန်အမည်ပေါက် ။
Ph:09-785050974,
09-30246596

---

# SUPER RICH MAN SWIMMING POOL SPECIALIZED COMPANY

**ရေကူးကန်ဆောက်ချင်လို့ဘဲဖြစ်ဖြစ်၊ ရေကူးကန်သုံးပစ္စည်းဝယ်ချင်လို့ဘဲဖြစ်ဖြစ် ဖုန်းသာဆက်လိုက်ပါ**




**အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့၊ 01-8604064, 09-422205502**
Email:richmanpool@gmail.com WEBSITE:www.superrichmanpools.com Facebook:www.facebook.com/superrichmanpool

# ADJUSTABLE MOBILE CONVEYOR



Truck Loading Conveyor

- ဆန်အိတ်၊ ပဲအိတ်၊ နမ်းအိတ် နှင့် ဘိလပ်မြေအိတ်၊ ဂျပ်ဖာ စသည့်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်နိုင်ခြင်း
- တစ်မိနစ်လျှင် အိတ် ( ၃၀-၅၀) သယ်ပို့နိုင်ခြင်း
- ကုန်တင်ကားပေါ်သို့ အတင်အချ ပြုလုပ်နိုင်ခြင်း
- ဂိုဒေါင်အတွင်း မိမိလိုအပ်သော အမြင့်သို့စနစ်တကျ ထားသိုနိုင်ခြင်း
- အလွယ်တကူ ရွေ့ပြောင်းနိုင်ခြင်း နှင့် အတင်အချ အနိမ့်အမြင့် ချိန်ညှိနိုင်ခြင်း
- တောင့်တင်းခိုင်မာခြင်း နှင့်ရေရှည်အသုံးပြုနိုင်ခြင်း
- လုပ်သားအင်အား 60-80% သက်သာခြင်း

MANN STANDARD CO.,LTD

Hot Line ; 09-797977301, 09-797977302

Yangon Office
No (82/1), Ground Floor, Myinthar(7)Street, (14/1)Quarter, South Okkalapa Township, Yangon.
Ph; 09-91017412, 09-969919344, 09-969919355. Mail; mannstandard@gmail.com

Office & Show Room
La La- 7/11 Corner of 61Street & Kanaung Mingthargyi Main Road, Pyigyitagon Township Mandalay. Ph; 09-797009005,09-797009007,09-797009008.

Factory
Pa Pa-18/20+21,Sabal Street,Bet;62nd×63rd Street,Industrial Zone(1), Pyigyitagon Township Mandalay.Ph;09-5125098.



Standby Coveyor

Adjustable Mobile Conveyor

GREE is Great, Gree is No.1

နွေရာသီအထူး Promotion 15 March, 2017 to 31 May, 2017



Bee-3 (နောက်ဆုံးပေါ်ဇေတ်မီဒီရိုင်း) | Bee | Change 2 (Silent King) | Jade | Koobe | Laffis

Portable Air-Con
ချက်ချင်းဝယ်
ချက်ချင်းအသုံးပြုနိုင်ခြင်း

မီးအား 140 V ရှိရုံဖြင့် အအေးနှုန်းထုတ်လွှတ်ပေးနိုင်ခြင်း၊ 80 V ~ 260 V အထိ မီးအားအတက်အကျခံနိုင်ရည်ရှိခြင်း။ မီးအားစား 60 % သက်သာခြင်း။ ခေတ်မီသေသပ်လှပသော ဂျပန်စတိုင်ဒီဇိုင်း။

မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်
CHRIS HO COMPANY LIMITED
ခရစ်ဟိုး ကုမ္ပဏီလီမိတက်
THE AIR CONDITIONER EXPERT

Heard Office : No. 153(D), Waizayandar Garden Housing, Waizayandar Road, Thingangyun Tsp, Yangon, Myanmar.
Tel : 95-1-8564352, 8564253, 578605, 457005500. E-mail:chrishovtm@gmail.com, URL : www.ch-aircon.com
Branch Office : Ma-13/15, Theik Pan Street, Between 57 & 58 St, Mandalay. Tel : 09-500 9036, 09-471 21582, 09-910 44737

Show Room သို့ လာရောက်ဝယ်ယူသော Customer များအတွက် 3 % Discount အပြင် Gree T- Shirt နှင့် ထီးလက်ဆောင် ကြိုက်နှစ်သက်ရာတစ်ခုကို မေတ္တာလက်ဆောင်ပေးနေပါသည်။


MSEC FPB YANGON STOCK EXCHANGE

## CAPITAL MARKET DEVELOPMENT IN MYANMAR

| | |
|---|---|
| 9:30~9:40 | Opening Speech by SECM |
| 9:40~10:00 | Key Note Speech by YSX |
| | *Yangon Stock Exchange: Opportunities and Challenges* |
| 10:00~10:30 | ***Capital Market Development*** by Daiwa Securities Co.,Ltd. |
| 10:30~11:00 | ***Performance Record of First Private Bank (1992-2017)*** by FPB |
| 11:00~11:20 | Coffee Break |
| 11:20~12:00 | Panel Discussion: U Htay Chun, U Yin Zaw Myo, Dr.Sein Maung |

- ရက်စွဲ - (၂၀-၅-၂၀၁၇) စနေနေ့
- အချိန် - နံနက်(၉း၀၀-၁၂း၀၀)
- နေရာ - ရန်ကုန်စတော့အိပ်ချိန်း(YSX)၊ (၂၄-၂၆)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် အောက်ဖော်ပြပါဆက်သွယ်ရန်လိပ်စာသို့ (၁၇-၅-၂၀၁၇) ရက်နေ့ နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ပါသည်။

◆ RSVP - Ph No. 095(1) 376822 (Ext-106, 107) 095(1) - 251747

"လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပြီး (အခမဲ့) တက်ရောက်နိုင်ပါသည်။"


အနန္တငါးပါး ဦးထိပ်ထား၍ စိန်ရွှေရတနာ ကုဋေကုဋာပွား၍ ပုဂ္ဂိုလ်အပေါင်းစောင့်ရှောက်ထား၍ ကန်ကော်လေးမှာ ပေါက်တာတဲ့အား

# ကန်ကော်လေး ထီဆိုင်

၁၂၃၊ မဟာဗန္ဓုလလမ်းနှင့်(၁၀)လမ်းထိပ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ Ph:01 222576, 09 73049804

ကြည့်စမ်း အားရစရာကောင်းလိုက်ပုံက ...ဝမ်းမြောက်စရာကောင်းလိုက်ပုံက...

တ အားမက်စရာ
ယနေ့ ထီလောကရဲ့ စံချိန်တင် ဆုကြေးငွေ

# 1,000,000,000/-

# သိန်းပေါင်းတစ်သောင်း

# သန်းပေါင်း တစ်ထောင်

# ၁ ဘီလီယံကို ရလို့ကတော့

ငွေဖြူတွေ တစ်လှေကြီး နှင့် လှူချင်သလိုလှူ၊ သုံးချင်သလိုသုံး၊
လိုရာဝယ်ခြမ်း ဘေးမသမ်း၊ ဘဝနောင်ရေး တကယ့်ကိုစိတ်အေးရပြီမို့
ရောက်ဖြစ်အောင်သာ ရောက်အောင်လာ... ပေးဖြစ်အောင်ကို ပေးလိုက်ချင်လို့ပါ

ကန်ကော်လေးရဲ့ချစ်ပရိသတ် ချမ်းသာဖို့သာ ပြင်ပေတော့

KONICA MINOLTA
Printing Solutions

မြန်မာပြည်မှ မိတ္တူဆိုင်များနှင့် ရုံးများအတွက်

# အထူးအစီအစဉ်



(၄)နှစ်ဆက်တိုက် အကောင်းဆုံး Copier ဆုရ

A4တစ်ရွက် မိတ္တူခ ၂ ကျပ်

ကမ္ဘာ့ဈေးအသက်သာဆုံးမိတ္တူစက်

bizhub 164
Multifunction Copier

For Reseller:
09 799 595 997
09 428 036 053



Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980 | 09 253 547 981

www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com


မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

# ကြော်ငြာ

STAR ACADEMY International Bakery & Pastry Course

ပြည်တွင်း၊ ပြည်ပ ဟိုတယ်ကြီးများနှင့် ကိုယ်ပိုင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် နိုင်ငံတကာမုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း



| | | | | |
|---|---|---|---|---|
| Breads | Puff | Pudding | Eclair | Soft Roll |
| Cakes | Danish | Jelly | Doughnut | Hard Roll |
| Cookies | Croissant | Cream Puff | Cheese Cake | Focaccia |

* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် (29.5.2017)
* လူဦးရေကန့်သတ်ထားပါသည်။

တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှီးမဘာက်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊

Star Resources Co.,Ltd ☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302.

နိုင်ငံတကာ အသိအမှတ်ပြုဖွံ့ဖြိုးမှု (၅) ရပ်ကို အခြေခံသည့် မူကြိုပညာရေး




အသက် ၂နှစ် မှ ၆ နှစ် အရွယ် ကလေးငယ်များ ဝင်ခွင့်စတင်လက်ခံနေပါပြီ

အလုပ်များသော မိဘများအတွက် NEW Extracurricular Activity(ECA)

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ(၃၄ ရပ်ကွက်) |
|---|---|---|---|---|
| 09262963774/ 5 | 01-530097, 09254148005 | 01-549590, 09254148006 | 09259822226/ 7 | 09259822220, 09420633337 |

အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်

GETC building a better future



10% OFF

CELEBRATING OUR 10th ANNIVERSARY 2007-2017

- Communicative English
- General English
- Business English
- IELTS

လစဉ်ကျောင်းအပ် လက်ခံနေပါပြီ

မြေနီကုန်း 01-537895, 09263337702 | တာမွေ 01-549590, 09254148006

ပညာပါရမီ (စီးပွားရေး စီမံခန့်ခွဲမှု သင်တန်း)

သင်တန်းကြေးအသက်သာဆုံး၊

သင်ကြားမှုအကောင်းဆုံး၊

လုပ်ငန်းတွင်း အသုံးဝင်ဆုံး

(ဖုန်း - ၀၉ ၉၇ ၁၃၅၀၀ ၁၀)

Certificate ပေးသော ဘာသာရပ်များ

- ✓ Business Management
- ✓ Human Resources Management
- ✓ Financial Accounting
- ✓ Project Management
- ✓ Sale & Marketing Management
- ✓ International Business Management
- ✓ Money, Banking & Finance

၂၅,၀၀၀ ကျပ်

လှိုင် - အမှတ် (၁၇)၊ (ပ) ထပ်၊ ပါရမီစိန်ဂေဟာရှေ့၊ ပါရမီလမ်းမကြီး၊ လှိုင်မြို့နယ်။

တာမွေ - အမှတ် (၆)၊ (၃) ထပ်၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေအဝိုင်းထိပ်မှတ်တိုင်၊ တာမွေမြို့နယ်။

နိုင်ဇော် Japan Tech: စတစ်ကာ 1Sqf 400K

လှည်းတန်းလူကူးတံတားရှေ့ 09254044529

စမ်းချောင်းမီးသတ်ရှေ့ 09253548800

အကောင်းကြိုက်သူများအတွက်

သန္တာ

စပါယ်ရှယ်ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာစမာတီ၊ ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကိုအိမ်အရောက်ပို့ပေးပါသည်။ ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။ (ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။

ရွှေဘိုပေါ် ဆန်းမွှေးရပြီ။

ဘုရင့်နောင်ပွဲရုံချက်နာစာတန်း၊ ဘုရင့်နောင်လမ်းမကြီး။

ဖုန်း-681209, 681504, 682934, 09 73249922

STANDARD your affordable quality

SG seong gong Eco laminate floor New Designs

တက်ဂိုတိုက်ရိုက် အထူးဈေးနှုန်း



8 mm- ၁ ကျင်း 85,000 Ks (ပစ္စည်းသီးသန့်)

အရည်အသွေးနှင့် ဈေးနှုန်းမျိုးစုံစွာ ရှိပါသည်

အမှတ် B1-012, မဉ္ဇူးအလ လမ်းမပေါ်၊ ယုဇန ပလာဇာ အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်

☎ 09 4555 444 30, 09 4555 444 03

iStock®

ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း /အရှုံးအမြတ်



Galaxy Software Co., Ltd. www.galaxy.com.mm

Contact Us ...

| | | | |
|---|---|---|---|
| Yangon | 09-254151516, 09-43029798 | Naypyitaw | 09-257333214, 09-974432762 |
| | 09-43064181 , 09-420909100 | Pathein | 09-455042499, 09-455042500 |
| Mandalay | 09-440067577, 09-978030881 | Taunggyi | 09-444200771, 09-444200772 |

MMK မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ

(ကာလာသွပ်၊ ပါလင်မျှားတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား ဝယ်ယူလိုသည့် တန်ချိန်အလိုက် အသင့်အသုံးပြုနိုင်သော ထုတ်လုပ်အပြီး ပစ္စည်းများအား လက်ကားဈေးနှုန်းများဖြင့် ရောင်းချ ပေးနေပါသည်။

| | | |
|---|---|---|
| ကာလာသွပ် 55% အလူမီ(ကာလာ ၅နှစ် အာမခံ) | (0.42, 0.44)mm | တစ်တန်-(13.30)သိန်း |
| Deck Sheet/ ပါလင်မျှားတန်း(Z 80 GI Coil) | (1.0, 1.2, 1.5, 2.0)mm | တစ်တန်-(9.00)သိန်း/(9.10)သိန်း |
| Steel Structure Fabrication - H-Beam / MS Plate | | တစ်တန်-(9.10)သိန်း/(11.50)သိန်း |

နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက်စက်ကြီးအုတ်-(83/ks)အထိုင်ဈေး

MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.

Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130

Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com

အာရှ(စတီးဘလိတ်ဓားသွားဆူးကြိုးဖြန့်ချိရေး)မှ

၁၀၀% သံချေးမတက်သည့်စတီးဘလိတ်ဓားသွားဆူးကြိုးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် နေ့ချင်းပြီး တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါသည်။

Ph: 09-552 9696, 09-862 9696

အမှတ်(၃၁/A)၊ သမိုင်းဘူတာရုံလမ်းမ၊ UAB ဘဏ်အနီး၊ မရမ်းကုန်းမြို့နယ်။

# ပြည်သူများ ငါးစားသုံးမှု ဖူလုံနိုင်ရေး ရေချိုငါးမွေးကန်များ စတင်တူးဖော်



မောင်တောခရိုင်အတွင်းရှိ ပထမဆုံးငါးသားဖောက်စခန်းတွင် မျိုးငါးများကို တွေ့ရစဉ်။

**မောင်တော မေ ၁၄**

မောင်တောခရိုင်အတွင်း ကျေးလက်နေပြည်သူများ ရေချိုငါးစားသုံးမှု ဖူလုံနိုင်ရေးအတွက် ယခုနှစ်အတွင်း ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ကျေးရွာငါးရွာတွင် ရေချိုငါးမွေးကန်များကို စတင်တူးဖော်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတာရှိပါတယ်။ အထူးသဖြင့် ဒီမောင်တောမှာ ရေငန်ပုစွန်ကို အဓိကမွေးမြူပါတယ်။ အခုတော့ ရေချိုငါးရှားတဲ့အတွက် ပြည်နယ်အစိုးရဘတ်ဂျက်ငွေနဲ့ ရေချိုငါးမွေးကန်တွေကို တစ်ရွာတစ်ဧကနှုန်း စတင်တူးဖော်နေပါပြီ။ မကြာမီ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ဒီမောင်တောဒေသမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မှာပါ။ ဒီမှာ ရေချိုငါးသားဖောက်စခန်း စတည်တာလည်း တစ်နှစ်ကျော်ကျော်သာရှိပေမယ့် အခုဆို တော်တော်လေးအောင်မြင်ပါတယ်။ တစ်ရွာတစ်ဧကနှုန်း စတင်မွေးမြူတဲ့အခါမှာ ကျွန်တော်တို့ ဌာနအနေနဲ့ ရေချိုငါးသားပေါက်တွေကို အခမဲ့ပေးမယ်။ နည်းပညာပေးမယ်။ ကျေးရွာတစ်ရွာမှာ အဲဒီငါးကန်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ပြည်သူငါးဦးကို သင်တန်းတွေပေးမယ်။ သူတို့ကတစ်ဆင့် ဆင့်ပွားသင်တန်း ပြန်လည်ပို့ချမယ်ဆိုရင် ဒီမောင်တောဒေသမှာ **စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❖**

# MPT, MECTel မိုဘိုင်းဖုန်းဖြင့် အငြိမ်းစားလစာများ ထုတ်ယူနိုင်

**နေပြည်တော် မေ ၁၄**

အငြိမ်းစားများ၏ အငြိမ်းစားလစာများကို MPT,MECTel Sim Card မိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်သည့် Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money(MMM)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အငြိမ်းစားများသည် မိုဘိုင်းဝန်ဆောင်မှုစနစ် ချိတ်ဆက်ထားပြီး ဘဏ်သို့ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့အကြိမ်ကြိမ်လာရောက်ရန်မလိုဘဲ ကိုယ်တိုင်အငြိမ်းစားလစာထုတ်ယူခြင်းဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစုအငြိမ်းစားလစာထုတ်ယူခြင်းဖြစ်ပါက သုံးလတစ်ကြိမ် လူတွေ့စစ်ဆေးခံကာ နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ် ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၆၂ ဘဏ်ရှိ Point of Sale(POS) စက်တွင် လည်းကောင်း(သို့မဟုတ်) MMM က ခန့်အပ်ထားသော ပြင်ပ အေးဂျင့်များရှိ POS စက်တွင်လည်းကောင်း လွယ်ကူအဆင်ပြေစွာ အငြိမ်းစားလစာ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရောဝတီ၊ ရန်ကုန်၊ ရတနာပုံ၊ ဟံသာဝတီနှင့် Southern တို့ အနိုင်ရ




မကွေးနှင့် ရောဝတီတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မေ ၁၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ အသင်းကြီးအများစု နိုင်ပွဲရယူနိုင်ခဲ့သည်။

**(သုဝဏ္ဏကွင်း)**
**ရောဝတီ - နှစ်ဂိုး**
**မကွေး - ဂိုးမရှိ**

ရှုံးပွဲကြုံတွေ့ခဲ့ရသည့် မကွေးအသင်းမှာ ဖိအားများသွားခဲ့ရပြီး ထိပ်ဆုံးလေးသင်း စာရင်းဝင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရောဝတီအသင်းသည် ဒုတိယအကျော့အဖွင့်ပွဲတွင် ရန်ကုန်အသင်းနှင့် သရေကျခဲ့ပြီး ယခုပွဲတွင်မူ မကွေးအသင်းကို အနိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ○**



